မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၉၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

၂၀၁၆ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပိုလန်သမ္မတနိုင်ငံသံအမတ်ကြီး၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဇီနွန် တူချီယတ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဇီနွန် တူချီယတ်က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ပျောက်ဆုံးလေယာဉ်၏ Black Box မှ အသံလှိုင်းများ ထောက်လှမ်းရရှိနိုင်ခြင်းမရှိ စာ » ၅

သမားတော်မဟုတ်သော သမားတော် ဆောင်းပါး စာ » ၆

မြန်မာ-JICA နားလည်မှု စာချွန်လွှာရေးထိုးရေးဆွေးနွေး စာ » ၁၀

သကြံန်ပိတ်ရက်ကုန်ဆုံးလာ၍ ကုန်အဝင်နည်း၊ ကြက်သွန်အဖြူ အနီ ဈေးမြင့်တက် စာ » ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂) နမ့်တစ် မိုင်းမောဒေသတို့တွင် သန်းခေါင်စာရင်းကောက်ယူ

နေပြည်တော် မေ ၈

ပြည်လုံးကျွတ်သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်း ကောက်ယူခြင်းလုပ်ငန်း၏ ၇ ရက်မြောက်နေ့ဖြစ်သည့် မေ ၅ ရက် နံနက်ပိုင်းတွင် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် ဥက္ကဋ္ဌ ဦးခင်ရီသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)နမ့်တစ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ "ဝ" သွေးစည်းညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးပေါက်ယူရိနှင့်အဖွဲ့အားတွေ့ဆုံကာ နမ့်တစ်ဒေသအတွင်း သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် "ဝ"သွေးစည်းညီညွတ်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးပေါက်ယူရိက အခုအကြိမ် ဒီဒေသမှာ သန်းခေါင်စာရင်းကောက်ယူတာမှာ အားလုံးအောင်မြင်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ နောက်နောင်လည်း အခုလိုမျိုး ပူးပေါင်းပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ဆက်ဆံဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်ဟု ပြောကြားခဲ့သည်။

အလားတူ "ဝ" တပ်မဟာ(၄၁၈)မှ တပ်မဟာမှူး အားချန်ကလည်း ကျွန်တော်တို့ တပ်မထဲမှာလည်း စာရင်းကောက်ခံပြီးသွားပါပြီ။ အားလုံးအဆင်ပြေပါတယ်။ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ စာရင်းလာကောက်ပေးတဲ့ ညီအစ်ကိုတွေကိုလည်း အများကြီးကျေးဇူးတင်ပါတယ်ဟု ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နမ့်တစ်မြို့အမှတ်(၁)ရပ်ကွက်၌ စာရင်းကောက်ဆရာမများက ဒေသခံပြည်သူများ၏ နေအိမ်၌ သန်းခေါင်စာရင်း မေးခွန်းများမေးမြန်း

စာမျက်နှာ ၉ ကော်လံ ၁ ❖

ကိုယ့်လူမျိုးလည်းဟုတ်တယ်၊ ကိုယ့်တိုင်းပြည်လည်းဟုတ်တဲ့အတွက် ကျွန်မတို့ များစွာစိတ်အားထက်သန်စွာနဲ့ လုပ်ဆောင်ပါတယ်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲ ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပပြီးစီး တစ်ခုတည်းသောသဘောတူညီချက် (Single Text) (ပထမမူကြမ်း)ကို သဘောတူညီခဲ့ပြီး မေ ပထမအပတ်တွင် ထပ်မံတွေ့ဆုံဆွေးနွေးမည်

စာမျက်နှာ » ၈

မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာရေကစားနိုင်ရေးအတွက် နေပြည်တော်တွင် မဏ္ဍပ်ကြီးများကို အခိုင်အခံ့ဆောက်လုပ်လျက်ရှိရာ ပြီးစီးရပ်လုံးပေါ်နေပြီကို မေ ၈ ရက်က တွေ့မြင်ရစဉ်။

အောင်နိုင်(သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စကားအတတ်ပညာ

လူသားတို့သည် အသိဉာဏ်မြင့်မားသူများဖြစ်ပင်ဖြစ်ငြားသော်လည်း စကားကိုမှန်ကန် တည်ကြည်စွာ ပြောတတ်သူကား အတော်ပင်ရှား၏။ စကားပြောဆိုသည့် အတတ်ပညာတစ်ခုပင်ဖြစ်၏။ စကားကို အပိုအလိုမရှိ အဆင်ပြေအောင်ပြောဆိုတတ်ခြင်းသည် အတတ်ပညာတစ်ခုပင်ဖြစ်၏။ စကားပြောဆိုခြင်းအတတ်ပညာ ကောင်းစွာအသုံးချနိုင်ခြင်းဖြင့် ကြီးပွားတိုးတက်ခြင်းကိုဆောင်နိုင်၏။ စကားပြောဆိုခြင်းသည် လူတစ်ဦးအတွက်ရော လူ့အဖွဲ့အစည်းအတွက်ပါ အရေးကြီး၏။

စကားတစ်ခွန်းကြောင့် တိုးတက်နိုင်၏။ ကြီးပွားနိုင်၏။ ဆင်းလည်းဆင်းရဲနိုင်၏။ စကားတစ်ခွန်းအမှားကြောင့် ဒုက္ခလည်း ရောက်နိုင်၏။ စကားကိုကောင်းစွာ ပြောဆိုတတ်သူတို့မှာကား အရာရာ အဆင်ပြေချောမွေ့တတ်၏။ စကားကို အဆင်ပြေအောင် ပြောတတ်ရန်လွန်စွာအရေးကြီး၏။ လောဘကြီးသောသူသည် စကားကိုအပိုပြောတတ်၏။ မိမိအလိုရှိသောအရာကို မရအရယူလို၍ စကားကို အပိုအလိုပြောတတ်၏။ မမှန်မကန်ဆိုတတ်၏။

ဒေါသကြီးသူမှာကား ထိုသို့မဟုတ်။ စကားကို တိုတိုတုတ်တုတ်ပြောတတ်၏။ စကားကိုဒေါသနှင့် တိုတိုပြတ်ပြတ်ပြောဆိုခြင်းမှာလည်း မကောင်းပါ။ အများနှင့်ဆက်ဆံရေးအဆင်မပြေဖြစ်တတ်၏။ မောဟကြီးသူသည် စကားကိုအပ်ကြောင်းထပ်အောင် ပြောတတ်၏။ အပ်ကြောင်းထပ်စကားများကို လူအများမနှစ်သက်ကြပါ။ အဆင်မပြေဖြစ်တတ်ပါသည်။ ထို့အတူ မာနကြီးသူသည် စကားကိုမောက်မာ စွာပြောဆိုတတ်၏။ ရာထူးဂုဏ်၊ စည်းစိမ်ဂုဏ်မောက်ပြီး စကားကိုအပေါ်စီးကပြောတတ်ကြ၏။ ဂုဏ်မာန်တက်ပြီး မဆင်မခြင်ပြောဆိုခြင်းမှာ လူအများမနှစ်သက်ပါ။ လူအများ၏ အမုန်းကိုခံရတတ်၏။

ထို့ကြောင့် ညောင်ပင်သာဦးပုည(မြန်မာသက္ကရာဇ် ၁၁၉၀-၁၂၆၁)က ''တံတားအို၊ မှောင်ကို မလျှောက်နှင့်၊ စကားဆိုတောင်လို မမောက်နှင့်၊ တံတားအို မှောင်ကိုလျှောက်က ကျိုးတတ်သည်။ စကားဆိုတောင်လိုမောက်က ညိုးတတ်သည်'' ဟူ၍ ဆုံးမစကားထားခဲ့လေသည်။

မှန်ပေ၏။ အချို့မှာ စကားကြီးစကားကျယ်ပြောတတ်လွန်း၍ အများနှင့်ဆက်ဆံရေးအဆင်မပြေဖြစ်ကာ နောက်ဆုံးပြောဆိုဆက်ဆံမည့်သူမရှိဘဲ ညှိုးငယ်စွာနေရတတ်၏။ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတစွာပြောဆိုခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟတို့ကို အခြေမခံဘဲ အပိုအလိုမရှိ ရိုးသားဖြောင့်မတ် တည်ကြည်စွာပြောဆိုခြင်းသည် အကောင်းဆုံးဖြစ်၏။ သို့သော် ထိုကဲ့သို့ ပြောဆိုတတ်သူမှာ အလွန်ပင်ရှား၏။ လောဘအလိုအရ အပိုပြောသူများသာများ၏။

တချို့က ''ငါ့စကားနွားရ''ဆိုသည့်အတိုင်း ကိုယ်ထင်ရာတစ်ဖက်သတ် အမြဲပြောဆိုသူများလည်း ရှိသေးသည်။ ထိုသို့ပြောဆိုခြင်းမှာ အဆိုးရွားဆုံးဖြစ်၏။ တစ်ပါးသူလက်ခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ ကိုယ်ပြောသောစကားကိုသာ အဟုတ်အမှန်ထင်မှတ်ပြီး ပြောဆိုခြင်းမှာလည်း ဆက်ဆံရေးထိခိုက်နိုင်ပါသည်။ သို့ပါ၍ စကားပြောဆိုရာတွင် တစ်ဖက်သားနားဝင်အောင် ပြောတတ်ဖို့လိုသည်။ စကားကို အပိုအလိုမရှိ ရိုးသားဖြောင့်မတ်စွာပြောဖို့လည်းလိုပါသည်။ အထူးသဖြင့် မောက်မာစွာပြောဆိုခြင်းကို ရှောင်ကြဉ်သင့်၏။ စကားအတတ်ပညာကို မှန်မှန်ကန်ကန် အသုံးချပြောဆိုတတ်ခြင်းဖြင့် ကြီးပွားတိုးတက်ခြင်း အကြောင်းတရားကို ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။ ။

သတိပေးနှိုးဆော်ချက်

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ လုပ်ငန်းခွင်သုံးယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား ရာဇသင်္ဂဟလမ်း ရွှေကြာပင်လမ်းဆုံ(ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှူးရုံး)မှ အမရဟိုတယ် လမ်းဆုံအထိ လမ်းလွှဲလမ်းပိတ်ဆောင်ရွက်ထားရှိပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ နေပြည်တော်

ပြည်တွင်းသတင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဘေးအန္တရာယ်ကင်းရှင်းရေးမှာကြား

ရန်ကုန် မေ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် မေ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြန်မာနိုင်ငံ၏အဓိက လေကြောင်း ဝင်/ထွက်ပေါက်ဖြစ်သဖြင့် နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ လုံခြုံရေး စသည်တို့ ပေါင်းဆုံသောနေရာအဖြစ် ရှုမြင်နိုင်ပါကြောင်း၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း/ ပြည်ပလေကြောင်းလိုင်းများနှင့် ဆက်စပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများဖြင့် ၂၄ နာရီ လည်ပတ်လုပ်ကိုင်နေကြရာတွင် အဓိကမှာ ခရီးသည်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုအရ ခရီးသည်များ ဝင်/ထွက်သွားလာမှုသည် တစ်နှစ်ထက်တစ်နှစ် သိသာထင်ရှားစွာ တိုးတက်များပြားလာခဲ့ကြောင်း၊ နိုင်ငံတကာ လေကြောင်းလိုင်းအရေအတွက် တိုးတက်လာသကဲ့သို့ ပြည်တွင်း မြန်မာနိုင်ငံလေကြောင်းလိုင်းများလည်း တိုးချဲ့ဆောင်ရွက်လာနိုင်ခဲ့ကြောင်း၊ နောင်ကာလများတွင်လည်း ယခုထက်ပိုမိုတိုးချဲ့များပြားလာမည်ကို ခန့်မှန်းတွက်ချက်ပြီး လေဆိပ်များ အဆင့်မြှင့်တင်ရေး စီမံကိန်းများလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တစ်ဖက်က စီးပွားရေး ဦးစားပေးဆောင်ရွက်သကဲ့သို့ တစ်ဖက်မှ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကို ထိရောက်စွာ အလေးအနက်ထားဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ လေဆိပ်အတွင်း ဆင်းသက်လာသော လေယာဉ်များ ဆိုက်ကပ်ရပ်နားချိန်အတွင်း လိုအပ်သော မြေပြင်ဝန်ဆောင်မှုများဖြစ်သည့် ရပ်နားနေရာအဆင်ပြေစေရေး၊ ခရီးသည်/ကုန်တင်ချမှု၊ လေယာဉ်ဆီဖြည့်တင်းရေး၊ အစားအသောက် ဖြည့်ဆည်းရေး၊ သန့်ရှင်းရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ကြသည့် အဖွဲ့အစည်းအားလုံးက ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး၊ လုပ်ငန်းများ စနစ်တကျသွက်လက်မြန်ဆန်ရေးအတွက် တက်ညီလက်ညီ ကဏ္ဍအလိုက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အတူ ထူးခြားဖြစ်စဉ် အရေးပေါ်ကိစ္စရပ်များ ကြုံတွေ့လာလျှင် မိမိတာဝန်ယူရသောအပိုင်းအလိုက် ပီပြင်နိုင်နင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ရေးဆွဲသတ်မှတ်ထားသော လေဆိပ်အရေးပေါ်စီမံချက်များအတိုင်း ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ရုပ်ဝတ္ထုပစ္စည်းပိုင်း၊ လူအင်အားပိုင်း ဖြည့်ဆည်းရန်လိုအပ်ပါက သက်ဆိုင်ရာ အထက်ဌာနများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် လက်တွေ့မြေပြင်တွင် လုပ်ကိုင်ဆောင်ရွက်နေရသော အဖွဲ့အစည်းအသီးသီးမှ ကြုံတွေ့နေရသော အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြီးခဲ့သောလတွင် Air China လေယာဉ်ဆီ ဖြည့်တင်းစဉ် မတော်တဆဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် နှစ်ပတ်လည်ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၈

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားညစာစားပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော သားသမီးများအား ဂုဏ်ပြုပွဲကို မေ ၅ ရက် ည ၇ နာရီက ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမရှိ Lion City ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်လှိုင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် မြန်မာ့စက်မှုသိပ္ပံ မန်နေဂျင်းဒါရိုက်တာ ကပ္ပတိန်ကိုကိုထူးနှင့် ဇနီးဒေါ်စန္ဒာအောင်တို့က အလှူငွေကျပ် ၇၃၉၀၀၀၀ကိုပေးအပ်ရာ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ကပ္ပတိန်ထွတ်ထွတ်က လက်ခံယူခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်မှ ချီးမြှင့်သည့် သုဓမ္မဇောတဓဇဘွဲ့ရ ဒေါက်တာရဲအောင်အား အဖွဲ့ချုပ်က ထပ်ဆင့်ဂုဏ်ပြုလွှာကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ကပ္ပတိန်စံသိန်းက ပေးအပ်ခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဓမ္မာရုံတည်ဆောက်ရေးအတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ ကို အထွေထွေအတွင်းရေးမှူး ကပ္ပတိန်ထွတ်ထွတ်က ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်သို့ ပေးအပ်ခဲ့သည်။

ဂုဏ်ပြုဆုချီးမြှင့်

တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦးတို့အား အလုပ်အမှုဆောင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ပြီး ဆုရကျောင်းသားမောင်ဆုမင်းထက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး သတင်းပိုင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားရေးဆွေးနွေး

ရန်ကုန် ဧပြီ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား BBC မှ Director General Lord Tony Hall နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး BBC မှ Director General Lord Tony Hall နှင့်အတူ Director of News Mr. James Harding၊ Country Director Mr. Ed Pauker နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် BBC တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းပိုင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားရေး၊ Democratic Governance အတွက် ရည်စူး၍ ရုပ်သံအစီအစဉ်နှင့် ပညာပေးအစီအစဉ်များ ပူးပေါင်းထုတ်လုပ်ရေး၊ အများပြည်သူ ဝန်ဆောင်မှုမီဒီယာ (Public Service Media-PSM) နှင့်အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြား(Public Service Broadcasting-PSB) ကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်များနှင့် BBC(London)၏ လုပ်ငန်းဆောင်ရွက်မှုများကို ကိုယ်စားလှယ်အဖွဲ့ စေလွှတ်၍ လေ့လာရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အာရှပစိဖိတ်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ အမှုဆောင်အတွင်းရေးမှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၈

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား အာရှပစိဖိတ်ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(APG) အမှုဆောင် အတွင်းရေးမှူးဖြစ်သူ Mr.Gordon Hook သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အာရှပစိဖိတ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ အမှုဆောင်အတွင်းရေးမှူးဖြစ်သူ Mr. Gordon Hook တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း ငွေဆောင်/ချောင်းသာဟိုတယ်ဇုန် စစ်ဆေး

ရန်ကုန် ဧပြီ ၈

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းသည် ဧပြီ ၆ ရက်တွင် ငွေဆောင်ဟိုတယ်ဇုန်နှင့် ဧပြီ ၇ ရက်တွင် ချောင်းသာဟိုတယ်ဇုန် တို့သို့သွားရောက်၍ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်နှင့် မန်နေဂျာများ အားတွေ့ဆုံကာ ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ/ပုဂ္ဂလိကနှင့် ပြည်သူများ က တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရေးမှာကြားပြီး ဟိုတယ်ဇုန် အလိုက် ဟိုတယ်များ၏ဧည့် ဝန်ဆောင်မှုလုပ်ငန်းများကို လိုက်လံစစ်ဆေးခဲ့သည်။

ငွေဆောင်ဟိုတယ်ဇုန်တွင် လက်ရှိ ဟိုတယ် ၂၃ လုံး၊ အခန်း ၁၂၆၄ ခန်း၊ ချောင်းသာဟိုတယ်ဇုန်တွင် လက်ရှိ ဟိုတယ် အလုံး ၂၀၊ အခန်း ၇၈၀ ကျော် လိုင်စင်ရယူဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းပြည်ပခရီးသည် ၂၀၁၃ ခုနှစ် တစ်နှစ်လုံးတွင်ငွေဆောင် ၌ ၃၉၇၀၀ ကျော်၊ ချောင်းသာကမ်းခြေ ၌ နှစ်သိန်းကျော်ပမာဏ ဝင်ရောက်ခဲ့ကြောင်းနှင့် နိုင်ငံခြားခရီးသွားများ လုံခြုံရေးအတွက် Tourist Police တပ်ဖွဲ့များ တာဝန်ပေးအပ်မှုဖြင့် ဟိုတယ်နှင့် ခရီးသွားရုံးခွဲများနှင့် ပူးပေါင်းကာ နိုင်ငံခြားသားများ လိုအပ်ချက်ကို ကူညီဖြည့်ဆည်း ပေးနိုင်နေပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တပ်မတော်၏လုံခြုံရေးအစောင့်အရှောက်ဖြင့် သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသောကျေးရွာများသို့ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

နေပြည်တော် ဧပြီ ၈

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရန် ခက်ခဲလျက်ရှိသော ကချင်ပြည်နယ် နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ရှိ ဒေသအချို့၌ တပ်မတော်မှလုံခြုံရေးအစောင့်အရှောက်များ အကူအညီပေး၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် အတွင်းရှိ ကျေးရွာ ၃၅ ရွာမှ ဒေသခံပြည်သူ ၁၇၂၄၆ ဦး၊ဒေါ့ဖုန်းယန်မြို့နယ်ခွဲအတွင်းရှိ ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူ ၁၇၄ ဦး၊ နောင်စွမ်းမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ ၆၁၁ ဦး၊ ပန်ခမ်းမြို့နယ်အတွင်း ကျေးရွာငါးရွာမှ ဒေသခံပြည်သူ ၅၁၈ ဦး၊ မိုးမိတ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ ၈၁၅ ဦး စုစုပေါင်း ၁၉၃၆၄ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ ၉၁၄ ဦး၊ မန်တုံမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူ ၂၂၃ ဦး၊ နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ ဒေသခံပြည်သူ ၈၄ ဦး စုစုပေါင်းဒေသခံပြည်သူ ၁၂၂၁ ဦး စုစုပေါင်းဒေသခံပြည်သူ ၂၀၅၈၅ ဦးအား လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခဲ့သည်။

အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲလျက်ရှိသော ဒေသများတွင် ဧပြီ ၃ ရက်မှ ယနေ့အထိ ဒေသခံပြည်သူ ၅၀၉၁၈ ဦးအား တပ်မတော်၏လုံခြုံရေးအကူအညီရယူ၍ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူခဲ့ကြောင်းနှင့် ၎င်းဒေသအတွင်းရှိ ကျန်ရှိနေသေးသော ကျေးရွာများအားလည်း ဆက်လက်ကောက်ခံသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်တွင်းသတင်း

ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသော ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာနများတွင် ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ ပထမလတ်/ပထမကြီးစာရင်းသွင်း သံဃာ/သီလရှင် ၃၃၈၅၄ ပါးအနက် ၂၆၉၇၉ ပါး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

✷ *ကျောဖုံးမှ*

ထို့နောက် Jardine Matheson Presentation သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား Jarding Matheson ကုမ္ပဏီမှ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဧပြီ ၈ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့အား တည်းခိုရာ Renaissance Hotel ၌ Mitsui Banking Corporation ဒုတိယဥက္ကဋ္ဌ Mr.Hinoshi Minoura နှင့်အဖွဲ့မှလာရောက်တွေ့ဆုံပြီး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဟောင်ကောင်မြို့ပြ တည်ဆောက်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင်ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ထွက်ခွာရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသကောင်စစ်ဝန်ချုပ် ဦးဝေလွင်သန်းနှင့် ကောင်စစ်ဝန်ချုပ်ရုံးမှတာဝန်ရှိသူများက ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း နတ်တလင်းမြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူမှုများ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၈

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုများအား ယခုနှစ် မတ် ၃၀ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်တည်း ကောက်ယူလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းသည် ဧပြီ ၇ ရက်တွင် နတ်တလင်းမြို့နယ်သို့ ရောက်ရှိပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ စာရင်းစစ်၊ စာရင်းကောက်များအားတွေ့ဆုံ၍ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ရလဒ်ကောင်းများနှင့် မေးခွန်းများအား ဖြေကြားခြင်းဖြင့် နိုင်ငံအကျိုး/ပြည်သူအကျိုးတို့အား မိမိတို့၏ဝန်ကြီးဌာနနှင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရေး တို့အား ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းသည် နတ်တလင်းမြို့နယ် ဒမငယ်ကျေးရွာနှင့် ပေါက်တုန်းကျေးရွာတို့တွင် စာရင်းကောက်များက ပြည်သူများအား သန်းခေါင်စာရင်းမေးခွန်းများ မေးမြန်း၍ ပြန်လည်ဖြေကြားချက်များအား သန်းခေါင်စာရင်းမေးခွန်းပုံစံတွင် ဖြည့်သွင်းနေမှုများအား ကြည့်ရှုအားပေးသည်။

နတ်တလင်းမြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၇၈ အုပ်စုအတွက် ကောက်ကွက်ပေါင်း ၃၃၁ ကွက်နှင့် အဖွဲ့အစည်း ကောက်ကွက်တစ်ကွက် ဖွဲ့စည်းထားရှိပြီး စာရင်းစစ် ၁၁၉ ဦး၊ စာရင်းကောက် ၃၇၆ ဦးနှင့် ကွပ်ကဲရေးရုံး ၈၈ ရုံး ဖွင့်လှစ်ထားရှိပြီး ဧပြီ ၆ ရက်အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးစီးမှုမှာ ၈၈ ဒသမ ၂၆ ရာခိုင်နှုန်း ကောက်ယူပြီးစီးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph: 209077. 209388. 09-73167000. 09-73168000

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့်ချလန်ရုံးများကို နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော ၂၀၁၄ ခုနှစ် ဧပြီ ၁၂ ရက်မှ ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက်အထိ ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

CLAIMS DAY NOTICE
M.V SEA CORAL VOY:No(V.57)

Consignees of cargo carried by M.V SEA CORAL Voy: No. (V.57) are here by notified that the vessel will arrive on about 11-04-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိ လိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နိုင်ငံတကာသတင်း

အာဖဂန်နိုင်ငံ၌ ဘတ်စ်ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်မှုဖြစ်ပွား

ကဘူးလ် မေ ၈

အာဖဂန်တောင်ပိုင်း ကဘူးလ် ပြည်နယ်၌ အင်္ဂါနေ့က ဘတ်စ်ကား နှစ်စီး ခေါင်းချင်းဆိုင်တိုက်မိရာမှ ၁၆ ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

အမျိုးသမီးတစ်ဦး အပါအဝင် ဒဏ်ရာရရှိထားသူများအား ပြည်နယ်ဆေးရုံသို့ တင်ပို့ထားသည်ဟု ဆိုသည်။

တာဝန်ရှိသူများအဆိုအရ ယာဉ်မောင်းဖြစ်သူ၏ မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်မှုကြောင့် ယင်းကဲ့သို့ သွေးထွက်သံယို ယာဉ်တိုက်မှုဖြစ်ရသည်ဟု သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အဆိုပါကဲ့သို့ ဖြစ်ပွားသော ယာဉ်မတော်တဆမှုများသည် အမြန်လမ်းများ၊ ယာဉ်ကြောရှုပ်ထွေးရာ နေရာများတွင် မဆင်မခြင်မောင်းနှင်မှုကြောင့် အဓိက ဖြစ်ကြရခြင်းဖြစ်သည်။

(ဆင်ဟွာ)



ဗင်နီဇွဲလားသမ္မတမာဒူရို အတိုက်အခံနှင့်တွေ့ဆုံမည်

ကာရာကာ့စ် မေ ၈

လမ်းပေါ်ထွက်ဆန္ဒပြမှုကြောင့် လူပေါင်း ၃၉ ဦး သေဆုံးပြီးနောက် ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုက အတိုက်အခံခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါတွေ့ဆုံပွဲကို နိုင်ငံခြားရေးဝန်ကြီးများနှင့် ဖွဲ့စည်းထားသော တောင်အမေရိကဒေသဆိုင်ရာအဖွဲ့ ယူနာဆာက တင်ပြခဲ့ခြင်းဖြစ်သည်။ အဆိုပါ နိုင်ငံခြားရေးဝန်ကြီးများသည် မြို့တော်ကာရာကာ့စ်၌ ရောက်ရှိနေကြသည်။ ၎င်းတို့သည် အကြမ်းဖက်မှုများ အဆုံးသတ်ရန် ရည်ရွယ်ထားသည်။

လွန်ခဲ့သောနှစ်က ဗင်နီဇွဲလားနိုင်ငံ၌ မငြိမ်မသက်မှုများ စတင်ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်မှုနှင့် ငွေကြေးဖောင်းပွမှု၊ စားနပ်ရိက္ခာများ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။ အဆိုပါ ယူနာဆာကော်မရှင်သည် မတ်လကုန်ပိုင်းက ဗင်နီဇွဲလားနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန် အဆိုပြုတင်ပြခဲ့သည်။

ဘရာဇီး၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဘိုလီးဗီးယားနှင့် အခြားနိုင်ငံများမှ ထိပ်တန်းသံတမန်များနှင့် ဆွေးနွေးအပြီး မစ္စတာမာဒူရိုကသူ့အနေဖြင့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားလိုက်သည်။ အတိုက်အခံခေါင်းဆောင် ကာပရီလက်ကလည်း အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အစိုးရနှင့် အတိုက်အခံထောက်ခံသူများအကြား အကြမ်းဖက်မှုကြောင့် လူပေါင်း ၃၉ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

(ဘီဘီစီ)

ထိုင်ဝမ်ပါလီမန်အား သိမ်းပိုက်ထားသော ကျောင်းသားများ ပြန်လည်ဆုတ်ခွာမည်

ထိုင်ဝမ် မေ ၈

တရုတ်နှင့် ကုန်သွယ်မှုသဘောတူစာချုပ်အား ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ထိုင်ဝမ်ပါလီမန်အား သိမ်းပိုက်ထားသော ထိုင်ဝမ်ကျောင်းသားများက ယခုအခါ ၎င်းတို့၏ ပါလီမန်သိမ်းပိုက်မှုအား ဆုတ်ခွာပေးတော့မည်ဟု သိရသည်။

ထိုင်ဝမ်ကျောင်းသားများသည် ဥပဒေပြုလွှတ်တော်အား မတ်လလယ်ကတည်းကစကာ သိမ်းပိုက်ထားခြင်းဖြစ်ပြီး ကြာသပတေးနေ့တွင် နေရာမှ ဆုတ်ခွာပေးမည်ဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

ထိုင်ဝမ်ကျောင်းသားတို့သည် ပေကျင်းနှင့် ထိုင်ဝမ်ကုန်သွယ်ရေးသဘောတူညီမှုစာချုပ်အား ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး ၎င်းတို့အဆိုအရ ယင်းသဘောတူညီမှုကြောင့် ထိုင်ဝမ်စီးပွားရေးကို အထိနာစေနိုင်ပြီး အင်အားကြီးတရုတ်က ထိုင်ဝမ်အပေါ် စိုးမိုးစေမည်ဟု ဆိုကြသည်။ ၎င်းကျောင်းသားများသည် ပါလီမန်ဥက္ကဋ္ဌ Wang Jin-pyng နှင့် ဆွေးနွေးမှုပြုပြီး ပါလီမန်မှ ထွက်ခွာပေးရန် သဘောတူထားပြီးဖြစ်သည်။ ဆန္ဒပြသူ ခေါင်းဆောင် Chen Wei-ting က ကျောင်းသားများအနေဖြင့် လာမည့် ကြာသပတေးနေ့ ဒေသစံတော်ချိန် ၁၀ နာရီတွင် ထွက်ခွာပေးမည်ဖြစ်ကြောင်း ဆိုသည်။

ယခုအကြိမ် ဆန္ဒပြမှုသည် နှစ်များစွာအတွင်း ထိုင်ဝမ်ကျွန်းဆွယ်၌ အကြီးဆုံး ဆန္ဒပြမှုဖြစ်သည်။ အစိုးရရုံးဌာနချုပ်များအား အခြားဆန္ဒပြသူအုပ်စုများက အခိုင်အမာနေရာစွဲထားခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင်များနှင့်ပဋိပက္ခ ဖြစ်လျက်ရှိသည်။

(ဘီဘီစီ)

ကနေဒါလူသတ်တရားခံအား အင်တာနက်ကင်မရာမှ မျက်မြင်တွေ့ရှိသူက ဖော်ထုတ်

တိုရွန်တို မေ ၈

တရုတ်ကျောင်းသူတစ်ဦးကိုသတ်မှုနှင့် စွဲချက်တင်ထားသော တိုရွန်တိုမှ အမျိုးသားတစ်ဦးအား သူမ၏ ရည်းစားဖြစ်သူက အင်တာနက်ကင်မရာ Webcam မှတစ်ဆင့် မျက်မြင်တွေ့ရှိပြီးနောက် လူသတ်တရားခံအဖြစ် ဖော်ထုတ်နိုင်ခဲ့သည်။

အသက် ၃၂ နှစ်ရှိ ဘရိုင်ယန်ဒစ်ဆင်၏ ရှေ့နေများက အသက် ၂၃ နှစ်ရှိ နယူးယောက်ကျောင်းသူ ကျန်လူအား သတ်ရန်မဖြစ်နိုင်ကြောင်း ငြင်းဆိုထားခဲ့သည်။

ကျန်လူသည် ၂၀၁၁ ခုနှစ် ဧပြီလ ၁၅ ရက်က သေဆုံးခဲ့သည်။ ၎င်းသည် အင်တာနက်တွင် Chatting ပြောနေစဉ်အတွင်း Webcam ရိုက်ကူးထားရာ တိုက်ခိုက်သူက ၎င်းအားတိုက်ခိုက်စဉ် ကင်မရာမှတစ်ဆင့် သူမ၏ရည်းစားဖြစ်သူက မျက်မြင်တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးတွေ့ရှိပြီးနောက် ဒစ်ဆင်အား တရားသူကြီးအနီး မော်လွိုင်းက ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ကြောင်း သိရသည်။

လူနှင့်တရုတ်နိုင်ငံရှိ ၎င်း၏ ရည်းစားဖြစ်သူတို့သည် ၂၀၁၁ ခုနှစ် ဧပြီ ၁၅ ရက်က Webcam ပေါ်တွင် Chatting ပြောနေကြစဉ် အမျိုးသားတစ်ဦးက လူ၏ အခန်းကိုတံခါးခေါက်ဝင်လာပြီး ဖုန်းအသုံးပြုခွင့်ပေးရန် တောင်းဆိုခဲ့သည်ဟု ဆိုသည်။ သူမသည် အခန်းအတွင်းမှထွက်သွားရန် ကြိုးစားစဉ် မိနစ်အတန်ကြာ ရှန်းရင်းဆန်ခတ်ဖြစ်ပွားနေသည်ကို လူ၏ ရည်းစားဖြစ်သူက Chatting မှတစ်ဆင့် စောင့်ကြည့်နေခဲ့သည်ဟု ဆိုသည်။ နောက်တစ်နေ့တွင် သူမသည် သေဆုံးလျက်တွေ့ရသည်ဟု ဆိုသည်။ ဒစ်ဆင်သည် အသတ်ခံရသူအမျိုးသမီးနှင့် အဆောက်အအုံတစ်ခုတည်း၌ နေထိုင်သူဖြစ်ပြီး ထိုသူမှာ ယော့ခ်တက္ကသိုလ် ပရိဝုဏ်အနီး၌ နေထိုင်သူဖြစ်သည်ဟု ဆိုသည်။

(ဘီဘီစီ)

ရုရှားလိုလားသူ သူပုန်များက ယူကရိန်းမြို့ကြီးသုံးမြို့ကိုသိမ်းပိုက် အလွန်အမင်းစိုးရိမ်မိကြောင်း အမေရိကန်က မော်စကိုအားသတိပေး

ဝါရှင်တန် မေ ၈

ရုရှားလိုလားသူများက ယူကရိန်းမြို့ကြီးသုံးမြို့ရှိ အစိုးရအဆောက်အအုံများကို သိမ်းထားပြီးနောက် ယူကရိန်းအရှေ့ပိုင်းတွင် တင်းမာမှုဖြစ်လာသည့်အပေါ် အလွန်ပင်စိုးရိမ်မိကြောင်း အမေရိကန်က သတိပေးပြောကြားလိုက်သည်။

ရုရှားအနေဖြင့် ယူကရိန်းနိုင်ငံအတွင်း တည်ငြိမ်မှုပျက်ပြားအောင် မလုပ်သင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်အား ဖုန်းဆက်သတိပေးပြောကြားလိုက်သည်။

ယင်းတို့သည် လာမည့် ၁၀ ရက်အတွင်း တိုက်ရိုက်ဆွေးနွေးရန်ကိစ္စနှင့် ပတ်သက်ပြီးလည်း ဆွေးနွေးခဲ့ကြသည်။

ယူကရိန်းမှ ရုရှားတို့က ဒိုးနက်၊ လူဟန့်နှင့် ခါကိဗ်မြို့များရှိ အစိုးရအဆောက်အအုံများကို ဝင်သိမ်းပြီးနောက် လုံခြုံရေးတပ်များ စေလွှတ်ခဲ့သည်။

ဒိုးနက်မြို့ဒေသဆိုင်ရာ အစိုးရအဆောက်အအုံများကို ဝင်သိမ်းထားသော သူပုန်များက မေ ၁၁ ရက်တွင် လူထုဆန္ဒခံယူပွဲလုပ်ရန် တိုက်တွန်းဆော်ဩလိုက်သည်။ ရုရှားက မကြာမီကာလကပင် ယူကရိန်း ခရိုင်းမီးယားကျွန်းဆွယ်ကို သိမ်းပိုက်ခဲ့သည်။ ယင်းဒေသ၌ ရုရှားလူမျိုးအများဆုံးနေထိုင်ပြီး ရုရှားနှင့် ပေါင်းစည်းရေး လူထုဆန္ဒခံယူပွဲပြု လုပ်ခဲ့ကြသည်။ ယင်းကို ယူကရိန်းနှင့် အနောက်အုပ်စုက တရားမဝင်ကြောင်း ပြောကြားလျက်ရှိသည်။

မော်စကိုက ယူကရိန်းအရှေ့ပိုင်းနယ်စပ်တစ်လျှောက် တပ်များ အလုံးအရင်းဖြင့် ဖြန့်ကြက်ထားသည်။ သို့သော်လည်း ရုရှားက ယူကရိန်းကို ကျူးကျော်မည် မဟုတ်ကြောင်း အခိုင်အမာ ပြောဆိုလျက်ရှိသည်။ ၎င်းတို့က ယူကရိန်းနိုင်ငံရှိ ရုရှားနိုင်ငံသားများကို ကာကွယ်ရန် အခွင့်အလမ်းရှိသည်ဟု ဆိုသည်။

ရုရှားက မော်စကိုကို လိုလားသော သမ္မတဗစ်တာယာနူကိုဗစ်ချ်အား ဖေဖော်ဝါရီလက ဖြုတ်ချပြီးနောက် တာဝန်ယူသော အစိုးရသစ်ကို အသိအမှတ်ပြုရန် ငြင်းဆိုလျက်ရှိသည်။

(ဘီဘီစီ)

ဂျပန်နှင့်ဩစတြေးလျ ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး

ကျိုတို မေ ၈

ဂျပန်နှင့် ဩစတြေးလျနှစ်နိုင်ငံကြား ကုန်သွယ်ရေးသဘောတူညီမှုလက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်ချုပ်ဆိုခြင်းဖြင့် နှစ်နိုင်ငံကြား အဓိကသွင်းကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုနှုန်းများ လျှော့နည်းလာမည် ဖြစ်သည်။

ဂျပန်နိုင်ငံသည် ဩစတြေးလျအမဲသားတင်ပို့မှုကို အကောက်ခွန်နှုန်း လျှော့ချပေးရန် သဘောတူညီခဲ့သည်။ ထို့ပြင် ဩစတြေးလျနိုင်ငံ၏ ဂျပန်နိုင်ငံသို့ တင်ပို့သည့် ပို့ကုန်ပစ္စည်းများအနက် အကြီးမားဆုံးနို့ထွက်ပစ္စည်း ပို့ကုန်ဖြစ်သည့် ဒိန်ခဲတင်ပို့မှုအပေါ် အကန့်အသတ်ဖြင့် ခွင့်ပြုပမာဏကို တိုးမြှင့်ပေးခဲ့သည်။

ဩစတြေးလျနိုင်ငံအနေဖြင့်လည်း ဂျပန်နိုင်ငံ၏ပို့ကုန်ပစ္စည်းများဖြစ်သည့် လျှပ်စစ်ပစ္စည်းများ၊ ကားများနှင့် ကုန်ပစ္စည်းအချို့၏ အခွန်နှုန်းများကိုလည်း လျှော့ချပေးမည်ဖြစ်သည်။

ခုနစ်နှစ်ကြာဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ ဂျပန်ဝန်ကြီးချုပ် ဩစတြေးလျနိုင်ငံသို့ အလည်အပတ်ရောက်ရှိပြီးနောက် သဘောတူညီမှုရရှိခဲ့ပြီး ယခုနှစ်ကုန်ပိုင်းတွင် အဆုံးသတ်နိုင်ရန်မျှော်လင့်နေကြသည်။

ဂျပန်နိုင်ငံသို့ အလည်ရောက်ရှိနေသော ဩစတြေးလျဝန်ကြီးချုပ် အက်ဘော့က ၎င်းစာချုပ်သည် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်လာမည်ဟု ဆိုသည်။

(ဘီဘီစီ)

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၂၀၁၄ ခုနှစ် မတ်လ (၂၆-၂၇)ရက်များတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့၏အစီရင်ခံစာအရ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့
သတင်းထုတ်ပြန်ချက်(၄/၂၀၁၄)
၂၀၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်
၁၃၇၅ ခု၊ တန်ခူးလဆန်း ၁၀ ရက်

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၂၀၁၄ ခုနှစ် မတ်လ (၂၆-၂၇)ရက်များတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၂၀၁၄ ခုနှစ်၊ မတ်လ (၂၆-၂၇) ရက်များတွင် ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ရုံးများ၊ သိုလှောင်ရုံများနှင့်နေအိမ်များကို လူအုပ်စုဖြင့် အဓမ္မဝင်ရောက်ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ ယင်းသို့ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်စေရန်၊ ဥပဒေနှင့်အညီ ထိရောက်စွာ တုံ့ပြန်အရေးယူဆောင်ရွက်နိုင်ရန်၊ အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရန်နှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်တို့ကို ရည်ရွယ်၍ နိုင်ငံတော်သမ္မတရုံး၏ ၂၈-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၄)ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေး၍ ဖြစ်စဉ်ဖြစ်ရပ်နေရာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံတင်ပြမှုအရ အောက်ပါအကြောင်းရင်းများကြောင့် အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်-

(က) နိုင်ငံတော်အစိုးရက သန်းခေါင်စာရင်းကောက်ယူရာတွင် ဒေသခံတိုင်းရင်းသားအချို့ လက်မခံနိုင်သောကိစ္စအတွက် ဆန္ဒပြသည့်အနေဖြင့် Malteser International အဖွဲ့မှ ငှားရမ်း၍ ရုံးဖွင့်ထားသော ရခိုင်အမျိုးသားပိုင် အဆောက်အအုံတွင် အိမ်ရှင်ဖြစ်သူက ၎င်း၏သဘောဖြင့် သာသနာ့အလံကိုလွှင့်ထူထားရာ ယင်းသို့ဆောင်ရွက်မှုသည် နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်ဆောင်ရွက်သည့်သဘော သက်ရောက်သဖြင့် ထိုသို့ဆောင်ရွက်၍မရသော ၎င်းတို့ အဖွဲ့အစည်း၏မူအရ အဆိုပါအဖွဲ့မှ နိုင်ငံခြားသူ Ms. Yvonne Dunton သည် သဘောရိုးဖြင့် အလံကို ဖြုတ်သိမ်းခဲ့သည်။ နိုင်ငံရေးလှုပ်ရှားမှုရှုပ်ထွေးချိန်တွင် ယင်းနိုင်ငံခြားသူ၏ သဘောရိုးဖြင့်ဆောင်ရွက်မှုသည် ဥပဒေချိုးဖောက်မှု မပေါ်ပေါက်သော်လည်း မမှန်မကန်စည်းရုံးလှုံ့ဆော်သူအချို့၏ ပယောဂကြောင့် ဒေသခံတိုင်းရင်းသားအချို့မှ နိုင်ငံတကာအဖွဲ့အစည်းများအပေါ် အထင်အမြင်လွဲမှားမှု ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

(ခ) အဆိုပါ နိုင်ငံခြားသူသည် မြန်မာနိုင်ငံသို့ ၁၉၉၃ ခုနှစ် ကတည်းက ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံရှိ ပြည်သူများ၏အကျိုးကို အကူအညီပေးလိုသောကြောင့် ဆန္ဒပြု၍ တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း သိရသည်။ ၎င်းကိုယ်တိုင် လွန်ခဲ့သည့် နှစ် ၂၀ ခန့်မှစ၍ ဗုဒ္ဓဘာသာတရားတော်ကို ယုံကြည်စွာ လေ့လာဆည်းပူးနေသူဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် သာသနာ့အလံကို မဖွယ်မရာပြုလုပ်လိုသော စိတ်ဆန္ဒအလျှင်းမရှိကြောင်း ပေါ်ပေါက်သည်။

(ဂ) ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းအချို့မှဝန်ထမ်းအချို့၏ တာဝန်ထမ်းဆောင်မှုအပေါ် ဒေသခံတိုင်းရင်းသားအချို့က သံသယဝင်ကာ ယုံကြည်မှုလျော့ပါးလျက်ရှိသည်။ ထိုအချိန်တွင် သာသနာ့အလံကို သဘောရိုးဖြင့် ဖြုတ်ယူသိမ်းဆည်းခဲ့ခြင်းအပေါ် ကောလာဟလသတင်းများ ဖြန့်၍ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအား ဒေသခံတိုင်းရင်းသားများက အထင်အမြင်လွဲမှားမှု ပိုမိုမြင့်တက်လာအောင် စည်းရုံးလှုံ့ဆော်၍ စစ်တွေမြို့ပေါ်တွင်ရှိသော ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများပိုင်ရုံးနှင့် ရုံးသုံးပစ္စည်းများ၊ နေအိမ်များ၊ ထောက်ပံ့ရေးသိုလှောင်ရုံများနှင့် ပစ္စည်းများ၊ ယာဉ်များကို အချိန်တိုအတွင်း လူအုပ်စုဖွဲ့၍အဓမ္မဖျက်ဆီးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

(ဃ) ဒေသခံတိုင်းရင်းသားအချို့၏ ဖျက်ဆီးမှုကြောင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း ၁၈ ဖွဲ့တို့၏ ရုံး ၁၄ ရုံး၊ နေအိမ် ၁၆ လုံး၊ သိုလှောင်ရုံ ၁၅ လုံး၊ မော်တော်ယာဉ် ၁၄ စီး၊ ရေယာဉ် နှစ်စင်း၊ မော်တော်ဆိုင်ကယ် ၂၉ စီးနှင့် ရုံးသုံးပစ္စည်းများခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၄၃၀ခန့်နှင့် အမေရိကန်ဒေါ်လာ ၄၃၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

(င) ဒေသအာဏာပိုင်အဖွဲ့အနေဖြင့် အချိန်တိုအတွင်း ထိရောက်သော ကာကွယ်မှုများ မပေးနိုင်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံခြားသားဝန်ထမ်းများအား လုံခြုံမှုရှိအောင် ကာကွယ်ဆောင်ရွက်ပေးနိုင်သဖြင့် ထိခိုက်ဒဏ်ရာရရှိမှုမဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် အောက်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာနှင့် အများပြည်သူတို့သိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည် -

(က) စစ်တွေမြို့တွင် ကျန်ရှိနေသော ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ရုံးနှင့် နေအိမ်များလုံခြုံရေး၊ တာဝန်ထမ်းဆောင်သည့် လုပ်ငန်းခွင် လုံခြုံရေးများအတွက် ထိရောက်စွာ အကာအကွယ်ပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသော နိုင်ငံခြားသားဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့လုံခြုံစွာဖြင့် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးကိုလည်း ကူညီပေးသွားမည်ဖြစ်သည်။

(ခ) ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားသော အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ရည်မှန်းချက်တာဝန်များကို မူလအခြေအနေအတိုင်း လုံခြုံစိတ်ချစွာထမ်းဆောင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ညှိနှိုင်း၍ လုံခြုံရေးပြည့်ဝစွာ ကာကွယ်စောင့်ရှောက်ပေးမည်ဖြစ်ပြီး ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

(ဂ) ပြည်နယ်အစိုးရသည် ဖြစ်စဉ်ဖြစ်ပွားလျှင်ဖြစ်ပွားချင်း လျင်မြန်ထိရောက်စွာ တုံ့ပြန်အကာအကွယ်ပေးနိုင်မှု အားနည်းကြောင်း တွေ့ရှိရသဖြင့် နောင်တွင် အလားတူမဖြစ်ပွားစေရေးအာဏာပိုင်အဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့သည် **အရေးပေါ်အခြေအနေများဆိုင်ရာ အထောက်အကူပြုအဖွဲ့**ကို ဆောလျင်စွာ ဖွဲ့စည်းတာဝန်ပေး၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(ဃ) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများပိုင် ရုံးအဆောက်အအုံများ၊ နေအိမ်များ၊ သိုလှောင်ရုံများ၊ ယာဉ်နှင့်ပစ္စည်းများကို လူစုလူဝေးဖြင့် အဓမ္မဖျက်ဆီးခဲ့ရာတွင် ပါဝင်ကျူးလွန်သူများကိုလည်းကောင်း၊ ထိုသို့ဖြစ်ပွားရန် မမှန်မကန်သတင်းဖြန့်၍ စည်းရုံးလှုံ့ဆော်သူများကိုလည်းကောင်း ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ပျောက်ဆုံးလေယာဉ်၏ Black Box မှ အသံလှိုင်းများ နောက်ထပ်ထောက်လှမ်းရရှိခြင်းမရှိ

ပတ်သ် ဧပြီ ၈

ပျောက်ဆုံးနေသော မလေးရှားလေယာဉ်၏ Black Box ရီကော်ဒါများမှ ထုတ်လွှင့်သော အသံလှိုင်းနှင့်ကိုက်ညီမှုရှိသော အချက်ပြမှုများကို ထောက်လှမ်းရရှိသည့် သြစတြေးလျသင်္ဘောသည် နောက်ထပ်အချက်ပြမှုများ ထောက်လှမ်းရရှိနိုင်ခြင်းမရှိသဖြင့် ရှာဖွေမှုဧရိယာကျဉ်းမြောင်းစေရေးအတွက် အချိန်ကုန်ဆုံးနေပြီဖြစ်ကြောင်း အရာရှိများက ဧပြီ ၈ ရက်တွင် ပြောကြားသည်။

ရောက်ရှိလာ

မလေးရှားလေယာဉ် ရှာဖွေရေးအဖွဲ့အား ညှိနှိုင်းကွပ်ကဲပေးရသူ သြစတြေးလျအေဂျင်စီအကြီးအကဲ အက်ဂတ်ဟောက်စတန်က Black Box အချက်ပြအသံလွှင့်စက်များ၏ မျှော်မှန်းသက်တမ်း ရက် ၃၀ ကုန်လွန်ခဲ့ပြီမို့ အိန္ဒိယသမုဒ္ဒရာအတွင်း တစ်လကြာ ရှာဖွေမှုမှာ အကျပ်အတည်းဆိုက်ရောက်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်ဟု ပြောကြားသည်။

အသံရှာဖွေရေးကိရိယာ တပ်ဆင်ထားသော အမေရိကန်ရေတပ်သင်္ဘောနှင့် ချိတ်ဆက်ထားသည့် Ocean Shield သြစတြေးလျသင်္ဘောသည် ပြီးခဲ့သည့် သီတင်းပတ်ကုန်က Black Box အချက်ပြအသံလွှင့်စက်မှလာသော အသံလှိုင်းနှင့် ကိုက်ညီမှုရှိသည့် အချက်ပြမှုများကို နှစ်ကြိမ်တိုင်တိုင် ထောက်လှမ်းရရှိခဲ့ရာ ပထမအကြိမ်၌ နှစ်နာရီကျော် ကြာမြင့်ပြီး ဒုတိယအကြိမ်၌ ၁၃ မိနစ်ခန့် ကြာမြင့်ခဲ့သည်ဟု သိရသည်။

အဆိုပါ အချက်ပြမှုများမှာ လေယာဉ်ရှာဖွေမှု ကာလတစ်လျှောက် အဖြစ်နိုင်ဆုံးသဲလွန်စများဖြစ်သော်လည်း အသံလှိုင်းဒေါင်ခနဲ၊ တိမ်ခနဲသံများ ထပ်မံထောက်လှမ်းရရှိရေး ကြိုးပမ်းအားထုတ်မှုများမှာ မအောင်မြင်ခဲ့ကြောင်း ဟောက်စတန်ကပြောကြားသည်။

မိမိတို့အနေဖြင့် အသံလှိုင်းထုတ်လွှင့်မှုများထပ်မံထောက်လှမ်းရရှိခြင်းမရှိပါက သမုဒ္ဒရာကြမ်းပြင်တွင် ရှာဖွေမှုဆက်လက်ပြုလုပ်ရာတွင် ရှာဖွေမှုဧရိယာအလွန်ကျယ်ပြန့်မည်ဖြစ်သဖြင့် ရှာဖွေမှုအချိန် အလွန်ကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ရှာဖွေမှုမှာ အလွန်နှေးကွေးပြီး အပင်ပန်းခံရသော အလုပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စေလွှတ်နိုင်

Ocean Shield သင်္ဘောငယ်တွင် Bluefin-21 ဟုခေါ်သော အလိုအလျောက် ရေအောက်သွားယာဉ် တစ်စင်းရောက်ရှိနေပြီး သမုဒ္ဒရာကြမ်းပြင်၌ လေယာဉ်ပျက်အပိုင်းအစအား ရှာဖွေရေးအတွက် အဆိုပါ ရေအောက်သွားယာဉ်ကို စေလွှတ်နိုင်ကြောင်း၊ သို့ရာတွင် ပထမဦးစွာရှာဖွေရေးဧရိယာ ကျဉ်းမြောင်းစေရေးမှာ အကျပ်အတည်း ဆိုက်ရောက်နေပြီဖြစ်ကြောင်း ဟောက်စတန်က ပြောကြားသည်။

Bluefin သည် လေယာဉ်ရှာဖွေရေးကြိုးပမ်းအားထုတ်သည့် အနေဖြင့် ဆိုနာကိုအသုံးပြုလျက် ပင်လယ်ကြမ်းပြင်၌ နာရီ ၂၀ ကြာ ပိုက်စိပ်တိုက် ရှာဖွေမှုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အကယ်၍ ထူးခြားသော အချက်ပြမှု ထောက်လှမ်းရရှိခြင်းမရှိပါက စက်ရုပ်ယာဉ်ပေါ်ရှိ ဆိုနာကို ပိုမိုနီးကပ်စွာရှာဖွေနိုင်သော ကင်မရာတစ်လုံးဖြင့် အစားထိုးမည်ဖြစ်ကြောင်း ဖြစ်နိုင်ခြေရှာဖွေမှု ဧရိယာမှာ ရေအနက် ၄ ဒသမ ၅ကီလိုမီတာခန့်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ရိုက်တာ)**

ဘာသာပြန်-ထန်နိုး

✳ *ကျောဖုံးမှ*

သို့သော်လည်း ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာက အသက် ၂၈ နှစ်ရှိ ရှွန်းနေပါဝင်ကစားရန် မျှော်လင့်ထားကြောင်း ပြောဆိုလိုက်သည်။ "သူဒီပွဲမှာကစားနိုင်မှာပါ။ သူကစားနိုင်မယ်လို့ ကျွန်တော်ကတော့ ရာနှုန်းပြည့်ယုံကြည်ပါတယ်။ ကျွန်တော်က သူ့ကို ဘီယာခွက်ကြီးတစ်ခွက်လောက်တော့ တိုက်ချင်ပါတယ်။ ဒီပွဲက အကောင်းဆုံးဘောလုံးသမားတွေရဲ့ပွဲပါ။ ကျွန်တော်သူ့ကို သိပ်တွေ့ချင်နေတာပါ။ နာမည်ကြီးကစားသမားတွေဆိုတာ ဒီလိုပွဲ ဘယ်လွဲသင့်ပါမတုန်း" ဟု ဂွာဒီယိုလာက ဆိုသည်။

လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ပထမအကျော့ အိုးထရက်ဖို့ဒ်၌ ကစားသောပွဲတွင် မန်ယူနောက်တန်းကို ထိုးဖောက်ရန် အတော်လေးကြိုးစားခဲ့ရသည်။ မန်ယူအနေဖြင့် ဂျာမန်ချန်ပီယံကို အနိုင်ယူဖို့ကြိုးစားလိမ့်မည်ဟု နည်းပြဂွာဒီယိုလာက မျှော်လင့်ထားသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ကွာတားဖိုင်နယ် ဒုတိယအကျော့တွင် အိမ်ကွင်းကစားရသည့်အတွက် အနိုင်ရရန် အားသာချက်ရှိနေသည်။ သို့သော်လည်း ရှွန်းနေပြန်ကောင်းလာသည့်အတွက် မန်ယူအတွက်ကောင်းသောရလဒ်ကောင်းတစ်ခုရလိမ့်မည်ဟု တိုက်စစ်မှူးရှွန်းနေက ယုံကြည်ထားသည်။

အာကာကျော်-ရေးသည်

✳ *ကျောဖုံးမှ*

နည်းနေပြီဖြစ်သော်လည်း အားကုန်ထုတ် ကစားသွားခဲ့ပြီး ၃၅ မိနစ်တွင် ရှမ်ဘိုင်၊ ၅၄ မိနစ်တွင် အာရာတာတို့က နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူပေးခဲ့သည်။ နေပြည်တော်အသင်းအတွက် ချေပဂိုးများကို လေးမိနစ်တွင် အောင်ကျော်နိုင်၊ ၆၁ မိနစ်တွင် ငြိမ်းတေဇာဝင်းတို့က သွင်းယူပေးခဲ့သည်။ ၇၁ မိနစ်တွင် နိုင်ထူးက နေပြည်တော်အတွက် တတိယဂိုး သွင်းယူပေးခဲ့သော်လည်း မိနစ် ၈၀ တွင် ဂျိမ်းစ်အန်ဂူက ဖူနော့အတွက် ပြန်လည်ချေပခဲ့၍ သရေကျခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲအပြီးတွင် ငါးပွဲစီကစားအပြီး၌ နေပြည်တော်အသင်းက ငါးမှတ်၊ ဖူနော့အသင်းက သုံးမှတ်စီ ရရှိထားသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၂၉၉၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အမှတ် ၂၉၉ဟုခေါ်တွင်သည့်အိမ် အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဒေါ်တင်မာမာ IGU-၀၀၀၆၅၂၏ အထူးကိုယ်စားလှယ်အမှတ် ၄၅၂၆/၂၀၀၂ ရရှိသူ ဒေါ်ငယ်ငယ် ၈/မဘန(နိုင်)၀၈၀၂၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax-၀၁-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သီပေါမြို့တွင် သောက်သုံးရေဖူလုံရေး ဖာဖိတ်ဆည်ကြီး ရေစီးရေလာကောင်းအောင်ဆောင်ရွက်

သီပေါ ဧပြီ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့တွင် သောက်သုံးရေဖူလုံစွာရရှိရေး၊ မြို့လယ်ချောင်းကောပြီး အနိမ့်ပိုင်းဒေသများသို့ ရေလျှံမှုမဖြစ်စေရေးနှင့် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထောက်အကူပြုအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက စီမံချက်ချမှတ်ပြီး ဖာဖိတ်ဆည်ကြီးနှင့် လက်ဝဲမြောင်း၊ လက်ယာမြောင်းများကို ရေစီးရေလာကောင်းမွန်ရေးအတွက် မြေတူးစက်များဖြင့် ပြန်လည်တူးဖော်ဆောင်ရွက်လျက်ရှိသည်ကို ဧပြီ ၅ ရက်က တွေ့ရသည်။

အဆိုပါ ဖာဖိတ်ဆည်ကြီးမှ စီးဆင်းသော လက်ယာမြောင်းသည် မြို့အရှေ့တောင်ခြမ်း ဒေသများအတွက် သောက်သုံးရေရရှိရေးတွင် အဓိကကျပြီး လယ်မြေဧက ၈၅၀၀ အတွက်လည်းကောင်း၊ အနောက်မြောက်ခြမ်းနမ့်ပေါ့ချောင်းတွင် လယ်မြေ ၂၃၀၈ ဧကအတွက်လည်းကောင်း ရေပေးဝေသည့် ချောင်းဖြစ်သည့်အပြင် ချောင်းရေခန်းခြောက်ပါက မြို့တွင်းရှိ ရေတွင်း ရေကန်များလည်း ခန်းခြောက်ကုန်သဖြင့် ယခုကဲ့သို့ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်ကြခြင်းဖြစ်သည်။

နမ့်ပေါ့ချောင်းမှ ထွက်ရှိသော သဲနုန်းနှင့် အာလူးကျောက်များသည် နေအိမ်တိုက်တာအဆောက်အအုံဆောက်လုပ်ရာတွင် အသုံးဝင်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မည်သို့ပင်တူးဖော်သယ်ဆောင်စေကာမူကုန်သွားခြင်း၊ လျော့ပါးသွားခြင်းမရှိဘဲ ချောင်းတွင်အစဉ်ပြည့်လျှံနေသဖြင့် နတ်ဒေဝါများ ဖန်တီးပေးထားသည်ဟု ယုံကြည်ကြပြီးနှစ်စဉ်မြေထိုးစက်ဖြင့် ရှင်းလင်းဖယ်ရှားမှသာ ရေစီးရေလာကောင်းမွန်စေမည်ဖြစ်သည်။

ထို့ကြောင့်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် မြို့နယ်စည်/ပင် ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က မြေတူးစက်တစ်လုံးဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောပြသည်။

စိုင်း(သီပေါ)

ကုန်သည်/စက်မှုအသင်းချုပ် မြန်မာ့စီးပွားရေးဖိုရမ် ဖွဲ့စည်းတည်ထောင်မည်

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် မြန်မာ့စီးပွားရေးဖိုရမ် (MBF) ကို ဖွဲ့စည်းထူထောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ မြန်မာ့စီးပွားရေးဖိုရမ်(MBF) တွင်ဥပဒေ၊ နည်းဥပဒေများရေးဆွဲခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့်အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာဆုံးဖြတ်ခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မျက်နှာစုံညီအစည်းအဝေးကြီး (Plenary Forum) ကို တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပရန် စီစဉ်လျက်ရှိသည်။

မြန်မာ့စီးပွားရေးဖိုရမ် MBF သည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍနှင့် အစိုးရကဏ္ဍတို့အကြား တံတားသဖွယ်ထိရောက်စွာပေါင်းကူးပေးပြီး ဆွေးနွေးညှိနှိုင်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည့် ယန္တရားတစ်ခုဖြစ်သည်။ မြန်မာ့စီးပွားရေးဖိုရမ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်သည့်လုပ်ငန်းအဖွဲ့ (Working Groups) များနှင့် အစိုးရအဖွဲ့မှ လုပ်ငန်းအဖွဲ့များ ပါဝင်ကာ အမြဲမပြတ်ထိတွေ့ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ MBF ဖွဲ့စည်းဖြစ်မြောက်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အား နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Cooperation-IFC) မှ နည်းပညာအကူအညီများ ကူညီမည်ဖြစ်သည်။

ယခုအခါတွင် မြန်မာ့စီးပွားရေးဖိုရမ် (MBF) အောင်မြင်စွာဖွဲ့စည်းထူထောင်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ အတွင်းရေးမှူးအဖွဲ့ (MBF Secretariat) ကို ဖွဲ့စည်းထားပြီးလုပ်ငန်းအဖွဲ့ (Working Groups) များဖွဲ့စည်းရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

MBF ဖွဲ့စည်းထူထောင်နိုင်ရန်အတွက် ပထမအဆင့် MBF Orientation ကို ဧပြီ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောင်သူရ

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

သမားတော်မဟုတ်သော သမားတော်

မြင့်ဝေ (ကော့မှူး)

ယနေ့ခေတ်ကာလတွင် နေထိုင်မှုအလေ့အထ၊ အစားအသောက်၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုများ ပြောင်းလဲလာသည်နှင့်အမျှ လူတို့၏အသက်အန္တရာယ်ကို ရောဂါပေါင်းစုံမှ ခြိမ်းခြောက်လျက်ရှိလာပေပြီ။ ဆီးချိုသွေးတိုး၊ ကင်ဆာ၊ အသည်းရောင်အသားဝါ(B/C)၊ ခုခံအားကျဆင်းမှု၊ အရေပြားရောဂါ၊ ဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်သော အအေးမိတုပ်ကွေးရောဂါများသည် လူတို့၏ အသက်အန္တရာယ်ကို စဉ်ဆက်မပြတ်ခြိမ်းခြောက်လျက်ရှိပေသည်။

ထိုကဲ့သို့ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာသော ရောဂါများအတွက် လူသားတို့မှာလည်း အချိန်ပြည့်စဉ်းစားတွေးခေါ်၍ ရောဂါမဖြစ်ပေါ်အောင် ကာကွယ်ခြင်း၊ ဖြစ်ပွားလာပါက ကုသခြင်းများ ဆောင်ရွက်နိုင်ရန် စဉ်းစားတွေးခေါ်လုပ်ဆောင်လျက်ရှိကြပေသည်။ ထိုသို့ဆောင်ရွက်ပေးနေသော လူပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့ အသက်ရှင်ရပ်တည်နေသော ဘဝတစ်ခုအတွက် အဖိုးထိုက်တန်သော ရတနာများဖြစ်ပေသည်။ ထိုကဲ့သို့ အဖိုးထိုက်တန်သော ရတနာများတွင် လူပုဂ္ဂိုလ်များအပြင် သက်မဲ့သစ်ပင်နှင့် သက်ရှိသတ္တဝါများပါရှိနေခြင်းမှာလည်း ကျွန်ုပ်တို့ဘဝအတွက် အဖိုးထိုက်တန်သောရတနာများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့အသက်ရှင်ရပ်တည်ရသောဘဝတစ်ခုတွင် ရောဂါဘယများ ရင်ဆိုင်နေရသည့်အပြင် အသက်အန္တရာယ်အတွက် အဆိုးဆုံး ရင်ဆိုင်နေရမှုမှာ မြွေဆိုးကိုက်ခံရ၍ သေဆုံးခြင်းပင်ဖြစ်ပြီး သတိထားအပ်သော ရောဂါဆိုးတစ်ခုပင်ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စာရင်းများအရ မြန်မာနိုင်ငံတွင် နှစ်စဉ်မြွေအပါအဝင် အဆိပ်ရှိသတ္တဝါများ ကိုက်ခံရမှုဖြစ်စဉ် ၁၅၀၀၀ ခန့်ရှိပြီး လူဦးရေ ၄၀၀ ခန့် သေဆုံးနေရကြောင်း သိရှိရပေသည်။ ထိုသို့သော မလိုလားအပ်သည့် မြွေကိုက်ခံရမှုကြောင့် သေဆုံးခြင်းများကို ကာကွယ်ကုသနိုင်သည့် နည်းလမ်းအပေါ် စိတ်ဝင်တစားလေ့လာခဲ့ရာ မြွေကိုက်ခံရခြင်းမှာ ကာကွယ်ကုသသည့် နည်းလမ်းမရှိဘဲ မြွေဆိပ်ဖြေဆေးဖြင့်သာ ကုသနိုင်ပေသည်။

မြန်မာနိုင်ငံတွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်ပေးသည့် အမှတ်(၁)ဆေးဝါးစက်ရုံ ရန်ကုန် (BPI) သည် ၁၉၅၆ ခုနှစ်မှစ၍ ယနေ့တိုင် မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်ပေးလျက်ရှိပေသည်။ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် မြင်း/သိုး၏ သွေးရည်ကြည်ကို အခြေခံ၍ ထုတ်လုပ်ရပြီး အသင့်ဖော်စပ်ထားသော မြွေဆိပ်အားမြင်း(သို့)သိုး၏ ခန္ဓာကိုယ်အတွင်း ခံနိုင်ရည်အဆင့်ဆင့်ရောက်ရှိအောင် ထိုးနှံပေးပြီး ခံနိုင်ရည်ရှိလာသော ဆေးဝါးသုံးမြင်းမှ သွေးရည်ကြည်ကိုရယူ၍ မြွေဆိပ်ဖြေဆေးကို ဖော်စပ်ထုတ်လုပ်ခြင်းဖြစ်သည်။

သွေးအောင်သော မြင်းတစ်ကောင်မှ တစ်လလျှင် သွေးခြောက်လီတာခန့်ရရှိ၍ ၎င်းမှ မြွေဆိပ်ဖြေဆေး ၄၈ လုံးခန့် ထုတ်လုပ်ပေးနိုင်ပေသည်။ သွေးအောင်သော သိုးတစ်ကောင်မှ တစ်လလျှင် သွေးတစ်လီတာခန့်ထုတ်ယူရရှိ၍ ၎င်းမှ မြွေဆိပ်ဖြေဆေး ရှစ်လုံးခန့်ထုတ်လုပ်ပေးနိုင်သည်။ သိုးများကို မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် သွေးရရှိမှုနည်းပါးခြင်း၊ ခံနိုင်ရည်နည်းပါးခြင်း၊ အခြားကူးစက်ရောဂါများကြောင့် မြင်းကိုပင်အဓိကထား၍ မြွေဆိပ်ခံနိုင်ရည်ရှိသော သွေးရည်ကြည်ကို ထုတ်လုပ်နေရပြီး တစ်နှစ်လျှင် မြွေဆိပ်ဖြေဆေး ၆၀၀၀၀ လုံး၊ မေးခိုင်ကာကွယ်ဆေး ၃၀၀၀၀ နှုန်းထုတ်လုပ်ရန်အတွက် ဆေးဝါးသုံးမြင်းအကောင် ၅၀၀ ခန့်လိုအပ်လျက်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရှိရသည်။ ယခင်က မြန်မာနိုင်ငံရှိ ဒေသအနှံ့အပြားတွင် သွားလာသယ်ယူပို့ဆောင်ရေးအတွက် မြင်းများ တစ်ပိုင်တစ်နိုင်မွေးမြူကြသော်လည်း တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်အရ မြင်းမွေးမြူမှုနည်းပါးလာပြီး မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရန်အတွက် မြင်းများဝယ်ယူအသုံးပြုရန် ခက်ခဲလာကြောင်း သိရှိရပေသည်။

နိုင်ငံသားအားလုံး၏ဘဝအတွက် သမားတော်မဟုတ်သော သမားတော်များအား မွေးမြူရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ မြင်းမွေးမြူရေးစခန်းများအား တောင်တွင်းကြီးမြို့နယ် ရန်ပယ်ဒေသတွင်လည်းကောင်း၊ ကလောမြို့နယ် ဟဲဟိုးလွင်ပြင်ဒေသတွင်လည်းကောင်း၊ ဆေးဝါးသုံးမြင်းများ မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရှိရပေသည်။ ခရီးစဉ်တစ်ခုတွင် တောင်ကြီးမြို့သို့ သွားရောက်ခိုက် ဟဲဟိုးမြင်းမွေးမြူရေးစခန်းကို တွေ့ရှိသောအခါ စိတ်ဆန္ဒလှုံ့ဆော်မှုအရ ဝင်ရောက်လေ့လာလိုသည့် ဆန္ဒကြောင့် တာဝန်ခံအရာရှိထံ ခွင့်တောင်း၍ မြင်းမွေးမြူခြင်းလုပ်ငန်းအား ဝင်ရောက်လေ့လာခွင့်ရခဲ့ပေသည်။

ဟဲဟိုးမြင်းမွေးမြူရေးစခန်းအနေဖြင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မည့် မြင်းများအား ဆေးဝါးသုံးမြင်းအဆင့်ရောက်ရှိအောင်မွေးမြူ၍ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)သို့ နှစ်စဉ်ပို့ဆောင်ပေးရကြောင်း၊ ဟဲဟိုးလွင်ပြင်ဒေသသည် ရာသီဥတုကောင်းမွန်ခြင်း၊ မြင်းစာအတွက် အဓိကလိုအပ်သော ပြောင်း၊ ကုလားပဲများ အောင်မြင်ဖြစ်ထွန်းခြင်း၊ မြင်းစားကျက်များ ထားရှိနိုင်သော ပတ်ဝန်းကျင်ကောင်းများ ပြည့်စုံခြင်းကြောင့် အခြားမြင်းမွေးမြူရေးစခန်းများထက် မြွေဆိပ်ခံနိုင်ရည်ရှိသော ဆေးဝါးသုံးမြင်းများ ပိုမိုမွေးမြူနိုင်ကြောင်း၊ လက်ရှိတွင် မြင်းကောင်ရေ ၂၉၅ ကောင်ရှိပါကြောင်း၊ မြင်းတစ်ကောင်တွင် မြင်းစာစိုက်ပျိုးမြေနှင့် မြင်းစားကျက်အတွက် ၁ ဒသမ ၅ ဧကခန့်လိုအပ်၍ မြေဧရိယာ ၄၄၂ ဧကလိုအပ်ပါကြောင်း၊ မိမိတို့တွင် မြေဧရိယာစုစုပေါင်း ဧက ၄၈၀ ရှိသည့်အနက် မြင်းဇောင်း ၁၆ ခုနှင့် ဝန်ထမ်းအိမ်ရာ၊ အခြားအဆောက်အအုံများအတွက် မြေဧရိယာ ဧက ၈၀ ကို အသုံးပြုထားရသဖြင့် ဆေးဝါးသုံးမြင်းများအတွက် မြင်းစာစိုက်ပျိုးခြင်း မြင်းစားကျက်မြေမှာ ဧက ၄၀၀ သာရှိသည့်အတွက် လုံလောက်မှုမရှိကြောင်း တာဝန်ခံ၏ရှင်းလင်းချက်အရ သိရှိရသည်။

မြင်းများကြံ့ခိုင်သန်မာမှုရှိမှသာ မြွေဆိပ်ခံနိုင်ရည်ရှိသော ဆေးဝါးသုံးမြင်းအဖြစ်ရရှိနိုင်ပြီး ၎င်းမြင်းများကို အစာကျွေးရုံမျှဖြင့် ခံနိုင်ရည်မရရှိနိုင်ကြောင်း၊ ၎င်းတို့အား လွှတ်ကွင်း၊ စားကျက်အတွင်း လွှတ်လပ်စွာထားရှိမှသာ ကြံ့ခိုင်သန်မာသော မြင်းများရရှိနိုင်ကြောင်း၊ လက်ရှိမြင်းအရေအတွက်နှင့် စားကျက်မြေလုံလောက်မှုမရှိသည့်အတွက် အလှည့်ကျစနစ်ဖြင့် မြင်းစားကျက်အတွင်း လွှတ်ကျောင်းနေရကြောင်း ရှင်းလင်းချပြချက်အပေါ် ဆရာ၏ ပုံပြင်တစ်ပုဒ်ကို သတိရလိုက်သည်။ သမင်နှင့် ဝံပုလွေများ ကျက်စားသော တောနက်တစ်ခုအတွင်း သမင်မွေးရင်း၊ ကျားစားရင်း သမင်များပြုန်းတီးနိုင်သည်ဆိုသော အတွေးဝင်ကာ ဝံပုလွေများကို သတ်ဖြတ်ခဲ့သည်။ ဝံပုလွေများမရှိတော့၍ သမင်များ၏ ပြေးလွှားလှုပ်ရှားမှုလျော့နည်းလာ၍ သဘာဝတရားကို ဆန့်ကျင်လာခြင်းကြောင့် ရောဂါဘယထူပြောလာကာ သေဆုံးသွားခဲ့သည်ကို သတိရမိကာ မြင်းဇောင်းအတွင်း အစားအစာပြည့်ဝစွာကျွေးထားသော်လည်း ပျော်ရွှင်မှုလက္ခဏာမတွေ့ရသော မြင်းများနှင့် မြင်းစားကျက်လွှတ်ကွင်းအတွင်း ခုန်ပေါက်ပြေးလွှားနေသော မြင်းများကို နှိုင်းယှဉ်၍ မြင်းမွေးမြူခြင်းအတွက် လွှတ်ကွင်းနှင့် စားကျက်များထားရှိပေးရန် လိုအပ်ကြောင်း သဘောပေါက်ခဲ့ရပေသည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းရှိသည့် ကျေးလက်နေပြည်သူများ၏ အသက်အန္တရာယ်ကင်းဝေးစေရေးအတွက် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် ၎င်း၏အသွေးအသားအပြင် အသက်ကိုပါ အဆုံးအရှုံးခံ၍ ကျွန်ုပ်တို့၏အသက်ကိုကယ်တင်ပေးနိုင်သော သမားတော်မဟုတ်သော သမားတော်များဖြစ်သည့် အဖိုးထိုက်ရတနာမြင်းသတ္တဝါများမွေးမြူလျက်ရှိသော မြင်းမွေးမြူရေးစခန်းများ ဆက်လက်တည်တံ့ရေးနှင့် မြန်မာနိုင်ငံအနှံ့ ယခုထက်ပိုမို၍ မြင်းမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားသင့်ကြောင်း တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

ပညာရေးကဏ္ဍ မြှင့်တင်ရေး အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့များနှင့် မြို့နယ်ပညာရေးမှူးများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရာတွင် လက်တွေ့ကျကျပြုပြင်ပြောင်းလဲနိုင်ရန်အတွက် အထူးလုပ်ငန်းအဖွဲ့(Task Force) အကြံပေးအဖွဲ့ (Advisory board)၊ လုပ်ငန်းအဖွဲ့ (Working Group) ၁၈ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ယခုဧပြီလတွင် အထူးလုပ်ငန်းအဖွဲ့ကို မူလတစ်ဖွဲ့ရှိရာမှ နှစ်ဖွဲ့ထပ်မံတိုးချဲ့ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ နိုင်ငံ၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အသီးသီးရှိ ပညာရေးလုပ်ငန်းများကို တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော မြို့နယ်ပညာရေးမှူးများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ ညှိနှိုင်းပြီး ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ပညာ) ဒေါ်စန်းစန်းရီက အခြေခံပညာကျောင်းများ၌ တွဲဖက်သင်ရိုးဝင်ဘာသာရပ်များ သင်ကြားခြင်းနှင့် အခြေခံပညာကျောင်းများတွင် ဘာသာတွဲများ ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တောင်ပိုင်းခရိုင်ပညာရေးမှူး ဦးဇော်ဝင်းက ပညာရေးနှင့် မိဘပြည်သူများ၏ အခန်းကဏ္ဍများကို ရှင်းလင်းတင်ပြ၍ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်များကိုယ်စား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်တစ်ဦးစီကတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ဖြည့်စွက်ဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဓာတ်မှန်စက်လှူ

မန္တလေး ဧပြီ ၈

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးဓာတ်မှန်ဌာနတွင် အသုံးပြုရန် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့နုဂ္ဂဟအသင်းဗဟိုအဖွဲ့ဝင် ပြည်တွင်းပြည်ပ ထေရဝါဒဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး ဆပ်ကော်မတီအတွင်းရေးမှူး မဟာသဒ္ဓမ္မဇောတိကဓဇဦးဝင်းဖေ-ဒေါ်ခင်ဌေးကြည်(လုမ္ဗိနီကုမ္ပဏီ)မှ ဦးဆောင်၍ အင်ဒိုနီးရှားနိုင်ငံ MEDAN မြို့နေ MR.HALIM & GROUP ဓမ္မညီအစ်ကိုမောင်နှမများက U$ 20000 တန်ဖိုးရှိ ဓာတ်မှန်စက် MA-500 တစ်လုံး လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဆေးရုံကြီး အဆောင်(၃)၌ ကျင်းပသည်။

ဓာတ်မှန်စက်သစ်(MA-500) ကို အလှူရှင်များကိုယ်စားMR.HALIM၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးအန့်ဇော်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဝင်းဖေ-ဒေါ်ခင်ဌေးကြည်(လုမ္ဗိနီကုမ္ပဏီ)ဦးဆောင်သော အင်ဒိုနီးရှားနိုင်ငံ MEDAN မြို့နေ Mr.HALIM & GROUP ဓမ္မညီအစ်ကိုမောင်နှမ အလှူရှင်များသည် ၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်က ပထမအကြိမ် ငွေကျပ် တစ်ရာ့လေးသိန်းခြောက်သောင်း ရှစ်ထောင်ကို လှူဒါန်းခဲ့ပြီး ယခုအခါ U$ 20000 တန်ဖိုးရှိ ဓာတ်မှတ်စက် MA-500 တစ်လုံးကို ဒုတိယအကြိမ်အဖြစ် ကုသိုလ်ပြုလှူဒါန်းခြင်း ဖြစ်သည်။

တင်မောင်(မန္တလေး)

ဂျပန်ယူ-၁၉ နှင့် ကမ္ဘောဇတို့ ယနေ့ခြေစမ်းမည်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်နေသော ဂျပန်ယူ-၁၉ အသင်းသည် ခြေစမ်းပွဲများကစားရန် ရန်ကုန်မြို့သို့ရောက်ရှိနေပြီး ဧပြီ ၉ ရက်(ယနေ့)တွင် ကမ္ဘောဇအသင်း၊ ဧပြီ ၁၀ ရက်တွင် မြန်မာယူ-၁၉ အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ခြေစမ်းပွဲများကို သုဝဏ္ဏကွင်း၌ ညနေ ၄ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ဂျပန်ယူ-၁၉ အသင်းတွင် အုပ်ချုပ်/နည်းပြငါးဦး၊ ကစားသမား ၂၂ ဦး ပါဝင်လာပြီး ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဧပြီ ၈ ရက်က MFF ရုံးတွင် ပြုလုပ်ခဲ့သည်။

စိုးညွန့်

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ၊ အိမ်ထောင်စု ကိုးသန်းခွဲကျော် ကောက်ယူပြီးစီးခဲ့ပြီဖြစ်

နေပြည်တော် ဧပြီ ၈

မတ် ၃၀ ရက်မှ စတင်၍ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဧပြီ ၇ ရက်အထိ အိမ်ထောင်စု ၉၅၆၂၂၆၅ စုကို ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူပြီးစီးမှုမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၂၁၇၃၄၂ စု၊ ကယားပြည်နယ်တွင် ၄၇၁၆၃ စု၊ ကရင်ပြည်နယ်တွင် ၂၆၈၈၉၀၊ ချင်းပြည်နယ်တွင် ၇၁၂၁၁ စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉၉၆၅၉၉ စု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၅၂၅၆၄ စု၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) တွင် ၅၈၆၄၂၆ စု၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် ၄၆၀၂၆၃ စု၊ မကွေးတိုင်းဒေသကြီးတွင် ၈၀၉၁၀၄ စု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၁၇၁၆၄၇ စု၊ မွန်ပြည်နယ်တွင် ၃၇၉၉၆၀၊ ရခိုင်ပြည်နယ်တွင် ၄၂၀၅၇၇ စု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄၆၉၁၈၁ စု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၁၀၃၅၂၄ စု၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ၄၄၈၂၈၈ စု၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၃၃၉၆၈၃ စု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂၈၅၄၆၄ စု၊ နေပြည်တော်ကောင်စီတွင် ၂၄၃၇၇၉ စုတို့ ဖြစ်ကြသည်။

ကေအိုင်အေ တပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သော ကချင်ပြည်နယ်ရှိ ကျေးရွာ ၂၃၀ ရွာအနက် ဧပြီ ၂ ရက်မှ ၈ ရက်အထိ တပ်မတော် လုံခြုံရေးအစောင့်အရှောက်ဖြင့် ကျေးရွာ ၆၃ ရွာတွင် သန်းခေါင်စာရင်းကောက်ယူပြီးစီးခဲ့သည်။ ရွာပျက်ကျေးရွာ ၃၀ အားစာရင်းမှ ပြန်လည်ပယ်ဖျက်ခဲ့သဖြင့် စာရင်းကောက်ယူရန် ကျန် ၁၃၈ ရွာအား ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်တွင် ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ တားမြစ်မှုကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သည့် ကျေးရွာ ၅၄ ရွာ၌ တပ်မတော်၏ လုံခြုံရေးအစောင့်အရှောက်ဖြင့် ဧပြီ ၂ ရက်မှ ၈ ရက်အထိ ကျေးရွာ ၄၁ ရွာတွင် ကောက်ယူပြီးစီးခဲ့သဖြင့် ကျန် ၁၃ ရွာအား ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်းအတက်တွင် ရှေ့ကားကိုကျော်ရာမှ ယာဉ်တိုက်မှုဖြစ်

သတင်း - မောင်ကျော်ကြီး
ဓာတ်ပုံ - သက်ထက်

နေပြည်တော် ဧပြီ ၈

နေပြည်တော် ကောင်စီနယ်မြေ ရန်ကုန်-မန္တလေးလမ်းဟောင်းမိုင်တိုင်အမှတ် ၂၆၈/၂ သပြေချောင်းကျေးရွာတောင်ဘက်တွင် ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားဘက်မှ တပ်ကုန်းသို့ ယာဉ်မောင်းမြင့်ဟန်မောင်းနှင်လာသော တော်ဝင်လိုင်းမှ ယာဉ်အမှတ် ၂ဂ/---- သည် မိုင်တိုင် ၂၆၈/၂ အရောက်ရှေ့တွင် မောင်းနှင်သော ထော်လာဂျီတစ်လုံးထိုးယာဉ်ကို ကျော်တက်ရန်အရှိန်မြှင့်စဉ် မျက်နှာချင်းဆိုင်မှ ကားတစ်စီး မောင်းလာသောကြောင့် ဘရိတ်အုပ်လိုက်ရာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှမောင်းနေသော တစ်လုံးထိုးထော်လာဂျီကို ဝင်တိုက်မိခဲ့သည်။ ထိုသို့ အရှိန်ဖြင့်ဝင်တိုက်မှုကြောင့် တစ်လုံးထိုးထော်လာဂျီ ယာဉ်မောင်းဝင်းထွန်းနှင့် ယာဉ်ပေါ်ပါသူများ ဒဏ်ရာများရရှိခဲ့ပြီး ထော်လာဂျီမှာ လမ်းလယ်၌ ပက်လက်လန်တိမ်းမှောက်ခဲ့သည်။ တော်ဝင်ယာဉ်ပေါ်မှ ခရီးသည်များ တစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရရှိဘဲ ယာဉ်နောက်လိုက်မှာ ဒဏ်ရာများရရှိသောကြောင့် နီးရာဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

"တော်ဝင်က ရှေ့မှထော်လာဂျီကို လမ်းကုန်းအတက်မှာ ကျော်တက်ဖို့ ကြိုးစားတုန်း ရှေ့ကလာတဲ့ကားကြောင့် ဘရိတ်အုပ်လိုက်ရာက ထော်လာဂျီနောက်ပိုင်းကို ဝင်တိုက်မိတာပါ။ ထော်လာဂျီကတော့ အင်ဂျင်တခြား၊ ဘော်ဒီတခြားဖြစ်ပြီး တိမ်းမှောက်သွားပါတယ်။ သေဆုံးသူမရှိပါဘူး။ ဒဏ်ရာရရှိသူတွေ ရှိပါတယ်။ တော်ဝင်ကားတော့ ခေါင်းပိုင်းကြေသွားပါတယ်။ ဒီလိုကုန်းအတက်နေရာဆို ယာဉ်ကျော်တက်ဖို့ အန္တရာယ် အလွန်များပါတယ်။ ကုန်းအကျော်တွေမှာ ယာဉ်တိုက်မှုတွေ ခဏခဏဖြစ်နေရတာပါ။ ယာဉ်မောင်းတွေ အထူးဂရုစိုက်ဖို့လိုပါတယ်။ ကံကောင်းလို့ ခရီးသည်တွေ ဘာမှမဖြစ်တာပါ"ဟု တော်ဝင်ယာဉ်ပေါ်မှ ခရီးသည်တစ်ဦးက ပြောပြသည်။

ယာဉ်တိုက်မှုကြောင့် တော်ဝင်ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ အဆိုပါယာဉ်တိုက်မှုကို သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။



ယာဉ်တိုက်မှုဖြစ်ပွားသည့် ထော်လာဂျီယာဉ်ပျက်စီးမှုကို တွေ့ရစဉ်။

ယာဉ်တိုက်မှုဖြစ်ပွားသည့် တော်ဝင်လိုင်းမှ မော်တော်ယာဉ်။

ဧပြီ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကောက်ယူရေး စိစစ်မှုကော်မတီမှ ဒုတိယလဝကမှူး ဒေါ်ယုယုလတ်နှင့် အဖွဲ့ဝင်များ ကြည့်မြင်တိုင်မြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။

(ကြည့်မြင်တိုင်မြို့နယ်အတွင်း ကောက်ကွက်ပေါင်း ၁၈၉ ကွက်ရှိပြီး အိမ်ထောင်စုပေါင်း ၂၃၀၀၀ ကျော်၊ လူဦးရေပေါင်းတစ်သိန်းခန့်ရှိရာ ဧပြီ ၆ ရက်အထိ ၈၀ ရာခိုင်နှုန်းခန့်ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။)

ဘော်ဂါသွေး

ပျောက်ဆုံးကြောင်း

ကျွန်တော်မျိုးထက်၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၉၂၁၇၉၈၂

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၅၂၆၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ပြည်တွင်းသတင်း

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲ ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပပြီးစီး

တစ်ခုတည်းသောသဘောတူညီချက် (Single Text) (ပထမမူကြမ်း)ကို သဘောတူညီခဲ့ပြီး မေ ပထမအပတ်တွင် ထပ်မံတွေ့ဆုံဆွေးနွေးမည်

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲ စတုတ္ထနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း ပူးတွဲသတင်းထုတ်ပြန်ချက်ကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) တို့၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲကို စတုတ္ထနေ့အဖြစ် ရန်ကုန်မြို့ အမှတ်(၁၀) ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center) ၌ ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပရာ မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး တစ်ခုတည်းသော သဘောတူညီချက် (Single Text) (ပထမမူကြမ်း) ကို သဘောတူညီခဲ့ပြီး နှစ်ဖက်ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ် မေလ ပထမအပတ်တွင် ထပ်မံတွေ့ဆုံဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဝင်များ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (Myanmar Peace Center) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် အားလုံးသဘောတူညီသည့် တစ်ခုတည်းသော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (Single Text) မူကြမ်းတစ်စောင်ရရှိရေးအတွက် ယခင်ဆွေးနွေးပွဲမှ အတည်ပြုခဲ့သော ခေါင်းစဉ်များဖြစ်သည့် နိဒါန်းနှင့် အခန်း (၇)ခန်းကို အသေးစိတ်အချိန်ယူ ဆွေးနွေးခဲ့ကြပြီး တစ်ခုတည်းသော သဘောတူညီချက် (Single Text) (ပထမမူကြမ်း)ကို သဘောတူညီခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ဖတ်ကြားသည်။

ယင်းနောက် နှစ်ဖက်ကိုယ်စားလှယ်များသည် ရင်းနှီးခင်မင်စွာနှုတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နှစ်ဖက်ကိုယ်စားလှယ်များ၏ ပူးတွဲသတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

ပူးတွဲသတင်းထုတ်ပြန်ချက်

၂၀၁၄ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ရန်ကုန်မြို့

၁။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့" (NCCT) မှ ကိုယ်စားလှယ်များသည် ပွင့်လင်းရင်းနှီးစွာဖြင့် အကျေအလည် ဆွေးနွေးခဲ့ကြပါသည်။

၂။ ဆွေးနွေးပွဲသို့ သီးခြားဖိတ်ကြားထားသော အဖွဲ့ (၅)ဖွဲ့ဖြစ်သည့် ABSDF, NDAA, NSCN-K, RCSS- SSA, UWSA တို့မှ ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့ကြကာ ၎င်းတို့၏သဘောထားများကို ဆွေးနွေးခဲ့ကြပါသည်။

၃။ အားလုံးသဘောတူညီသည့် တစ်ခုတည်းသော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (Single Text) မူကြမ်းတစ်စောင် ရရှိရေးအတွက် ယခင်ဆွေးနွေးပွဲမှ အတည်ပြုခဲ့သောခေါင်းစဉ်များဖြစ်သည့် နိဒါန်းနှင့် အခန်း (၇)ခန်းကို အသေးစိတ်အချိန်ယူ ဆွေးနွေးခဲ့ကြပါသည်။ တစ်ခုတည်းသော သဘောတူညီချက် (Single Text) (ပထမမူကြမ်း) ကို သဘောတူညီခဲ့ကြပါသည်။

၄။ နှစ်ဖက်ကိုယ်စားလှယ်များမှ ၂၀၁၄ ခုနှစ်၊ မေလ ပထမအပတ်တွင် ထပ်မံတွေ့ဆုံဆွေးနွေးရန် သဘောတူညီခဲ့ကြပါသည်။

၅။ နှစ်ဖက်ကိုယ်စားလှယ်များအားလုံးသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးပေါ်ပေါက်လာအောင် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြပါသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို ပြည်သူများ သုံးစွဲနိုင်ရေးနှိုးဆော်

ပြည်သူများ ရောဂါကာကွယ်ကုသရန်လိုအပ်သည့်အခါ အန္တရာယ်ကင်းပြီး အရည်အသွေးစစ်မှန် အာနိသင်ပြည့်ဝသည့် ဆေးဝါးများကို ကျန်းမာရေးဝန်ထမ်းများ၏ အကြံပြုချက်ဖြင့် စနစ်တကျသုံးစွဲနိုင်ရန် လွန်စွာအရေးကြီးပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို သုံးစွဲနိုင်ရန် နှိုးဆော်၍ အောက်ဖော်ပြပါအချက်များကို အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံ၌ ဆေးဝါးမှတ်ပုံတင်ရရှိထားသော ဆေးဝါးများတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ ၇/၉၃ အရ ဆေးဘူးခွံ/ဆေးပုလင်းပေါ်ရိုက်နှိပ်ရမည့် အမှတ်တံဆိပ်နှင့် အချက်အလက်များပါဝင်ရမည့်အပြင် **မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်**လည်း ပါရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် ပါဝင်မှုရှိ-မရှိကိုဆေးဘူး/ဆေးပုလင်းများပေါ်တွင် အောက်ပါအတိုင်း စိစစ်နိုင်ပါသည်။

MM Reg No ကို ဖော်ပြထားရာတွင် ရှေ့ဆုံးနံပါတ် ဂဏန်းလေးလုံးပါရှိပြီး အလယ်တွင် A(သို့) AA ဟု ပါရှိပါသည်။ ထို့နောက် နံပါတ်ဂဏန်းသုံးလုံး(သို့)လေးလုံးထပ်မံပါရှိပါသည်။

ဥပမာ MM Reg No 1703 AA 4158
MM Reg No 1804 AA 003

ဆေးဝါးသက်တမ်းတိုးထားသော ဆေးများတွင် R စာလုံးရှေ့ဆုံးတွင် ပါရှိပါသည်။

ဥပမာ MM Reg No R 1504 A 3840

ထို့အပြင် ပြည်သူများ၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့သုံးစွဲသည့်ဆေးဝါးများ အာနိသင်မရှိဟု ယူဆပါက နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများသို့ ဆေးနမူနာများ ပေးပို့စစ်ဆေးနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏။

မန္တလေးတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန်ရည်ရွယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံးဖွင့်လှစ်

မန္တလေး ဧပြီ ၈

မန္တလေးတိုင်း ဒေသကြီးနှင့် ဆက်စပ်တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသူများနှင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်လိုသူများအနေဖြင့် မိမိတို့ဆောင်ရွက်လိုသည်များကို မြန်ဆန်လွယ်ကူစွာဖြင့် ဆောင်ရွက်နိုင်ရန်နှင့် မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး ဖွင့်လှစ်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ၂၆ လမ်းနှင့် ၈၄ လမ်းထောင့်၊ ဈေးချို (မြောက်ဘက်) တိုက်တန်း စတုတ္ထထပ်ရှိ အဆိုပါရုံး၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး ဦးစီးမှူးရုံးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့နှင့် တက်ရောက်လာသူများက ရုံးခန်းများအတွင်း လှည့်လည်ကြည့်ရှုကြသည်။

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ဖွင့်လှစ်ခြင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ၊ သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာတင်သွင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များသာမက ဆက်စပ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်း စသည့်ဒေသများမှ လုပ်ငန်းရှင်များ အနေဖြင့်လည်း သက်ဆိုင်ရာလုပ်ငန်းများကို မြန်ဆန်သွက်လက်ချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အခွန်ထမ်းပြည်သူများထည့်ဝင်ခဲ့သော အခွန်ငွေများကို နိုင်ငံတော်နှင့် ပြည်သူများအတွက် အဓိကလိုအပ်သော အခန်းကဏ္ဍများတွင် အသုံးပြုနေ

ရန်ကုန် ဧပြီ ၈

နိုင်ငံတိုင်းတွင် မိမိနိုင်ငံ၏ပြည်သူလူထုတစ်ရပ်လုံးအတွက် လိုအပ်သော တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး စသောလုပ်ငန်းများအတွက် အစိုးရက ကျခံသုံးစွဲရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံသားများထံမှ အခွန်ကောက်ခံကြရကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံသားများအနေဖြင့် အခွန်ထမ်းဆောင်ခြင်းဖြင့် အများပြည်သူအကျိုးစီးပွားအတွက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ငွေကြေးဝေစုထည့်ဝင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အခွန်တာဝန်ကို နှစ်အဆက်ဆက်ကျေပွန်ခဲ့ရုံမျှမက ၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်အတွက် အခွန်ပေးဆောင်မှု၌လည်း အများဆုံးပေးဆောင်ခဲ့ကြသူများအား ယနေ့ဂုဏ်ပြုရခြင်းဖြစ်ကြောင်း၊ အခွန်အများဆုံးထမ်းဆောင်ကြသည့် အခွန်ထမ်းပြည်သူများစာရင်းအား ထုတ်ပြန်ခြင်းသည် အစိုးရသစ်လက်ထက်တွင် အခွန်မူဝါဒသစ်အဖြစ် တိုးချဲ့ဆောင်ရွက်ခဲ့သည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ၂၀၁၀-၂၀၁၁ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သူ အခွန်ထမ်းပြည်သူ ၁၀ ဦးစာရင်းသာ ထုတ်ပြန်ခဲ့ရာမှ ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက် ၁၀၀၊ ၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်အတွက် ၅၀၀ ထုတ်ပြန်ခဲ့ပြီး ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် အခွန်ထမ်း ၁၀၀၀ အထိ တိုးချဲ့ထုတ်ပြန်သွားမှာ ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာပြီး ရှင်းလင်းလွယ်ကူသော အခွန်စနစ်တစ်ရပ် ပေါ်ထွက်လာရေးအတွက် အနည်းဆုံးအခွန်နှုန်းထားများဖြင့် အခွန်အခြေခံချဲ့ထွင်ဆောင်ရွက်ရန်၊ တိုက်ရိုက်ခွန်ကောက်ခံသည့်စနစ်မှ သွယ်ဝိုက်ခွန်များ ကောက်ခံသည့်စနစ်သို့ ကူးပြောင်းဆောင်ရွက်ရန်၊ တန်ဖိုးမြင့်အခွန် (Value Added Tax) စနစ်နှင့် အခွန်ထမ်းများမှ ကိုယ်တိုင်အခွန်စည်းကြပ်ပေးဆောင်သည့်စနစ်သို့ ကူးပြောင်း ဆောင်ရွက်ရန်၊ ပြည်သူပြည်သားများ၏ အလွန်အကျွံသုံးစွဲမှုကို ကန့်သတ်နိုင်သည့် အထူးကုန်သွယ်လုပ်ငန်းခွန် (Special Commercial Tax) အားပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ရန်တို့ကို ပြည်တွင်းအခွန်များဦးစီးဌာနအနေနှင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမခြေလှမ်းအဖြစ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကို ဧပြီ ၁ ရက်က စတင်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှာ အခွန်ထမ်းကိုယ်တိုင်ကျသင့်အခွန်ကို တွက်ချက်ပေးဆောင်စေတဲ့စနစ်ကို အကောင်အထည်ဖော်သွားမှာဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုမှ ရရှိလာမည့် အောင်မြင်မှုအပေါ် အခြေပြုပြီး လုပ်ငန်းအလတ်စား အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး၊ လုပ်ငန်းအငယ်စား အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများကို တိုးချဲ့ဖွင့်လှစ်ပေးသွားပြီး နိုင်ငံတစ်ဝန်းလုံးမှာ အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို တွက်ချက်ပေးဆောင်တဲ့ အခွန်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းပြောကြားသည်။

အခွန်ဆိုင်ရာ သတင်းအချက်အလက်များကို ဆက်သွယ်ရယူနိုင်ရေး၊ မရှင်းလင်းသည့် အချက်များကိုမေးမြန်းနိုင်ရေး၊ အခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အဆင်မပြေသည့် ကိစ္စရပ်များ၊ လာဘ်ငွေတောင်းခံမှုများ ရှိပါက မေးမြန်းတိုင်ကြားနိုင်ရေးတို့အတွက် Tax Services Unit များကို ဖွင့်လှစ်ထားသည်။ On line မှတစ်ဆင့် ကြေညာလွှာတင်သွင်းခြင်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်ချက်များကို ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဈေးကွက် စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်သော အခွန်စနစ်ဖြစ်ပေါ်စေရေး၊ ပြည်တွင်းစားသုံးမှု ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက် စနစ်ဖြင့် ထိန်းညှိပေးနိုင်ရေးစသည့် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး အစိုးရသစ်လက်ထက် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ အခွန်အရပ်ရပ် ကောက်ခံရရှိမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၁၅၃၈ ဒသမ ၇၆၆၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၂၇၁၀ ဒသမ ၉၀၆၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရွှေ့ပြေးစာရင်းများအရ ကျပ်ဘီလီယံ ၃၄၂၀ ဒသမ ၇၅၄ ကောက်ခံရရှိခဲ့သည်။

အခွန် အကောက်ရငွေများ တိုးတက်ကောက်ခံရရှိခဲ့သည့်အတွက် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် စရိတ်ချိုးမြှင့်ငွေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ထပ်ဆောင်းပေးနိုင်ခဲ့သကဲ့သို့ ပညာရေး၊ ကျန်းမာရေးစသော ကဏ္ဍများအတွက်လည်း ပိုမိုခွင့်ပြုသုံးစွဲစေနိုင်ခဲ့သည်။ နိုင်ငံတော်အနေဖြင့် အခွန်ရငွေ ပိုရပါက အဆိုပါကဏ္ဍများကို ပိုမိုသုံးစွဲပေးနိုင်မည်ဖြစ်ပြီး အခမဲ့ ပညာသင်ကြားရေးစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို တိုးချဲ့ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ကြည့်ပါက ပြည်သူဗဟိုပြုစနစ်ဖြင့် ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အခွန်ထမ်း ပြည်သူများထည့်ဝင်ခဲ့သော အခွန်ငွေများကို နိုင်ငံတော်နှင့် ပြည်သူများအတွက် အဓိကလိုအပ်သော အခန်းကဏ္ဍများတွင် အသုံးပြုနေပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် နိုင်ငံသားအားလုံး လက်တွဲပါဝင်ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါကြောင်းဖြင့် ယမန်နေ့က ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ပြည်သူများအား ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းပြည်သူ ၁၀ ဦးအား ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ သူရဦးသောင်းလွင်က ရှင်းလင်းမှာကြားသည်။ ထို့နောက် ဂုဏ်ပြုမှတ်တမ်းများကို လုပ်ငန်းရှင်များသို့ပေးအပ်ရာ ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းပြည်သူ ၁၀ ဦးအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းပြည်သူ ၁၀ ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကလည်းကောင်း ချီးမြှင့်ပေးအပ်ပြီးနောက် တာဝန်ရှိသူများက အခွန်အများဆုံးထမ်းဆောင်ကြသည့် အခွန်ထမ်းပြည်သူတို့အား ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အလုပ်အမှုဆောင်များ၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းပြည်သူ ၅၀၊ ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းပြည်သူ ၅၀ နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အားခတိုးမြှင့်ကောက်ခံခြင်း ရှင်းလင်း

လယ်ဝေး ဧပြီ ၈

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်းရှိ လျှပ်စစ်သုံးစွဲသူများကို ဓာတ်အားခနှုန်းထားများ တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းခြင်းကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်က လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် ဒေသခံများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **သူဇာလှိုင်(စက်မှု)**

စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဧပြီ ၈

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အမှတ်(၁)ရပ်ကွက်ရှိ စေတနာလူမှုကူညီရေးအသင်း လေးနှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို ဧပြီ ၃ ရက် ည ၇ နာရီက ကျည်တောင်ကန်ရပ်ကွက်(၁)ရှိ ဈေးကုန်းဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာ နွမ်ဂျာသိုင်းနှင့် စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) တို့က "စာရေးသူမှ စာဖတ်သူသို့ ၂၀၁၄" ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

❖ ***ရှေ့ဖုံးမှ***

ကောက်ယူနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နမ့်တစ်မြို့ ရပ်ကွက်(၁)၌ သန်းခေါင်စာရင်း ကောက်နေကြသည့် စာရင်းကောက် ဆရာမတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ယခုကဲ့သို့ ပြောကြားခဲ့သည်။

ဒေါ်သန္တာဆွေ
စာရင်းကောက်

ကျွန်မတို့ အခုကိုးကန့်မိသားစု တစ်စုကို သန်းခေါင်စာရင်းကောက်နေခြင်းဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူရာမှာ ဒီဒေသခံတွေကလည်း ပူးပေါင်းဆောင်ရွက်ကြတဲ့အတွက် အားလုံးအဆင်ပြေပါတယ်။ စာရင်းကောက်ယူပေးတဲ့အတွက် ဒီက ဒေသခံပြည်သူများကလည်း ကျေးဇူးတင်နေပါတယ်ရှင်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အထူးဒေသ (၂) မိုင်းမောခရိုင် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ဒေသခံပြည်သူများ၊ စာရင်းစစ် စာရင်းကောက်များနှင့် ဒေသခံဘာသာစကားတတ်ကျွမ်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး တာ့ဆိုင်းပေါင်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ မိုင်းမောခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ထို့နောက် ခရိုင်ရုံး အစည်းအဝေးခန်းမ မိုင်းမောခရိုင် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီခဲ့သည့် ဒေသခံဘာသာစကားတတ်ကျွမ်းသူ စာရင်းစစ်၊ စာရင်းကောက်များ၊ သန်းခေါင်စာရင်းကော်မတီများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ပါဝင်ကူညီခဲ့ကြသူများအား နိုင်ငံတော်အစိုးရက ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ သန်းခေါင်စာရင်း မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ရရှိခံစားရမည့် အကျိုးရလဒ်များကို ရှင်းလင်းပြောကြားသည်။

ဗဟို သန်းခေါင် စာရင်းကော်မရှင် ဥက္ကဋ္ဌ ဦးခင်ရီ "ဝ" သွေးစည်းညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးပေါက်ယူရီနှင့် အဖွဲ့အား ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ (၂) နမ့်တစ်မြို့နယ်အုပ်ချုပ်ရေး မှူး ရုံး ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းနောက် မိုင်းမောခရိုင် အုပ်ချုပ်ရေးမှူး တာ့ဆိုင်းပေါင်က သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် "ဝ" ဒေသအတွင်း နှစ်ပေါင်းများစွာ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် သန်းခေါင်စာရင်းကို ယခုကောက်ယူဆောင်ရွက်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မိုင်းမောဒေသအတွင်း သန်းခေါင်စာရင်း ကောက်ယူရာတွင် ဘာသာစကား တတ်ကျွမ်းသည့် စာရင်းကောက် တာဝန်ယူသူ နှစ်ဦးတို့၏ စကားသံများကိုလည်း ယခုလို ကြားသိခဲ့ရသည်။

ဒေါ်လိန်းမောင်းပန်
စာရင်းကောက်

ကျွန်မက လားရှိုးက လာတာဖြစ်ပါတယ်။ ဒီမှာ သန်းခေါင်စာရင်းလာကောက်တာပါ။ စာရင်းကောက်ခေါ်ယူရာမှာ ကျွန်မက ကိုယ့်ရဲ့ဒေသ ဖြစ်တဲ့အတွက် ကြောင့်မို့ လာခဲ့တာပါ။ အများကြီးဝမ်းသာပါတယ်။ ဒီလိုတစ်ခါမှ မကောက်ဖူးပါဘူး။ ဒီဟာ ပထမဦးဆုံးကောက်တာ ဖြစ်ပါတယ်။

ဒီ "ဝ" ပြည်အတွက်လည်း တကယ်ကို ကောင်းပါတယ်။ ဒီဒေသပိုပြီး တိုးတက်လာမယ်လို့ ကျွန်မ ထင်မြင်ယူဆမိပါတယ် ရှင်။

ဒေါ်ဥငယ်
စာရင်းစစ်

မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်း မကောက်နိုင်ခဲ့တာ နှစ် ၃၀ ရှိပါပြီ။ အခုကျွန်မတို့ သန်းခေါင်စာရင်းကောက်ရတဲ့အခါကျတော့ "ဝ" နယ်မှာ တာဝန်ကျပါတယ်။ ကျွန်မတို့လည်း လှိုက်လှိုက်လှဲလှဲနဲ့ တာဝန်ကို ထမ်းဆောင်ကြပါတယ်။ ကိုယ့်လူမျိုးလည်းဟုတ်တယ်၊ ကိုယ့်တိုင်းပြည်လည်း ဟုတ်တဲ့အတွက် ကျွန်မတို့ များစွာစိတ်အားထက်သန်စွာနဲ့လုပ်ဆောင်ပါတယ်။ ဒီ"ဝ" ဒေသက လူကြီးတွေကလည်း လှိုက်လှိုက်လှဲလှဲနဲ့ ကျွန်မတို့ကို ကြိုဆိုပါတယ်။ အများကြီးဝမ်းသာကြပါတယ်။ ကျွန်မတို့ဒီကို လာတဲ့အခါမှာ ကျွန်မတို့ မြေပြန့်ဒေသက ပညာတတ်လူကြီးတွေ၊ လူငယ်တွေအားလုံးရောက်ရှိလာပြီး တွေ့လိုက်ရတဲ့အတွက် ဒေသခံတွေအနေနဲ့ များစွာဝမ်းသာနေပါတယ်။ ကျွန်မကိုယ်တိုင်လည်း ဒီဒေသရဲ့ဘာသာစကားကို ကျွမ်းကျင်တဲ့အတွက် သန်းခေါင်စာရင်းကောက်ဖို့ ကျွန်မကို လာရောက် အကူအညီတောင်းတဲ့အတွက် လာရောက်တာဖြစ်ပါတယ်။ ကျွန်မတို့ သန်းခေါင်စာရင်းအဖွဲ့တွေကိုလည်း တာဝန်ရှိသူတွေက အားပေးတယ်၊ ပံ့ပိုးတယ်၊ ကူညီတဲ့အတွက် အားလုံးအဆင်ပြေပါတယ်။ **(သတင်းစဉ်)**

13th True Visions International Junior Golf Championships 2014 ပြိုင်ပွဲတွင် မြန်မာလူငယ်ကစားသမားများ ဆုအသီးသီးရရှိ

ရန်ကုန် ဧပြီ ၈

ဧပြီ ၁ ရက်မှ ၄ ရက်အထိ ထိုင်းနိုင်ငံ Siam Country Golf Club ၌ ကျင်းပခဲ့သည့် "13th True Visions International Junior Golf Championships 2014" ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်းက အသင်းအုပ်ချုပ်သူအဖြစ်တာဝန်ယူ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် သက်တန်းအလိုက် ပြိုင်ပွဲအမျိုးမျိုးတွင် အမျိုးသားအားကစားသမားခြောက်ဦး၊ အမျိုးသမီးအားကစားသမားလေးဦး၊ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၀ ဦးပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အားကစားသမား ၁၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီးဂေါက်သီးအားကစားသမား ယဉ်မေမျိုးက (Girl Class GA) တွင် ဒုတိယဆု၊ အမျိုးသားဂေါက်သီးအားကစားသမား ကောင်းမြတ်ကျော်က (Boy Class BD) Consolation ပြိုင်ပွဲတွင် ဒုတိယဆု အသီးသီးရရှိခဲ့သည်။

ဆုချီးမြှင့်

ယင်းပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ Springfield Royal Country Club တွင် မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် Asian Tournament of Champions 2014 ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဂေါက်သီးအားကစားသမား ဖူးပွင့်ရတီခိုင်က (Ladies 14 & Under)တွင် တတိယဆုရရှိခဲ့သည်။ ဖူးပွင့်ရတီခိုင်သည် ယင်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့်အတွက် အမေရိကန်နိုင်ငံ International Junior Golf Academy တွင် Scholarship (Full Time)ဆုချီးမြှင့်ခံရကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန်ပေးဆောင်ပါ

ပြည်တွင်းသတင်း

မြန်မာ- JICA နားလည်မှုစာချွန်လွှာရေးထိုးရေးဆွေးနွေး

ရန်ကုန် ဧပြီ ၈

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဧပြီ ၆ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ World Economic Forum မှ Asia Pacific Community Manager ဖြစ်သူ Anne- Catherine Gay des Combes နှင့် တွေ့ဆုံပြီး ၂၀၁၄ ခုနှစ် ဇွန်လတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ် (အရှေ့အာရှ)၌ နိုင်ငံတကာခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ရာ ခရီးသွားကောင်စီအဖွဲ့ဝင်တစ်ဦးအနေနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို ပါဝင်ရှင်းလင်းတင်ပြနိုင်ရန် ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) ရုံးမှ Chief Representative Mr. Masahiko TANAKA နှင့်အဖွဲ့အားတွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) တို့အကြား နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးမည့် ပုဂံခရီးစဉ်ဒေသတွင် "Establishment of the Pilot Model for Regional Tourism Development " စီမံကိန်းနှင့် ပတ်သက်ပြီး ဆွေးနွေးကြသည်။ အဆိုပါနားလည်မှု စာချွန်လွှာအား ဧပြီ ၁၀ ရက်တွင် ဝန်ကြီးဌာန၌ လက်မှတ်ရေးထိုးကြမည်ဖြစ်ပြီး ဧပြီ ၂၃ ရက်တွင် ဂျပန်နိုင်ငံမှ ပညာရှင်များပါဝင်သော ရှေ့ပြေးအဖွဲ့မှ ပုဂံဒေသတွင် ကနဦးလေ့လာချက်များ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် JTB-PST Co., Ltd. မှ Chairman ဖြစ်သူ Mr. Yoshio Oshite နှင့် Myanmar Polestar Travel & Tours Co., Ltd. မှ Managing Director ဖြစ်သူ ဦးကျော်မင်းထင်တို့နှင့် တွေ့ဆုံခဲ့ပြီး ဂျပန်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်နိုင်ရေး ဈေးကွက်ဖွံ့ဖြိုးမှု၊ မြှင့်တင်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် အာဆီယံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံခရီးသွားလုပ်ငန်းကွန်ဖရင့်၊ အာဆီယံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအစည်းအဝေးများနှင့် ခရီးသွားပြပွဲကို ကျင်းပရမှာဖြစ်ကြောင်း၊ ယင်းအတွက် မလေးရှားနိုင်ငံ ကူချင်းမြို့၌ ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်၌ မြန်မာ ညစာစားပွဲပြုလုပ်၍ လက်ခံဆောင်ရွက်မည့်အကြောင်း ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုကပင် စတင်၍ ATF 2015 Website ကို လွှင့်တင်ထားပြီးဖြစ်ရာ ယနေ့အထိ ပြသရန် ပြခန်း ၅၂ ခုကို ဒေသတွင်းနိုင်ငံအဖွဲ့အစည်းများမှ ကြိုတင်နေရာ ရယူထားကြပြီဖြစ်ကြောင်း၊ ယခုနှစ် ဖိုရမ်တွင် မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့အတွက် အစိုးရဌာနများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အသင်းအဖွဲ့များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဤအစီအစဉ်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင် ကြော်ငြာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဆက်စပ်အစည်းအဝေးများအားလုံးကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်လုပ်ကိုင်မည်ဖြစ်သော်လည်း အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို လုပ်ငန်းသဘာဝအရ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဦးဆောင်လုပ်ကိုင်ပေးရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီပံ့ပိုးပေးသွားမှာဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များမှ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများအလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် ကြေးမုံသတင်းစာ ခေတ္တနားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် မြန်မာ့အလင်းသတင်းစာ ခေတ္တနားမည်ဖြစ်သည်။

ဧပြီ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် The New Light of Myanmar သတင်းစာ ခေတ္တနားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင်းခြောက်မြို့နယ် ယာဉ်ရပ်နားခပြန်လည်ကောက်ခံ

ရန်ကုန် ဧပြီ ၈

ဧပြီလ ၆ ရက်မှစ၍ ရန်ကုန်မြို့လယ်မြို့တွင်း ခြောက်မြို့နယ်ရှိ လမ်းမကြီးများပေါ်တွင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ယာဉ်ရပ်နားခတစ်နာရီလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် စတင်ကောက်ခံနေပြီဖြစ်ရာ ယခင်ကကဲ့သို့လမ်းဘေး၊ ယာဉ်ရပ်နားရန် နေရာအချို့တွင် နာရီရှည်ရပ်တန့်မှုနည်းသွားကြောင်း၊ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းမကြီးပေါ်ရှိ အရောင်းစင်တာကြီးတစ်ခု ရှေ့တွင် ဧပြီ ၆ ရက် ညနေက ယာဉ်ရပ်နားရန်နေရာလွတ်များ ရှိသည်ကို မြင်တွေ့ရသည်ဟု လမ်းမတော်မြို့နယ်တွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

၁၉၉၆ ခုနှစ်မှစတင်၍ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင် မြောက်ဘက်၌ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ တောင်ဘက်၌ကမ်းနားလမ်း၊ အရှေ့ဘက်၌ ဗိုလ်အောင်ကျော်လမ်း၊ အနောက်ဘက်၌ လမ်းမတော်လမ်း ဧရိယာတွင်းရှိ အမည်တပ် လမ်းငယ်များ၊ အမည်တပ်လမ်းမကြီးများ၊ နံပါတ်တပ်လမ်းများကို ယာဉ်ရပ်နားမှု ကန့်သတ်ရန်များ သတ်မှတ်၍ အဆိုပါနေရာများတွင် ယာဉ်ရပ်နားပါက ယာဉ်ရပ်နားခကောက်ခံခဲ့သော်လည်း ၂၀၁၃ ဧပြီ ၁ ရက်မှစ၍ ကောက်ခံမှုမရှိဘဲ ရန်ကုန်မြို့တွင်း ယာဉ်ရပ်နားရန်နေရာများ တိုးချဲ့ခြင်း၊ စကြံသွားလူသွားလမ်းများ ပြုပြင်ခြင်းကို ပြုလုပ်လာခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ ယာဉ်ရပ်နားခကောက်ခံလုပ်ငန်းမှလေလံဝင်ငွေကျပ်သိန်း ၁၄၀၀၀ ခန့်ရရှိခဲ့ကြောင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်ဟု ရန်ကုန်မြို့တွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

ယခုရက်ပိုင်း ယာဉ်ရပ်နားခကောက်ခံမှုတွင် နံပါတ်တပ်လမ်းများ၊ အမည်တပ်လမ်းငယ်များ မပါဝင်ဟု သိရကြောင်း၊ နာရီအလိုက် ယာဉ်ရပ်နားခငွေကောက်ခံလာခြင်းကြောင့် ယာဉ်ရပ်နားရာတွင် အချိန်ကြာမြင့်စွာ ရပ်တန့်မှု နည်းလာနိုင်ကြောင်း၊ အထူးသဖြင့် ကားလမ်းမကြီးများတွင် နာရီ ရှည်ရပ်တန့်ထားခြင်းမျိုး နည်းလာကြောင်း၊ ယာဉ်ရပ်နားရန်နေရာများတွင် ယာဉ်ရပ်နားခငွေကောက်ခံမှုကြောင့် လမ်းဘေးဈေးသည်များ နံနက် ၈ နာရီ မှ ညနေ ၆ နာရီအတွင်း ဈေးရောင်းချမှုနည်းလာနိုင်သည်ဟု လသာမြို့နယ်တွင် နေထိုင်သူတစ်ဦး ကဆိုသည်။

ယခုရက်ပိုင်း ပြန်လည်၍ယာဉ်ရပ်နားခကောက်ခံရာတွင် လမ်းမတော်မြို့နယ်တွင်း ကောက်ခံမှုရှိလာကြောင်း၊ ယာဉ်ရပ်နားခငွေပြန်လည်ကောက်ခံခြင်းကြောင့် အခွန်ငွေရရှိလာသကဲ့သို့ယာဉ်ရပ်နားမှု လျော့နည်းသွားမည်ဟု လမ်းအသုံးပြုသူတစ်ဦးက ဆိုသည်။

ခင်ဆိုင်

မိတ္ထီလာမြို့အဝေးပြေးယာဉ်ရပ်နားစခန်းသစ်တွင်ပါဝင်မည့် ကားဂိတ်နှင့်ဆိုင်ခန်းဆောင်များစတင်ရောင်းချ

မိတ္ထီလာ ဧပြီ ၈

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမအနီး တည်ဆောက်လျက်ရှိသည့် အဝေးပြေးယာဉ်ရပ်နားစခန်းသစ်တွင် ပါဝင်မည့် ကားဂိတ်နှင့်ဆိုင်ခန်းဆောင်များ စတင်ရောင်းချလျက်ရှိသည်ဟု တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"မိတ္ထီလာအဝေးပြေးယာဉ်ရပ်နားစခန်းသစ်မှာ ပါဝင်တဲ့ကားဂိတ်နဲ့ ဆိုင်ခန်းဆောင်တွေကို စတင်ရောင်းချပေးနေပါပြီ။ ကားဂိတ်ဖွင့်မယ့်သူ၊ ဘဏ်ဖွင့်မယ့်သူနဲ့ ဈေးဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူတွေအနေနဲ့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းကိုလည်း ဆောက်လုပ်နေတဲ့နေရာအနီးမှာ ဗီနိုင်းဆိုင်းဘုတ်နဲ့ ကြေညာပေးထားပါတယ်။ ယခုလောလောဆယ် လာရောက်ဆက်သွယ်ဝယ်ယူနေသူနဲ့ ဝယ်ယူဖို့မေးမြန်းစုံစမ်းနေသူတချို့လည်း ရှိနေပါပြီ။ ဆိုင်ခန်းဖွင့်လှစ်ရောင်းချမယ့်သူတွေနဲ့ ဘဏ်ဖွင့်မယ့်သူတွေလည်း ပါဝင်ပါတယ်"ဟု ၎င်းအဝေးပြေးယာဉ်ရပ်နားစခန်းသစ်ကို တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဇေယျာရွှေတိုးအများပိုင် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မိတ္ထီလာအဝေးပြေးယာဉ်ရပ်နားစခန်းသစ်တွင် (၁၅×၄၅)ပေငါးခန်းတွဲ နှစ်ထပ်ကားဂိတ် ရှစ်ဆောင်၊ (၂၄ × ၄၀) ပေလေးခန်းတွဲ နှစ်ထပ်ဆိုင်ခန်း သုံးဆောင်၊ (၁၈×၃၀)ပေ ငါးခန်းတွဲနှစ်ထပ် စားသောက်ဆိုင် တစ်ဆောင်၊ (၁၈×၃၀)ပေ ငါးခန်းတွဲသုံးထပ်တည်းခိုဆောင် တစ်ဆောင်၊ (၂၂×၃၀) ပေ လေးခန်းတွဲနှစ်ထပ်ပွဲရုံနှင့် ဂိုဒေါင်သုံးဆောင်၊ (၄၀×၃၀)ပေ နှစ်ခန်းတွဲ တစ်ထပ်ယာဉ်ပြင်အလုပ်ရုံတစ်ဆောင်တို့ ပါဝင်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၃၇၊ မြေကွက်အမှတ် ၇၂၆ အမည်ပေါက် ဒေါ်စန်းစန်းမြင့်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဦးဇော်မင်း ၁၂/သဃက(နိုင်) ၁၂၂၆၃၁က မြေချပါမစ်စာရင်းသွင်းခွင့်ပြုပါရန် အရောင်းအဝယ်စာချုပ်မူရင်းများနှင့်တကွ တင်ပြလျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည် အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၈)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မိုး သတိပြု

ဆရာ ဦးသန်းထွန်း(တာတူးဗေဒ)
တာတူးဗေဒ သိုးသန့်သင်တန်း
Ph : 570178, 570371 ,095029606

လူပျောက်ကြော်ငြာ

Ph:09-43059686,09-33152226,09-31204122,09-33569375,09-5670735

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကလေးမြို့နယ်တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ကလေး ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ပြည်တွင်းပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ် များပြားလာခြင်းကြောင့်နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးကို မကြာမီဖွင့်လှစ်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဦးရေ တစ်သန်းနှင့် ခြောက်သောင်း ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် နှစ်သန်းနှင့်လေးသောင်း တိုးတက် ဝင်ရောက်လာခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်းမှာလည်း သုံးသန်းအထိ ဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြောင်း၊ ခရီးသွားများ တိုးတက်လာသည်နှင့်အမျှ ဟိုတယ်လုပ်ငန်းတွေ တိုးချဲ့ဖို့လိုအပ်လာကြောင်း၊ ထို့ကြောင့် ကလေးမြို့မှာလည်း ချင်းပြည်နယ် ခရီးစဉ်နှင့်အတူ ဒေသသစ်စီစဉ်ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ကလေးမြို့ မင်းကြီးဟိုတယ်သို့ ဟိုတယ်သင်တန်းလာရောက်ပို့ချပေးနေသည့် အထက်မြန်မာပြည် (မန္တလေး) ဈေးချိုဟိုတယ်သင်တန်းကျောင်းမှ သင်တန်းနည်းပြကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့်က ပြောသည်။

ကလေးမြို့တွင် ဖွင့်လှစ်မည့် မင်းကြီးဟိုတယ်တွင် အိပ်ခန်းပေါင်း ၅၀ ပါဝင်ပြီး လူဦးရေ ၁၀၀ ကို တစ်ပြိုင်တည်း တည်းခိုနေထိုင်နိုင်ရန် ဆောင်ရွက်ထားကြောင်း၊ အတက်အဆင်းပြုလုပ်နိုင်ရန် စက်လှေကားတပ်ဆင်ပေးထားကြောင်း၊ ရေကူးကန်လည်းပါဝင်ကြောင်း၊ လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များကို ဧည့်ဝတ်ကျေပွန်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဝန်ထမ်းပေါင်း ၄၀ ကျော်ဖြင့် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ကားရပ်နားရာနေရာကိုလည်း ကျယ်ကျယ်ဝန်းဝန်းဖြင့် ဆောင်ရွက်ပေးထားပါကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

သျှင်နေမင်း

ကျိုင်းတုံမြို့နယ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်

ကျိုင်းတုံ ဧပြီ ၈

အစဉ်အမြဲသင်ယူနေသောလူ့အဖွဲ့အစည်းဖြစ်စေရန်နှင့် စာပေကို လူတိုင်းသင်ကြားတတ်မြောက်စေရန် ရည်ရွယ်၍ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ကျိုင်းတုံမြို့နယ် အလက(ယန်းလူး)တွင် ဧပြီ ၆ ရက် နံနက် ၉ နာရီကကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံရှန်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဦးစိုင်းလှဝင်း၊ လားဟူတိုင်းရင်းသားရေးရာဝန်ကြီးဦးရှာမွေလရှဲန်နှင့်ဌာနဆိုင်ရာများတက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးရုံး(ကျိုင်းတုံ)ရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူးဦးစိန်မြင့်ကအခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအကြောင်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ပြည်နယ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့်လားဟူတိုင်းရင်းသားရေးရာဝန်ကြီးတို့က သင်ကြားပေးမည့် အခြေခံပညာမှ ဆရာ ဆရာမများ၊ တက္ကသိုလ် ကျောင်းသားကျောင်းသူများအတွက် ဝတ်စုံများကိုပေးအပ်ရာ ကျိုင်းတုံတက္ကသိုလ်မှ လက်ထောက်ကထိကဒေါ်နီနီအေး၊ တောင်ကြီးတက္ကသိုလ်မှလက်ထောက်ကထိက ဒေါက်တာစိုးစိုးနွယ်နှင့် ကျိုင်းတုံမြို့မိုင်းဇင်းအလကမှ ဆရာမဒေါ်ရီရီဌေးတို့က လက်ခံယူသည်။ ထို့နောက်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက သင်ကြားပေးမည့်ဆရာ ဆရာမများကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ ကျိုင်းတုံမြို့နယ်တွင် အခြေခံစာသင်ကြားမှုများကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ စာသင်ဝိုင်း ၈၅ ဝိုင်းဖြင့် သင်ကြားလျက်ရှိကြောင်း သိရသည်။

မောင်မောင်နိုင်(iprd)

"၁ က" အက္ခရာ ယာဉ်အိုယာဉ်ဟောင်းစတင်အပ်နှံ

ရန်ကုန် ဧပြီ ၈

မှတ်ပုံတင်သက်တမ်းကြာမြင့်မှုထိန်းသိမ်းရေးနှင့် အစားထိုးယာဉ်တင်သွင်းရေး စီမံချက်ရ ဆောင်ရွက်လျက် ရှိသောရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကညန (မြင်သာ) အနေဖြင့် '၁က' အက္ခရာယာဉ်အို ယာဉ်ဟောင်း အပ်နှံခြင်းကို ဧပြီ ၄ ရက် နံနက် ၇ နာရီမှ စတင်၍ အဆိုပါ ဝင်းအတွင်း၌ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သက်တမ်းနှစ် ၂၀ ကြာ '၁က'အက္ခရာ ယာဉ်အို ယာဉ်ဟောင်းများအား မှတ်ပုံတင်သက်တမ်းလိုင်စင် ငါးနှစ်သက်တမ်းမကျော်သော လူစီးကားအုပ်စုမှ ဆလွန်း၊ လိုက်ထရပ်၊ စီးချပ်၊ ဝက်ဂွန်၊ ၁၅ ယောက်စီး မိုက်ခရိုဘတ်စ်နှင့် ဂျစ်ကားအစရှိသော ယာဉ်များအား ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ပထမဆုံးပိုင်ရှင်အနေဖြင့် အပ်မယ့်ကားဟာ ကြွေးခိုင်မှုရှိရန်မလိုပါဘူး။ Running Condition ဖြစ်ပြီး မောင်းရရုံနဲ့လက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ သံရည်ကျိုစက်ရုံ ပို့ရမှာဖြစ်တဲ့အတွက်ကြောင့်ပါ။ ကားနှင့်အတူ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပါ ယာဉ်စစ်ဆေးခံရပါမယ်။ အဲဒီအခါမှာ လိုင်စင်ငါးနှစ် သက်တမ်းကျော်ရင် လက်မခံပါဘူး။ ဖျက်သိမ်းစာရင်းမှာ ထည့်မှာဖြစ်ပါတယ်။ ငါးနှစ်သက်တမ်းအောက်ကို သက်တမ်းတိုးပေးပါတယ်။ ယာဉ်စစ်ဆေးပြီးတဲ့နောက် ရဲမှုခင်းကင်းရှင်းကြောင်းကြွေးကျန်စစ်ဆေးရပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့လည်း ဒီဝင်းထဲမှာ ရဲမှုခင်းစစ်ဆေးမှုတွေကို One Stop Service နဲ့ ပြုလုပ်ပေးနေပါတယ်။ ဘာကြောင့်လဲဆိုတော့ သံရည်ကျိုပို့ရင် ပြန်မလာတော့မှာဖြစ်လို့ တစ်ထိုင်တည်း ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု ကညန(မြင်သာ)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆက်လက်၍ "ရဲမှုစစ်ဆေးပြီးရင် ရရှိတဲ့စလစ်နဲ့ သက်တမ်းတိုးပြောင်းလဲမှုအတွက် စစ်ဆေးမှာဖြစ်ပါတယ်။ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ပိုးတက် အဝိုင်းယာဉ်သက်သေခံလက်မှတ် ကမ/၃ စာအုပ်ကို ကညနမှာ အပ်ရပါမယ်။ အဲဒီမှာသက်တမ်းတိုးငွေသွင်းရပြီး ဒီအမှုတွဲဖိုင်ကိုထိန်းသိမ်းလိုက်မှာပါ။ ပြီးတဲ့နောက်မှာ ယာဉ်အမျိုးမျိုးကို လျှောက်ထားနိုင်အောင် အစားထိုးယာဉ်တင်သွင်းမှု (ဃ)ပုံစံ စာရွက်ကို ထုတ်ပေးလိုက်မှာပါ၊ ယာဉ်ပိုင်ရှင်အနေနဲ့ သံရည်ကျိုစက်ရုံ(သီလဝါ) မှာ ယာဉ်နဲ့အတူ (ဃ)ပုံစံ အပ်နှံရမှာဖြစ်ပြီး သံရည်ကျိုစက်ရုံမှတစ်ဆင့် (စ)ပုံစံကို ပြန်လည်ထုတ်ပေးသွားမှာပါ။ အဲဒီမှာ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုလုပ်ငန်း ပြီးစီးမှာဖြစ်ပါတယ်။ ပြီးနောက် မိမိတင်သွင်းလိုသည့် မော်တော်ယာဉ်ကို တင်သွင်းနိုင်ပါပြီ" ဟု ယာဉ်အိုယာဉ်ဟောင်းအပ်နှံရေးဌာန ကညန (မြင်သာ)မှ ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်အိုယာဉ်ဟောင်းအပ်နှံလျက်ရှိသော ကညန(မြင်သာ)၌ ဧပြီ ၄ ရက်တွင် ၁က/အက္ခရာ မော်တော်ယာဉ် အစီးရေ ၂၀၀ ဝန်းကျင်ခန့် လာရောက်အပ်နှံလျက်ရှိပြီး လာမည့် အောက်တိုဘာ ပထမပတ်အထိ အပ်နှံဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ ထို့ပြင် အနီးစပ်ဆုံး မကြာသေးမီက အပ်နှံသွားသောနှစ် ၂၀ သက်တမ်းရှိ 'အ'အက္ခရာကို ယာဉ်အို ယာဉ်ဟောင်းအပ်နှံခဲ့ရာ ယာဉ်အစီးရေ ၄၀၃၂ စီး အပ်နှံခဲ့ပြီး ထပ်မံ၍ လိုင်စင်သက်တမ်း ငါးနှစ်မကျော်လွန်သည့် 'အ' အက္ခရာကားများ ယခု ၁ က အပ်နှံချိန်တွင် လာရောက် အပ်နှံနိုင်ကြောင်း သိရသည်။ ၁က/အက္ခရာ အပ်နှံပြီးလျှင် ၂က/အက္ခရာကို လာမည့် အောက်တိုဘာ ပထမပတ်တွင် အပ်ခွင့်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သင်္ကြန်ပိတ်ရက်နီးလာ၍ ကုန်အဝင်နည်း ကြက်သွန်နီ၊ ဖြူနှင့် ထန်းလျက် ဈေးမြင့်တက်

ရန်ကုန် ဧပြီ ၈

သင်္ကြန်ပိတ်ရက်မတိုင်မီ ရန်ကုန် ဘုရင့်နောင်ဈေးကွက်သို့ ကုန်ကားများ အဝင်နည်းလာသဖြင့် ဧပြီ ၈ ရက်တွင် ကြက်သွန်နီ (ကြူကုတ်) ထန်းလျက်ဈေးနှုန်းများ မြင့်တက်လာကြောင်း ရှမ်းကြက်သွန်ဖြူ အာလူး၊ စားအုန်းဆီ၊ငရုတ်၊သကြားဈေးနှုန်းများ ဈေးနှုန်းအပြောင်းအလဲမရှိ ဈေးငြိမ်နေကြောင်း နယ်ပို့အဝယ်တော်များက ဆိုသည်။

မတ် ၃၁ရက်မှဧပြီ ၇ ရက်အထိ ကုန်စည်ဒိုင်ဖွင့်ရက် ၇ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီ ပိဿာချိန် ၁၈၂၄၀၀၀ ဝင်ရောက်ခဲ့ပြီး ဧပြီ ၇ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၂၆၀-၃၆၀-၃၈၀-၄၁၀ နှုန်းသာ ဈေးနှုန်းရှိခဲ့ကြောင်း၊ ဧပြီ ၈ ရက်တွင်မှ ကြက်သွန်နီအဝင်ပမာဏ လျော့ကျလာသဖြင့် တစ်ပိဿာ ငွေကျပ် ၂၅ ကျပ် ဈေးတက်ပြီး နံနက်ပိုင်းတွင် ပွဲရုံအများစု၌ ရောင်းကုန်ခဲ့ပြီး လက်လီဈေးကွက်တွင် အပြတ်ပေးဝယ်ယူမှုများ ရှိလာကြောင်း ကြက်သွန်နီဝယ်ယူသူများထံမှ သိရသည်။

ဧပြီ ၇ ရက်တွင် ဈေးကွက်သို့ ကြူကုတ်ကြက်သွန်ဖြူ အများအပြားဝင်ရောက်ခဲ့သော်လည်း သင်္ကြန်ပိတ်ရက်တွင် ဝယ်လိုအား များသဖြင့် တစ်ပိဿာ ငွေကျပ် ၁၀၀ ဈေးမြင့်တက်လာရာ တစ်ပိဿာ ငွေကျပ် ၁၃၅၀ ဖြစ်လာပြီး ဧပြီ ၈ ရက်တွင် ၂၅ ကျပ် ထပ်မံမြင့်တက်လာသည်ဟု သိရသည်။

ဧပြီ ၇ ရက်တွင် ညောင်ဦးဆေးစပ် ထန်းလျက် တစ်ပိဿာ ငွေကျပ် ၁၁၃၀၊မလိုင် ထန်းလျက် တစ်ပိဿာ ငွေကျပ် ၉၈၀ ရှိသော်လည်း သင်္ကြန်ပိတ်ရက် အလှူအတန်းများတွင် အသုံးပြုမှုများသော ညောင်ဦးဆေးစပ်နှင့် မလိုင်ထန်းလျက်များ ဧပြီ ၈ ရက်တွင် ဈေးတက်လာရာ ညောင်ဦးဆေးစပ် ထန်းလျက် တစ်ပိဿာ ငွေကျပ် ၁၁၇၀-၁၂၀၀ နှုန်း၊ မလိုင်ထန်းလျက် ငွေကျပ် ၁၀၅၀ နှုန်းသို့ ဈေးမြင့်တက်လာသည်ဟု ထန်းလျက်အဝယ်တော်များထံမှ သိရသည်။

အသစ်ထွက်ပေါ်နေသော ရှမ်းကြက်သွန်ဖြူမှာ အစိုဓာတ်ရှိသေးသဖြင့် ပွဲရုံဝင်းအတွင်း လှမ်းနေရပြီး ဈေးနှုန်းများ ငြိမ်နေကြောင်း၊ အာလူးပိဿာချိန် နှစ်သိန်းကျော် ဧပြီ ၇ ရက်တွင် ရန်ကုန်ဈေးကွက်သို့ စံချိန်တင်ဝင်ရောက်သော်လည်း သင်္ကြန်တွင်းအသုံးများသည့်အတွက် ရောင်းကုန်ခဲ့၍ ဈေးနှုန်းမကျကြောင်း၊ စားအုန်းဆီ၊ ငရုတ်ဈေးနှုန်းများမှာ မြင့်တက်မှုမရှိဘဲ ဈေးငြိမ်နေကြောင်း၊ ထန်းလျက်ဈေးနှုန်းမြင့်တက်သော်လည်း သကြားဈေးနှုန်းမှာမူ ပြည်ပမှ တင်သွင်းလာမှုကြောင့် တစ်ပိဿာ ငွေကျပ် ၉၀၀ ဝန်းကျင်သာရှိကြောင်း ဈေးကွက်မှ သိရသည်။

ဧပြီ ၇ ရက် စားအုန်းဆီလက်ကား တစ်ပိဿာ ငွေကျပ် ၁၅၇၀၊ ဝါးခယ်မ ငရုတ်ရှည် တစ်ပိဿာငွေကျပ် ၂၂၅၀ ၊ အာလူး တစ်ပိဿာငွေကျပ် ၃၀၀-၄၀၀-၅၁၀-၅၆၀-၅၇၀၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၉၅၀-၁၀၅၀-၁၃၅၀-၁၅၅၀၊ သကြား တစ်ပိဿာ ငွေကျပ် ၈၈၀-၉၀၀-၉၂၀ နှုန်းဖြင့် ဈေးနှုန်းငြိမ်နေကြောင်း သိရသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၄-၂၀၁၄

ရွှေဈေးနှုန်း (အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၉၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၃၀၁၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၀၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ်ဂ၁၄
ဒီဇယ်	တစ်လီတာ	ကျပ်၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ်၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ်၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၃၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆ဂ၀၀-၉၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၆၅၀၀-ဂ၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၉၅၀၀-၁၄၀၀၀
ဂ။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၀၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-ဂ၀၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-ဂ၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၅-၉၇၀
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၇၉
ထိုင်း	တစ်ဘတ်	ကျပ် ၃၁.၆-၃၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၅-၁၆
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၅-၃၀၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

ဆန်(ဇီယာအသစ်)	တစ်အိတ်	၁၅၅၀၀
ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁ဂ၂၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၃၅၀၀-၂၇၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၆၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂ဂ၅-၄၃၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၅၀-၁၄၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၀၀-၅၇၀
ငရုတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၅၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၁၀၀-၄၅၀၀
သကြား	တစ်ပိဿာ	ဂဂ၀-၉၂၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဓာတ်ပုံရိုက်သည်။ ဧော့ဒင်ပြသည်။

ကာရံထားခြင်းမရှိသည့် ရေတွင်းထဲကလေးတစ်ဦး ပြုတ်ကျသေဆုံး

နေပြည်တော် ဧပြီ ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကလေးငယ်တစ်ဦး ရေတွင်းထဲပြုတ်ကျ၍ သေဆုံးမှု တစ်ခုဖြစ်ပွားခဲ့သည်။

ဧပြီ ၇ ရက်ညနေ ၆ နာရီခွဲတွင် ဒုရဲအုပ်အောင်ဇော်ထူးသည် ပျဉ်းမနားမြို့မရဲစခန်းတွင် တာဝန်မှူးတာဝန် ဆောင်ရွက်နေစဉ် ကလေးငယ်တစ်ဦး ရေတွင်းထဲပြုတ်ကျ သေဆုံးကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မောင်ထွန်းနိုင် တစ်နှစ်သုံးလဖြစ်ပြီး ၃ လမ်း မြို့သစ်ရပ် ရွာကောက်ရပ်ကွက် ပျဉ်းမနားမြို့နေသူဖြစ်ပြီး ယင်းကလေးငယ်မှာ မွန်းလွဲ ၂ နာရီက နေအိမ်ခြံဝင်းအတွင်း ဆော့ကစားနေရာမှ ပျောက်ဆုံးသွားသဖြင့် မိခင်ဖြစ်သူ မအေးခိုင် ၃၂ နှစ်မှာ လိုက်လံရှာဖွေသော်လည်း မတွေ့ရှိခဲ့ပေ။

ခြံဝင်းအတွင်း ခုနစ်ပေခန့်အကွာတွင်ရှိသော ပေါင်ခတ်ထားခြင်းမရှိသည့် ရေတွင်းအတွင်းသို့ မောင်ထွန်းနိုင်၏ဖခင် ဖြစ်သူ ဦးစိုးမင်းဦးက ညနေ ၆ နာရီတွင် ဆင်း၍ ရှာဖွေရာ ရေတွင်းအနက်ရှစ်ပေ၊ ရေပြင်မှ အောက်ခြေအထိ နှစ်ပေ၊ ရေတွင်းအကျယ် အချင်း လေးပေခန့်ရှိသော ရေတွင်းထဲတွင် သေဆုံးနေကြောင်း တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

စစ်ဆေးဆောင်ရွက်

ပျဉ်းမနား ရဲတပ်ဖွဲ့မှ ကလေး၏ အလောင်းကို စစ်ဆေးခဲ့ပြီး နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ တင်ပို့ခဲ့ပြီး အမှုကို ပျဉ်းမနားမြို့မရဲစခန်းမှ ဒုရဲမှူး မျိုးသန်းဝင်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၈၃သိန်းကျော် ကုန်ကျသည့် မြေသားတာပေါင်လမ်း ဖောက်လုပ်ပြီးစီး

ခင်ဦး ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၈၃ ဒသမ ၁၂၅ ဖြင့် ထနောင်းကိုင်းလေး၊ ထနောင်းကိုင်းကြီးလမ်း လမ်းအရှည် ခုနစ်မိုင်တစ်ဖာလုံ အကျယ် ပေ ၅၀ မြေသားတာပေါင်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ပြီ ဖြစ်ကြောင်းသိရသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ ဦးအောင်မျိုးငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ငွေတို့၏ ကြီးကြပ်မှုဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြေသားတာပေါင်လမ်းမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း လမ်းဖြစ်မြောက်ရေး ဆောင်ရွက်နေသူများထံက သိရသည်။

အဆိုပါ လမ်းဖောက်လုပ်ပြီးစီးသဖြင့် ဒေသရှိ ကျေးရွာပေါင်းကိုးရွာမှ ရွှေဘို၊ မြစ်ကြီးနားလမ်းနှင့် ချိတ်ဆက်ကာ ဒေသချင်းဆက်စပ်လျက်ရှိသော ခင်ဦး၊ ရွှေဘို၊ ကန့်ဘလူ၊ မန္တလေး မြို့ကြီးများသို့ ရာသီမရွေးသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို မြို့ပြနေပြည်သူများနှင့် မခြားအကျိုးခံစားနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

CLAIMS DAY NOTICE
M.V DELPHINUS VOY:NO (V.348)

Consignees of cargo carried by M.V DELPHINUS Voy: No. (V.348) are here by notified that the vessel will arrive on about 12-04-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily **from 08:00 AM to 11:20 AM** and **12:00 NOON to 4:00 PM** to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE
M.V ALAW VOY:NO (V.4)

Consignees of cargo carried by M.V ALAW Voy: No. (V.4) are here by notified that the vessel will arrive on about 11-04-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily **from 08:00 AM to 11:20 AM** and **12:00 NOON to 4:00 PM** to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၂၉၂ ဟုခေါ်တွင်သော ဧရိယာ ၂ ဒသမ ၃၂၇ ဧကရှိမြေကွက်နှင့် မြေကွက်အမှတ် ၂၉၃ ဟုခေါ်တွင်သော ဧရိယာ ၂ ဒသမ ၈၄၁ ဧကရှိမြေကွက် စုစုပေါင်း ဧရိယာ ၅ ဒသမ ၁၆၈ ဧကရှိ မြေကွက်နှစ်ကွက်ကို ငွေသွင်းချလန်ပြေစာအရ အမည်ပေါက်တည်ရှိသူထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးဟန် ၁၂/မရက(နိုင်)၁၁၈၁၇၅ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်း)ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	ဒေါ်အိမ့်ဖြူနိုင်	ဒေါ်ရတနာနွေး
LL.B	LL.B,D.B.L,D.M.L	LL.B, D.B.L
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)	(စဉ်-၃၈၄၉၇)

အာရှမြေ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၄၁၅၊ ၀၉-၇၃၁၆၉၃၀၀၊ ၀၉-၇၃၁၅၀၆၄၀

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၃၄၁/ဂ ဟုခေါ်တွင်သော (အလျား ၂၃ပေ×အနံ ၅၆ပေ)ရှိ အိမ်ခြံမြေနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ အိမ်ခြံမြေနှင့်ပတ်သက်၍ မိမိတို့သာပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးစိန်မောင် ၁၂/အစန(နိုင်)၀၃၀၂၇၂ နှင့် သမီး ဒေါ်ဇင်သင်းအောင် ၁၂/အစန(နိုင်)၁၄၉၅၆၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန့်စန္ဒာဝင်း (ဥပဒေဘွဲ့)
LL.B, D.B.L, D.M.L, D.I.L, P.D.S.W (Psy;)
C.A.E.S (ASEAN), B.D.S (MOFA)
အထက်တန်းရှေ့နေ (စဉ်-၃၀၄၇၁)
ဖုန်း-၀၉-၂၅၀၀၄၃၈၉၅

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်စန်းစန်းထွေး ၁၂/မဟန(နိုင်)၀၀၈၁၇၆ က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏သားအရင်းဖြစ်သူ မောင်ထက်လင်းအောင်(ခ)သားထက် ၁၂/ဒဂမ(နိုင်)၀၀၉၂၄၃ သည် မိဘများ၏အကြိမ်ကြိမ်ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါ။

ဒေါ်စန်းစန်းထွေး
၁၂/မဟန(နိုင်)၀၀၈၁၇၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်းရပ်ကွက်၊ အောင်မြေသာယာလမ်း၊ အမှတ် ၁၆ဟုခေါ်တွင်သော (အလျား၇၈ပေ×အနံ ၄၆ပေ)ခန့်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းကျော်လင်း ဂ/ရနခ(နိုင်)၈၈၅၇၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax-၀၁-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပျောက်ဆုံးသွားသောခရီးသည်အိတ် ရထားရဲမှပြန်ရှာပေး

ပျဉ်းမနား ဧပြီ ၈

ဧပြီ ၃ ရက် နံနက် ၄ နာရီခွဲခန့်က ရန်ကုန်မှ ပျဉ်းမနားသို့ အမှတ်(၇)အဆန်ရထားဖြင့် စီးနင်းလိုက်ပါလာသည့် ခရီးသည် မသက်မူအောင် (၃၅နှစ်) ရန်အောင်(၂)ရပ်ကွက် ပျဉ်းမနားမြို့နယ်နေသူ၏ အနက်ရောင်စလင်းဘက်အိတ်တစ်လုံးနှင့် အတွင်းတွင် မသက်မူအောင် အမည်ပါ ဘဏ်လက်ကျန် ၈၅၀၁၁၁ ပါ ဘဏ်စာအုပ်တစ်အုပ်၊ ဦးခင်မောင်စိုး၊ ဒေါ်အေးအေး အမည်ပါ ဘဏ်လက်ကျန် ၆၅၆၀၁၃၂ ပါ ဘဏ်စာအုပ် တစ်အုပ်၊ မသက်မူအောင်၏ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ ဖုန်းနံပါတ်ပါ Nokia အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ အမှုစာရွက် ငါးရွက်၊ ငွေစက္ကူရောရာ ၂၀၀၀၀ တို့မှာ ရေနီဘူတာနှင့် ပျဉ်းမနား ဘူတာကြားတွင် ပျောက်ဆုံးသွား၍ ကူညီစုံစမ်းရှာဖွေပေးရန် ဧပြီ ၃ ရက် နံနက် ၇ နာရီက ရထားတပ်ဖွဲ့၊ အမှတ်(၉)တပ်ဖွဲ့၊ တပ်စု (၂) ပျဉ်းမနားသို့ လာရောက် အကြောင်းကြားခဲ့သည်။

ဖြစ်စဉ်အား သိလျှင်သိချင်း တပ်စု(၂)ပျဉ်းမနားမှ တပ်စုမှူး ဒုရဲအုပ်မိုးကျော်အောင်နှင့်အဖွဲ့က ပျဉ်းမနားဘူတာနှင့် ရေနီဘူတာရှိ ရထားရဲတပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းစုံစမ်းခြင်း၊ မြန်မာ့ဆက်သွယ်ရေး တာဝန်ခံ ဦးသိန်းဟုတ်၊ ဘဏ်မန်နေဂျာ ဦးမင်းဟိန်းတို့အား အသိပေးအကြောင်းကြားခြင်း၊ အမာခံသတင်းပေးများနှင့် စုံစမ်းခြင်း၊ ပျောက်ဆုံးသွားသော တယ်လီဖုန်းနံပတ်အား မကြာခဏ ဆက်သွယ်ခဲ့ရာ အိတ်မှာရထားတွဲပေါ် လူသွားလမ်းတွင် တွေ့ရှိ၍ ကောက်ယူခဲ့ကြောင်းနှင့် ပြန်လည်ပို့ပေးမည် ဖြစ်ကြောင်း အမျိုးသားတစ်ဦးက ဖုန်းဖြင့် ဖြေကြားခဲ့သည်။

ဒုရဲအုပ်မိုးကျော်အောင်အဖွဲ့က ဆက်လက်စုံစမ်းနေစဉ် ဧပြီ ၃ ရက် နံနက် ၁၀နာရီခန့်က ပျဉ်းမနားဘူတာအဝင် သံလမ်းကူးအနီး အမှိုက်ပုံမှ ပျောက်ဆုံးသွားသော စလင်းဘက်အိတ်အခွံအားလည်းကောင်း၊ အိတ်အတွင်းပါရှိသော ပစ္စည်းများအား မွန်းလွဲ ၁၂ နာရီခွဲတွင် အမှတ် (၁၂) အစုန်ရထားထိန်း ဦးခင်မောင်ဦးထံ တပ်ကုန်းဘူတာမှ အမည်မသိ၊ အသားမည်း၊ အရပ်ပုလူတစ်ဦးက လာပေးသွားကြောင်း ပြောပြအပ်ပေးသဖြင့် ပျောက်ဆုံးသွားသော ပစ္စည်းများ စုံလင်စွာ ပြန်လည်ရရှိပြီး ပိုင်ရှင်ဖြစ်သူ မသက်မူအောင်အား ပြန်လည်လွှဲပေးနိုင်ခဲ့ကြောင်း သိရသည်။

ရထားရဲ

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၃ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၀၃ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၇၂၂ ဦး၊ သေဆုံး ၈၀ ဦး ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့ အတွက် ယာဉ်မောင်းသူအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူးစည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်းမပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲစီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသော စာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများရေးသား ချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

ယာဉ်ထိန်းရဲတပ်ဖွဲ့

တာမွေမြို့နယ်တွင် လမ်းလယ်တားတုံးနှင့်ဓာတ်တိုင်အား ယာဉ်တစ်စီး ဘရိတ်ပေါက်၍ တိုက်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ်ကွက် သျှင်ပါကူမှတ်တိုင်အလွန် E.P.C အနောက်ဝင်ပေါက်ရှေ့ ဗညားဒလလမ်းပေါ်၌ ဧပြီ ၆ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ကုမ္ပဏီဝန်ထမ်းကြိုပို့ယာဉ်ဖြစ်သော ယာဉ်မောင်း ဇင်သော်အောင် ၃၄ လမ်း (၂)ရပ်ကွက် ကျောက်တံတားမြို့နယ်နေသူ မောင်းနှင်၍ ငါးဦးလိုက်ပါလာသော YGN-6F/--- (နံပါတ်မည်း)၊ HIGET-အဖြူရောင်ယာဉ်ငယ်(ပိုင်)က တာမွေအဝိုင်းဘက်မှ ကျောက်မြောင်းဘက် ဦးတည်မောင်းနှင်လာရာ ဘရိတ်ပေါက်သဖြင့် အဆိုပါနေရာ လမ်းအလယ်ရှိ လမ်းလယ်တားတုံးများနှင့် ဓာတ်တိုင်ကို တိုက်မိပြီး တစ်ဖက်ယာဉ်ကြောသို့ အရှိန်လွန်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မိမှုကြောင့် လမ်းလယ်ရှိ ဓာတ်တိုင်တစ်တိုင် လဲကျပြီး ယာဉ်ရှေ့ပိုင်း ပိန်ချိုင့်ပျက်စီးခဲ့ပြီး ယာဉ်ပေါ်လိုက်ပါလာသူများမှာ ထိခိုက်ဒဏ်ရာမရရှိကြောင်းနှင့် ယာဉ်ထိန်းရဲများ ရောက်ရှိလာပြီး ရပ်ကွက် သက်သေများနှင့်အတူ မှတ်တမ်းယူ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် ဧပြီ ၈

ဧပြီ ၆ ရက် နံနက်၂ နာရီ ၃၇ မိနစ်က ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် (၅/၁)ရပ်ကွက် ယုဇနလမ်း မ/၈၂ တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဦးကျော်နိုင်၏ နေအိမ်ဧည့်ခန်းရှိ မီးပလပ်ခုံမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားပြီး တီဗွီနှစ်လုံးနှင့် အီးဗီဒီစက်တစ်လုံးတို့ကို မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး သုံးမိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်းသိရကာ မီးလောင်မှုကြောင့် တီဗွီနှစ်လုံးနှင့် အီးဗီဒီစက်တစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ရကြောင်း သိရသည်။

ယင်းကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ဦးကျော်နိုင်ကို ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် ဈေးတန်းရပ်ကွက်တွင် သန်းခေါင်စာရင်းဆက်လက်ကောက်ယူလျက်ရှိရာ မိုင်းယန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးဦးနှင့် လဝကဦးစီးမှူး ဦးကျော်ကျော်နိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ မောင်မောင်နိုင်(iprd)

ပို့ဆောင်ရေးဝန်ကြီးဌာန
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) များ ခေါ်ယူခြင်း

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအစား	အရေအတွက်
1.	1Q/DWIR (2014-15)	Mini Bus	1 No.
2.	2Q/DWIR (2014-15)	Discharge Pipe (300 mm)	6 Nos
		Discharge Pipe (500 mm)	3 Nos
3.	3Q/DWIR (2014-15)	Mild Steel Plate (8'x4'x4.5mm)	16 Tons
4.	4Q/DWIR (2014-15)	Paint [illegible]	1 Lot
5.	5Q/DWIR (2014-15)	GPS Map Sounder	10 Sets
6.	6Q/DWIR (2014-15)	LEVEL	10 Sets
7.	7Q/DWIR (2014-15)	Total Station (China)	3 Set
8.	8Q/DWIR (2014-15)	GPS (R.T.K) [illegible] (China)	1 Set
9.	9Q/DWIR (2014-15)	River Surveyor	1 Set
10.	10Q/DWIR (2014-15)	Colour Copier Machine (Canon A3)	2 Nos
11.	11Q/DWIR (2014-15)	Computer Intel Core i7	5 Nos
12.	12Q/DWIR (2014-15)	Printer (Mono)	5 Nos
		Printer (Colour)	3 Nos
13.	13Q/DWIR (2014-15)	Flexible Steel Wire (10mm dia)	2 Nos
		Flexible Steel Wire (14mm dia)	4 Nos
		Flexible Steel Wire (16mm dia)	3 Nos
		Flexible Steel Wire (18mm dia)	6 Nos
		Flexible Steel Wire (24mm dia)	4 Nos
14.	14Q/DWIR (2014-15)	Welding Electrode	300 Kg
15.	15Q/DWIR (2014-15)	Two Wheel Grass Cutter	1 No
16.	16Q/DWIR (2014-15)	Office Chair (Swivel)	30 Nos
		Office Chair (Arm with Sofa)	15 Nos
17.	17Q/DWIR (2014-15)	Steel Cabinet (DA 1A)	10 Nos
18.	18Q/DWIR (2014-15)	Battery (All Size)	1 Lot
19.	19Q/DWIR (2014-15)	Tyre (All Size)	1 Lot
20.	20Q/DWIR (2014-15)	Stationary Accessories	1 Lot
21.	21Q/DWIR (2014-15)	Computer & Copier Accessories	1 Lot

ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၉၁၅၃၃

ရွှေကြာစည် 12,13
Apr 17, 18, 25

ရောင်းမည်

ပုသိမ်မြို့အဝင်လမ်းဆုံ၊ ရုပ်တုအဝိုင်းကြီးအနီး တက္ကသိုလ်လမ်းမပေါ် RC နှစ်ထပ်တိုက်၊ ရေမီးအစုံနှင့် မြေပိုပါ။
၀ ဒသမ ၁၃၇ ဧက ပေ (၄၀×၁၅၀)
ဖုန်း-၀၁-၅၈၁၁၁၈ ၊ ၀၉-၅၀၂၃၀၅၃

အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၅ ရပ်ကွက်၊ အမှတ် ၉၈၂နေ ဦးဝင်းမော်၏သမီး မရီဝင်းမော်(ခ)မနီဝင်းအေး ၁၂/ဒဂရ(နိုင်)၀၀၆၂၁၆သည် တစ်ဦးတည်းဖြစ်ပါသည်။

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအမှတ် ၅၊ ကွင်းအမည်(ရှမ်းတောအရှေ့တောင်)၊ မြေကွက်အမှတ် ၂၂၀၊ ဦးပိုင်အမှတ် ၁၄၈၊ အိမ်အမှတ် ၆၉၁၊ ဧရိယာ ၀ဒသမ၁၇၂ဧကရှိ မြေကွက်အား မြေငှားဂရန်အမှု တွဲအမှတ် ၂၁၂/၂/၁၉၂၉-၁၉၃၀နှင့် ဒေါ်လှဝင်းအမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်လှဝင်းက သားဦးဝင်းသိန်းနိုင် ၁၂/မရက(နိုင်)၀၆၈၇၁၇သို့ မေတ္တာဖြင့် တရားဝင် အပိုင်ပေးကမ်းစာချုပ်ဖြင့် ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ ကျွန်ုပ်ဦးဝင်းသိန်းနိုင်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းသိန်းနိုင်
၁၂/မရက(နိုင်)၀၆၈၇၁၇
ရှမ်းစုရပ်၊ မိုးကုတ်မြို့

ပျောက်ဆုံး

မောင်နေမျိုးသူရရန်နိုင် (CDC No.89036)၏ SSA လက်မှတ် ပျောက်ဆုံး၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၂၅၂၉၅၅၈၄**

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အလက(၃)၊ ပဋ္ဌမတန်း(ခ)တွင် ပညာသင်ကြားနေသော မယုထက်ထက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိန်စိုးမင်းဖြစ်ပါကြောင်း။ **ဦးစိန်စိုးမင်း**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုးပိုင်လွင်၏ နိုင်ငံကူးလက်မှတ်အမှတ် M-111725 သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၀၅၅၄၆၂**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ရွှေနားပန်ဘုရားလမ်းနေ ဦးစိုးပိုင်-ဒေါ်တင်တင်ထွေးတို့၏သား မောင်မင်းစိုးဦး ၁၂/ဒဂတ(နိုင်)၀၉၃၈၂သည် မိဘတို့ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သော ကိစ္စများကို မိမိသဘောအတိုင်း ပြုလုပ်ဆောင်ရွက်သွားပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစိုးပိုင်-ဒေါ်တင်တင်ထွေး

သွေးသည် အသက်

ကြော်ငြာ

MYANMA POSTS AND TELECOMMUNICATIONS
MPT
ဧပြီလ ၁၂ ရက်မှ ၂၁ ရက်နေ့အတွင်း ဖုန်းငွေဖြည့်ခြင်းများအတွက်
အတာသင်္ကြန်နှစ်ကူးလက်ဆောင်အဖြစ်
မိုဘိုင်းဖုန်းပြောဆိုချိန် ၂၀%
အပို ထပ်မံရရှိပါမည်။
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏
သင်္ကြန်လက်ဆောင်
Myanmar Post & Telecommunication
GSM / CDMA
Prepaid
Top Up Card
5000 / 10000 / 30000 Ks
■ ဧပြီလ ၁၂ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း ဝယ်ယူ၍ ငွေဖြည့်သော GSM • WCDMA • CDMA ငွေဖြည့်ကတ်များအား ဖုန်းပြောဆိုခ ၂၀% ထပ်ဆောင်းပေးအပ်သွားမည် ဖြစ်ပါသည်။
■ ၅၀၀၀ ကျပ် + ၂၀% = ၆၀၀၀ ကျပ် (အချိန်ဖိုး ၂၀ မိနစ် ထပ်ဆောင်းရရှိပါမည်။)
■ ၁၀၀၀၀ ကျပ် + ၂၀% = ၁၂၀၀၀ ကျပ် (အချိန်ဖိုး ၄၀ မိနစ် ထပ်ဆောင်းရရှိပါမည်။)
■ ၂၀၀၀၀ ကျပ် + ၂၀% = ၂၄၀၀၀ ကျပ် (အချိန်ဖိုး ၈၀ မိနစ် ထပ်ဆောင်းရရှိပါမည်။)
■ ၃၀၀၀၀ ကျပ် + ၂၀% = ၃၆၀၀၀ ကျပ် (အချိန်ဖိုး ၁၂၀ မိနစ် ထပ်ဆောင်းရရှိပါမည်။)
■ ထပ်ဆောင်းပေးအပ်ထားသော ဖုန်းပြောဆိုခ ၂၀% အား ငွေဖြည့်သည့် နေ့မှ စ၍ ၁၀ ရက်အတွင်းသာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။
မည်သည့် ဖုန်းငွေဖြည့်ကတ်နှင့်မဆို အသုံးပြုနိုင်ပါသည်။
အသေးစိတ် သိရှိလိုပါက www.mcit.gov.mm (သို့) 1876 သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနဆိုင်ရာ

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်အပေါ် သက်ဆိုင်ရာဌာန၏ဆောင်ရွက်ချက်အားပြန်ကြား

- ဆားလုပ်ငန်းရှင်တစ်ဦးမှ နှစ်ပေါင်း ၆၀ ခန့် လုပ်ကိုင်ခဲ့သော်လည်း လ/န-၃၉ မရကြောင်း၊ ပြည်နယ်လွှတ်တော်သို့ အဆင့်ဆင့်တင်သွင်းလာသည့် မြေယာဥပဒေ ၃၀(က)နှင့်အညီ ဆားကျင်းများအားထုတ်၍ အတည်ပြုပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းလာမှုနှင့်ပတ်သက်၍ ဆားလုပ်ငန်းလုပ်ကိုင်မည့်မြေသည် လယ်ယာမြေဥပဒေပုဒ်မ ၃(က)အရ လယ်ယာမြေဖြစ်ပါက လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၀ အရ လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ ဆားလုပ်ငန်းလုပ်ကိုင်မည့်မြေသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂(င)(စ)အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဖြစ်ပါက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၄ အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်ရရှိလိုသူက လျှောက်ထားရမည်ဖြစ်ပါသည်။ ဆားလုပ်ငန်းလုပ်ကိုင်လိုသူသည် ဆားလုပ်ငန်းဥပဒေပုဒ်မ ၄ နှင့်အညီ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

- စက်သုံးဆီအရောင်းဆိုင်များတွင် အခြင်အတွယ်အား Litre စနစ်ဖြင့် ရောင်းချလျက်ရှိရာတွင် အခြင်အတွယ်သတ်မှတ်ချက်အား အိမ်နီးချင်းနိုင်ငံများ၏ စံသတ်မှတ်ချက်၊ စက်သုံးဆီအသင်း၊ ရောင်းချသူများနှင့် ညှိနှိုင်း၍ မှန်ကန်သော စံနှုန်း၊ စံခွက် သတ်မှတ်ဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြလာသည့်ကိစ္စနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လီတာအခြင်အတွယ်ဖြင့် ရောင်းချသည့် စက်သုံးဆီအရောင်းဆိုင်များအတွက် စံလီတာ ဖန်ပြွန်/ဖန်ခွက်များအသုံးပြု၍ စစ်ဆေးဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်လိုင်စင်ခွင့်ပြုချက် ရယူထားသော စက်သုံးဆီအရောင်းဆိုင်များသည် စက်သုံးဆီရောင်းချရာတွင် စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်သတ်မှတ်ထားသည့် အခြင်အတွယ်ဖြစ်သော တစ်ဂါလန်လျှင် ၄ ဒသမ ၅၄၆ လီတာနှင့် ရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ် ဓာတ်ဆီဖြန့်ဖြူးထုတ်ပေးရာတွင် တရားဝင်သတ်မှတ်ထားသော လီတာအခြင်အတွယ်နှင့်ထုတ်ယူခွင့်ပြုပါရန် အကြံပြုတင်ပြလာသည့်ကိစ္စနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနမှ ဖြန့်ဖြူးရောင်းချပေးသည့် ပြည်တွင်းထုတ် ဓာတ်ဆီ၏ရောင်းဈေးနှုန်းအား တစ်ဂါလန်ရောင်း ဈေးနှုန်းဖြင့် သတ်မှတ်ရောင်းချပေးခြင်းဖြစ်သဖြင့် ဂါလန်ဖြင့်သာ သတ်မှတ်ထုတ်ပေးခြင်း ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

- စက်သုံးဆီ(ဒီဇယ်)ဝယ်ယူရာတွင် တစ်ပီပါလျှင် ၂၂၀ ဒသမ ၂၁၈ လီတာနှုန်းဖြင့် ဝယ်ယူခဲ့ပြီး ရောင်းချသည့်အခါတွင် တစ်ပီပါလျှင် ၂၂၅ လီတာနှုန်းဖြင့် ပြန်လည်ရောင်းချရသဖြင့် ငါးလီတာကွာခြားနေရာ ဝယ်ယူသူအနေဖြင့် ဒီဇယ်တစ်လီတာ ၉၁၅ ဒသမ ၅၅ ကျပ်ဖြင့် ဝယ်ယူရသဖြင့် ငါးလီတာလျှင် ၄၅၇၈ ကျပ် နစ်နာမှု ငွေကျပ် ၄၆၀၀ ခန့် ကွာခြားနေပါသဖြင့် ကုမ္ပဏီနှင့် ရောင်းချသည့် ဆီဆိုင်လီတာစံနှုန်းကိုက်ညီအောင် ဆောင်ရွက်ပေးပါရန် တင်ပြလာသည့်ကိစ္စနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနမှ ပုဂ္ဂလိကစက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့သည့် အချိန်မှစ၍ ဖြန့်ဖြူးရောင်းချသည့်ဈေးနှုန်းကို ထိန်းချုပ်ကန့်သတ်ထားခြင်းမရှိပါကြောင်း၊ တစ်ဂါလန်လျှင် ၄ ဒသမ ၅၄၆ လီတာစံနှုန်းအတိုင်း ဝယ်ယူရောင်းချမှုများကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းနှင့် ၎င်းစံနှုန်းအတိုင်း စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

- စက်သုံးဆီဆိုင်ရောင်းချခွင့်တင်ပြ၍ လိုင်စင်ရယူရောင်းချရန် ငွေအင်အားမတတ်နိုင်သူများအား တစ်ပိုင်တစ်နိုင်ရောင်းချခွင့်ပြုနိုင်ရေး အကြံပြုတင်ပြလာသည့် ကိစ္စနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ခေတ်မီလုံခြုံစနစ်ကျသော စက်သုံးဆီအရောင်းဆိုင်သစ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ်ပေးခြင်းဖြစ်သဖြင့် တစ်ပိုင်တစ်နိုင်ရောင်းချခွင့်ကို ခွင့်ပြုပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

- ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အသစ် အဆိုပြုလျှောက်ထားခြင်းကိစ္စတွင် အထောက်အထားသုံးချက်ပြည့်စုံပြီး စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများတင်သွင်း သိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီတို့မှ စိစစ်ပြီး ခွင့်ပြုချက်ရယူ၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတွင်းဦးစီးဌာနတို့မှ ပညာရှင် အရာထမ်းများ ပါဝင်ကွင်းဆင်းစစ်ဆေးထားသော စက်သုံးဆီဆိုင်အသစ်အား ပတ်ဝန်းကျင်တစ်စုံတစ်ယောက်၏ ပယောဂကြောင့် တိုင်ကြားလာပါက ဆိုင်ဖွင့်ခွင့်ရပ်ဆိုင်းခဲ့ကြောင်း တွေ့ရှိရပါသဖြင့် အဆိုပါ ကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်ရေး အကြံပြုတင်ပြလာသည့် ကိစ္စနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် တိုင်ကြားကန့်ကွက်မှုခိုင်လုံပါက ထပ်မံကွင်းဆင်းစစ်ဆေးခြင်း၊ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များထံသို့ သဘောထားမှတ်ချက် ထပ်မံတောင်းခံခြင်းများ ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များထံမှ သဘောထားမှတ်ချက်ပြန်ကြားလာမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပါသည်။

- ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များသို့ ဓာတ်ဆီဖြန့်ဖြူးပေးမှု ပမာဏလျှော့ချဖြန့်ဖြူးကြောင်း သိရှိရပါသည်။ ဓာတ်ဆီဖြန့်ဖြူးမှုပမာဏကို ယခင်နှုန်းထားအတိုင်း/သို့မဟုတ် ယခင်နှုန်းထားထက် ပိုမိုဖြန့်ဖြူးပေးနိုင်ရန်၊ အရည်အသွေးမြှင့်တင်ပေးနိုင်ရန်နှင့် သို့မှသာ နိုင်ငံတကာစံနှုန်းနှင့်အညီ တန်းတူယှဉ်ပြိုင်နိုင်လိမ့်မည်ဟု အကြံပြုတင်ပြလာသည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ (Reform Strategy) အရ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မကြာမီလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ပြီး ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေး ဆန်ဆန်ဆောင်ရွက်သွားတော့မည်ဖြစ်ရာ ပြည်တွင်းထုတ်ဓာတ်ဆီကို အရှုံးခံထုတ်လုပ်ဖြန့်ဖြူးပေးခြင်းအား လျှော့ချရပ်ဆိုင်းလိုက်သည့်အချိန်တွင် ပုဂ္ဂလိကအစီအစဉ်ဖြင့်သာ 92 Ron ဓာတ်ဆီကို ပြည်ပမှ အပြည့်အဝ ဝယ်ယူတင်သွင်းပြီး ပုဂ္ဂလိကအရောင်းဆိုင်များမှ လိုသလောက်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

- ကျိုင်းတုံမြို့သည် နေပြည်တော်နှင့် အလှမ်းကွာဝေးပါသဖြင့် နယ်စပ်ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်မြို့များရှိ ဆီဆိုင်များကို လိုင်စင်သက်တမ်းတိုးရာတွင် ကျိုင်းတုံဌာနခွဲမှတစ်ဆင့် လိုင်စင် သက်တမ်းတိုးခွင့်ပြုပါလျှင် ပိုမိုကောင်းမွန်သည့်အကြောင်း အကြံပြု တင်ပြလာသည့်ကိစ္စနှင့် ပတ်သက်၍ နှစ်စဉ်လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များအတွက် ကျိုင်းတုံဌာနခွဲမှ တစ်ဆင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင်များအတွက် ရွှေညောင်ဌာနခွဲမှတစ်ဆင့် လည်းကောင်း လိုင်စင်သက်တမ်းတိုးခွင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး အခြေခံသင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)၏ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် ၂/၂၀၁၄ ဆင်းပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေဂုံတိုင် လူမှုဝန်ထမ်းဦးစီးဌာန တိုင်းရုံးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်ဇော်မိုးနှင့်တွဲဖက်ဦးစီးမှူး၊ ဦးစီးအရာရှိများ တက်ရောက်ပြီး သင်တန်းသူများလက်တွေ့ပြုလုပ်ထားသည့် သင်ကြားရေးဆိုင်ရာ လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အခြေခံသင်တန်းဆင်းလက်မှတ်များကို လူမှုဝန်ထမ်းဦးစီးဌာနတိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများကတစ်ဦးချင်းပေးအပ်ပြီးသင်တန်းသူမရွှေရည်ထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ သင်တန်းသူများက အဖွဲ့လေးဖွဲ့ခွဲ၍ ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာသီချင်း၊ ကဗျာ၊ သရုပ်ဖော်ဇာတ်လမ်းတိုများဖြင့် ကပြဖျော်ဖြေကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဖွင့်လှစ်လျက်ရှိသော ပုဂ္ဂလိက မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ရန်ပြင်ဆင်နေသည့်ကျောင်းများ၊ စိတ်ပါဝင်စားသူများ သင်တန်းသူ၆၈ ဦး တက်ရောက် သင်ကြားခဲ့သည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၁ ရက်မှ ဧပြီ ၆ရက်အထိ ကြာမြင့်ခဲ့သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

အထူးကုဆရာဝန်ကြီးများအခမဲ့ဆေးကုသ

လဲချား ဧပြီ ၈

ကျေးလက်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်နှင့်ပြည်သူများ ကျန်းမာရေး အသိပညာများ ပိုမိုရရှိစေရန် အတွက်ရည်ရွယ်၍ ရှမ်းပြည် (တောင်ပိုင်း) လွိုင်လင်ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်ထွေး ဦးဆောင်သောအဖွဲ့သည် ဧပြီ ၄ ရက် နံနက် ၈ နာရီခွဲမှညနေ ၄နာရီထိ လဲချားမြို့နယ် ပြည်သူ့ဆေးရုံတွင် ဒေသခံပြည်သူ ၄၇၁ ဦးကို လိုအပ်သောဆေးကုသခြင်းနှင့် ဆေးဝါးများ ပေးခြင်းကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆေးကုသရေးအဖွဲ့တွင် လွိုင်လင်ခရိုင်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး၊ သမားတော်၊ ခွဲစိတ်ဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ သွားဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်ငါးဦး၊ အထက်တန်း သူနာပြုသုံးဦးနှင့် သူနာပြု လေးဦးပေါင်း ၁၉ ဦးလိုက်ပါခဲ့ကြောင်း သိရသည်။

နန်းမေစုအောင်



ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၅၇၆၊ မြေကွက်တည်နေရာအမှတ် ၅၇၆၊ (၂၈)ရပ်ကွက်၊ ဒဂုံမြောက် ဦးဘမော် TTA-၀၂၇၆၀၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘမော်ကွယ်လွန်သဖြင့် ဒေါ်တင်အုန်း ၁၂/အစန(နိုင်)၀၄၆၀၀၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၄၈၆၊ မြေကွက်တည်နေရာအမှတ် ၄၈၆၊ နိဂြောဓလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ထွားကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ထွားကြည်(ဇနီး)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောခင်ပွန်း ဦးခင်ဦး ၁၂/သကတ(နိုင်)၀၅၁၃၄၅မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈၊ မြေကွက်အမှတ် ၁၅၊ မြေကွက်တည်နေရာအမှတ် ၄၆၊ စံရိပ်ငြိမ် ၅လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ် (ဦးစန်း) အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဦးစန်းကွယ်လွန်သဖြင့် ဒေါ်သိန်းဝင်း ၁၂/ကမရ(နိုင်)၀၃၂၄၂၈က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဗမ္ဘူဒိပ်လမ်း၊ အမှတ် (၁/က)ဟုခေါ်တွင်သော နှစ်ခန်းတွဲ(၃½)ထပ် ကန်ထရိုက်တိုက်၏ သုံးလွှာ၊ ပထမထပ် (မြေရင်းခန်း)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ထားသူများဖြစ်သော ဦးသန့်ဇော်ကို ၁၂/သကတ(နိုင်)၁၃၀၆၈၁၊ ဒေါ်စန္ဒာဦး ၁၄/မမန(နိုင်)၁၅၀၉၂၂ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ အပြီးအပိုင်ဝယ်ယူရရှိပြီး အရောင်းအဝယ်ပြုလုပ်ပြီးစီးပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထက်ထက်ပိုင် LL.B	ဒေါ်နိုင်ငြိမ်းဆွေ LL.B	ဒေါ်မေဝင်းမော် LL.B
စဉ်-၉၇၄၆	စဉ်-၃၁၄၇၅	စဉ်-၃၃၂၃၂

တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**
အမှတ် ၅၀၊ ဒုတိယထပ်၊ အခန်း A-5၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၁၃၉၁၇၊ ၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၅၈၆/ခ၊ မြေကွက်တည်နေရာအမှတ် ၅၁၊ ရန်ပြေ ၁၄ လမ်းအရှေ့၊ ၃ရပ်ကွက်၊ သာကေတမြို့နယ် ဦးဝင်းမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းမြင့် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီး ဒေါ်စန်းစန်းအေး ၁၂/သကတ(နိုင်)၀၄၅၁၁၇တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၉၊ မြေကွက်အမှတ် ၁၀၆၀၊ မြေကွက်တည်နေရာအမှတ် ၁၀၆၀၊ (၁၄၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ဘေဘီသန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဘေဘီသန်းထံမှ မေတ္တာဖြင့် အပိုင်လွှဲပြောင်းပေးအပ်ခြင်းစာချုပ်ဖြင့် ဦးတင်ကျော်ကျော် ၁၂/မဂဒ(နိုင်)၀၇၁၃၁၅ မှ ပိုင်ဆိုင်၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ ဂရန် မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉-ဘီ၊ မြေကွက်အမှတ် ၁၅၆၊ မြေကွက်တည်နေရာအမှတ် ၁၅၆၊ ၃၉-ဘီ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ် ဒေါ်စန်းစန်းဝင်း ၁၂/စခန(နိုင်)၀၄၀၂၉၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းဝင်း ၁၂/စခန(နိုင်)၀၄၀၂၉၅ ကိုယ်တိုင်မှ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် နှစ် ၆၀ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ်(၁၂၇၈/ခ)၊ မြေကွက်တည်နေရာအမှတ် ၁၂၇၈/ခ၊ သလ္လာဝတီ ၃လမ်း၊ ၁၀/တောင်၊ သာကေတမြို့နယ် (ဒေါ်လချမ်း)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်လချမ်း(မိခင်)ထံမှ အရပ်ကတိမေတ္တာဖြင့် ပေးကမ်းစာချုပ်ဖြင့် (၁၀ပေ×ပေ ၆၀)အား ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်စန်း TKA-၀၆၉၉၁၀ နှင့် အမည်ပေါက် ဒေါ်လချမ်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် (၁၀ပေ×ပေ၆၀)အား ဝယ်ယူထားသူ ဒေါ်ခင်မြမြ ၁၂/ဥကတ(နိုင်)၀၆၀၂၂၃တို့မှ ပူးတွဲ၍ ပါမစ်ပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့ တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/စီ၊ မြေကွက်အမှတ် ၁၂/က²၊ ဧရိယာ ၀ဒသမ ၀၅၇၈ဧက၊ မြေကွက်တည်နေရာ အမှတ် ၁၈/၁၊ သရက်ကုန်းလမ်းတို၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် စောအီးအေ အမည်ပေါက် မြေပိုင်(လ/န-၃၉ ရပြီး)မြေအား အင်းစိန်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၅/၂၀၁၄အရ တရားနိုင် နော်လားရှီးဝါးအား အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်အတွက် တရားမဇာရီမှုအမှတ် ၈/၁၄အရ တရားရုံးများကိုယ်စား ဒေါ်အုန်းသွင်(ဘိလစ်)မှ မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈D၊ မြေကွက်အမှတ် ၁၉၉၊ မြေကွက်တည်နေရာအမှတ် ၁၄၊ စစ်ကိုင်းလမ်း၊ စမ်းချောင်းမြို့နယ် ကိုသာဆောင် အမည်ပေါက် နှစ် ၃၀ ဂရန်မြေအား တရားမကြီးမှုအမှတ် ၂၄/၂၀၁၃၊ တရားမဇာရီမှုအမှတ် ၃/၂၀၁၄ အရ စမ်းချောင်းမြို့နယ်တရားရုံးက တရားလို ဦးရန်နိုင်က တရားပြိုင် ဦးသာဆောင်အပေါ် စမ်းချောင်းမြို့နယ် လင်း/မြောက်ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ် ၁၄ ၏ မြေ/အိမ်ကို ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီတင်ပြ၍ တရားရုံး(ဘိလစ်)ဒေါ်ဆောင်းစန္ဒာဦး ၁၂/ကတတ(နိုင်)၀၂၄၅၂၈က အရောင်းမြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်းခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပုဂ္ဂလိက ကုမ္ပဏီအချို့မှ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာကြ

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ၏ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများအပြင် လူမှုရေးလုပ်ငန်းများတွင်လည်းကူညီဖြည့်ဆည်းထောက်ပံ့မှုများကို စီးပွားရေးလုပ်ငန်းများက ဆောင်ရွက်လျက်ရှိရာ ရွှင်ပြည့်စုံကုမ္ပဏီမှ ပညာရေးနှင့်ကျန်းမာရေးထောက်ပံ့ဖြည့်ဆည်းမှုပြုလုပ်သည့်ပွဲကို ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ် အင်းဝခန်းမ၌ ဧပြီ ၅ ရက် ညနေ ၆ နာရီက ကျင်းပခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်သူတွေအတွက် လူမှုရေးထောက်ပံ့ဖြည့်ဆည်းမှုတွေ ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်။ အခုအကြိမ်က ပထမဆုံးအကြိမ် ဖြစ်ပါတယ်"ဟု မန်နေဂျင်းဒါရိုက်တာ တန်ဝီပင်းက ပြောကြားသည်။

ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကျောက်ချောင်းပရိယတ္တိစာသင်တိုက်ရှိ အာယုဝဍ္ဎနအခမဲ့ ဆေးကုခန်းကို ပြည်သူများ ကျန်းမာရေးဆိုင်ရာ ဆေးဝါးကုသမှုအတွက် ငွေကျပ်ငါးသိန်း ပေးအပ်ခဲ့သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကဒုတ်ဘုရားကြီးကျေးရွာ ပညာရေးဖောင်ဒေးရှင်းသို့လည်း ဒေသခံကလေးများအတွက် ပညာရေးထောက်ပံ့မှု ငွေကျပ် ဆယ်သိန်း ပေးအပ်ခဲ့သည်။ တဖန် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်ရှိ သုခရိပ်မြုံကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့နှင့် ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့လည်း ကံစမ်းမဲပေါက်သော ဝန်ထမ်းများက ပြန်လည်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး Farfalla က ပျော်ရွှင်ဖွယ်ရာ ကံစမ်းမဲအစီအစဉ်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

ကျိုင်းတုံမြို့တွင် တိုင်းလိရက်ကန်းပညာ အမွေလက်ဆင့်ကမ်းပေးလျက်ရှိ

ကျိုင်းတုံ ဧပြီ ၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် တိုင်းလိယဉ်ကျေးမှု ကော်မတီသည် တိုင်းလိရက်ကန်းပညာတိမ်ကောပပျောက်မှုမရှိစေရေး၊ တိုင်းလိရက်ကန်းပညာကို မျိုးဆက်သစ် လူငယ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်ရေး၊ တိုင်းလိရက်ကန်းပညာဖြင့် ဒေသခံပြည်သူများ မိသားစုစီးပွားရေးအား အထောက်အကူအဖြစ် အသုံးပြုနိုင်စေရေးနှင့် ကျိုင်းတုံမြို့ရောက် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ အပါအဝင် ဒေသခံပြည်သူများ လေ့လာကြည့်ရှုနိုင်ကြစေရေး ရည်ရွယ်ချက်များဖြင့် ကျိုင်းတုံမြို့ အမှတ် (၃) ရပ်ကွက် မြို့သစ်ရပ်၊ ချယ်ရီလမ်းရှိ တိုင်းလိယဉ်ကျေးမှုခန်းမတွင် တိုင်းလိရက်ကန်းစင် နှစ်စင်နှင့် ရက်ကန်းလုပ်ငန်းသုံးပစ္စည်းများအား စီစဉ် ပေးထားခဲ့ရာ ကျိုင်းတုံမြို့ အမှတ် (၁) ရပ်ကွက် ကုန်းကျောင်းရပ်နေ ဒေါ်ပါခမ်းနှင့် ဆောက်ပျက်ရပ်နေ ဒေါ်နန်းလီတို့ တိုင်းလိရိုးရာ လွယ်အိတ်နှင့် ခြုံထဘက်တို့ကို ရက်လုပ်လျက်ရှိနေကြရာ တစ်နေ့လျှင်ဝင်ငွေ အနေဖြင့် ၈၀၀၀ ကျပ်မှ ၁၀၀၀၀ အတွင်း ရရှိလျက်ရှိနေကြကြောင်း သိရသည်။

ပျော်ရွှင်ဝမ်းသာ

"အဘွားတို့ သူငယ်ချင်းနှစ်ဦးက အသက် ၆၅ နှစ်စီရှိနေကြပါပြီ။ ရက်ကန်းစင်နဲ့ ဆက်စပ်ပစ္စည်းတွေက အရင်းအနှီး တစ်သိန်းကျော်ရှိပါတယ်။ နောက်ပြီး နေအိမ်အတွင်း ရက်ကန်းစင်ထားဖို့ကလည်း နေရာအခက်အခဲဖြစ်ပါတယ်။ ဒါ့ကြောင့် ရက်ကန်းပညာကို အသုံးမချနိုင်ဖြစ်နေခဲ့တာ နှစ်ကာလတော်တော်ကြာခဲ့ပါပြီ။ အခုတော့ ရက်ကန်းပညာကို ပြန်လည်အသုံးချခွင့်ရရှိတာမို့ မိသားစုစီးပွားရေးအဆင်ပြေသလို တိုင်းလိရက်ကန်းပညာကို အမျိုးသမီးငယ်တွေအား ပညာအမွေပေးရလို့ ပိုပြီး ပျော်ရွှင်ဝမ်းသာရပါတယ်။ အဘွားတို့ အသက်အရွယ်နဲ့ အခြားအလုပ်ကိုသွားလုပ်မယ်ဆိုရင် အခုလို တစ်နေ့ ငွေကျပ် ၈၀၀၀၊ ၁၀၀၀၀ ရဖို့ဆိုတာ ဘယ်လွယ်လိမ့် မတုံး၊ နောက်ထပ် ရက်ကန်းစင် နှစ်ခု ထားရှိပေးဦးမယ်လို့လည်း တာဝန်ရှိသူတွေက ပြောပြထားပါတယ်"ဟု အဘွားဒေါ်ပါခမ်းက ပြောပြသည်။

နိုင်နိုင်အောင်ဝေ

တိုင်းလိရိုးရာရက်ကန်း ရက်လုပ်နေမှုကို မြင်တွေ့ရစဉ်။

သင်္ကြန်အတွင်း သီချင်းအသစ်များဖြင့် ဖျော်ဖြေရန် အဆင်သင့်ဖြစ်နေသည့် မမများအဖွဲ့

ရန်ကုန် ဧပြီ ၈

မမများအဖွဲ့အနေဖြင့် ယခုနှစ် သင်္ကြန်ကာလအတွင်း မမအလန်းစားများ တေးသီချင်းအသစ်ဖြင့် ဖျော်ဖြေရေးအစီအစဉ်များ တင်ဆက်ရန် ကြိုတင်လေ့ကျင့်ထားကြောင်း သိရသည်။

အဆိုပါအဖွဲ့မှာ သင်္ကြန်သီချင်းအဖြစ် တေးရေးစိုးလင်း ရေးသားထားသည့် မမအလန်းစားများ သီချင်းကို အဆိုရှင်သူဇာအောင်က သီဆိုပေးထားခြင်းဖြစ်ပြီး ထိုသီချင်းအပြင် သင်္ကြန်သီချင်းများဖြင့်လည်း ကပြဖျော်ဖြေရန် ပြင်ဆင်ထားသည်။

"ဒီနှစ်သင်္ကြန်ကတော့ တစ်ပြည်လုံးအနှံ့ ဖျော်ဖြေရမှာဖြစ်ပါတယ်။ အကြိုနေ့မှာ ရန်ကုန်မြို့တော် ဝန်မဏ္ဍပ်နဲ့ အခြားမဏ္ဍပ်တွေမှာရှိပြီး အကျနေ့မှာ နေပြည်တော်မှာ ဖျော်ဖြေသွားမှာပါ။ သင်္ကြန်အကြတ်နေ့နဲ့ အတက်နေ့တွေမှာတော့ မန္တလေးနဲ့စစ်ကိုင်း၊ မုံရွာမြို့တွေအထိ သွားရောက်ဖျော်ဖြေမှာဖြစ်ပါတယ်"ဟု မမများအဖွဲ့မှ အကယ်ဒမီ ဝါဝါအောင်က ပြောကြားသည်။

အကတိုက် လေ့ကျင့်မှုများ ပြီးစီးပြီဖြစ်ကြောင်း၊ အနုပညာရှင်များအနေဖြင့်သင်္ကြန်ရက်များတွင်သာ ယခုကဲ့သို့ စုစုစည်းစည်း ပျော်ပျော်ရွှင်ရွှင် နေထိုင်ဖျော်ဖြေခွင့်ရရှိကြခြင်းကြောင့် ဝမ်းသာနေကြကြောင်း သိရသည်။

သွန်းဝဿန်

အာမခံဝန်ဆောင်မှုပြည်သူများကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အသိပညာပေးမှုပြုလုပ်ရန်လိုအပ်

ဖျာပုံ ဧပြီ ၈

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း မြန်မာ့အာမခံလုပ်ငန်းမှ ပြည်သူလူထုအကျိုးပြု အာမခံဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် ဆောင်ရွက်ပေးလျက်ရှိရာတွင် ပြည်သူများ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ရပါက သက်သာမှုရရှိစေရန်ရည်ရွယ်ချက်ဖြင့် အာမခံလုပ်ငန်းများကို ဝန်ဆောင်မှုပေး၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် မြွေအန္တရာယ်အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်း၊ မီးအာမခံလုပ်ငန်း၊ ရေကြောင်းပို့ကုန်ပစ္စည်း၊ ရေလုပ်ငန်းရှင်နှင့် ကျားဖောင်လုပ်ငန်းရှင် တာဝန်ရှိမှုအာမခံလုပ်ငန်း၊ ခရီးသွားအာမခံလုပ်ငန်းများတွင် ကဏ္ဍအသီးသီး၌ အာမခံလုပ်ငန်းများ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့တွင် မီးလောင်မှုဖြစ်စဉ်များကြောင့် ဆုံးရှုံးမှုတန်ဖိုးနည်းပြီး ယာဉ်တိုက်မှုအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရမှု၊ အသက်အန္တရာယ်ဆုံးရှုံးမှုများနေ့စဉ်နီးပါး ဖြစ်ပေါ်လျက်ရှိရာ အာမခံထားရှိမှုနည်းပါးခြင်းများကြောင့် အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးသည့် အကျိုးခံစားခွင့်များ ရရှိနိုင်သူနည်းပါးလျက်ရှိသည်ကို လေ့လာတွေ့ရှိနေရသည်။

မြန်မာ့အာမခံလုပ်ငန်းမှ အာမခံလျော်ကြေးရရှိခဲ့သူ ဒေါ်မာမာလွင်က "အာမခံလုပ်ငန်းနှစ်စဉ်ကြေးဆောင်ထားတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပြီး အာမခံလုပ်ငန်းရဲ့ အကာအကွယ် ကျေးဇူးတွေကို လေ့လာသိရှိထားတော့ ယာဉ်တိုက်မှုဖြစ်ပြီး လက်သုံးပိုင်းကျိုးသွားလို့စတီးလ်ရိုးထည့်လိုက်ရတာကို သက်သေအထောက်အထားနဲ့ တင်ပြနိုင်ခဲ့ပါတယ်"ဟု ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်းမှ ဧပြီလအတွင်း ဒေါ်မာမာလွင်အား ငွေကျပ်တစ်သိန်းခုနစ်ထောင်တိတိ အာမခံလျော်ကြေး ပေးအပ်ခဲ့ခြင်းကြောင့် ဆေးကုသစရိတ်အတွက် အဆင်ပြေစေခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မည်သူမဆို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အာမခံထားသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ချမ်းသာ(ဖျာပုံ)

ဝန်ထမ်းအလိုရှိသည်

၁။ Project Engineer. ကျား ၁ ဦး
လုပ်ငန်းအတွေ့အကြုံ (၅-၁၀)နှစ်
၂။ Assistant Project Engineer. ကျား/မ ၃ ဦး
လုပ်ငန်းအတွေ့အကြုံ (၂-၅)နှစ်
- CV Form၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမိတ္တူ၊ လုပ်ငန်းအတွေ့အကြုံအထောက်အထားများ ပူးတွဲတင်ပြရမည်။
- အမှတ်စဉ်(၁)အတွက် အထပ်မြင့်အတွေ့အကြုံရှိသူဦးစားပေးမည်။

ဆက်သွယ်ရန်- နေရဲဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ အမှတ် ၈၀၁၊ သံသုမာလမ်းနှင့် မေတ္တာလမ်းထောင့်၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၃၈၆၆၀၊ ၀၉-၄၂၂၂၁၆၂၈၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက်အမှတ် ၄၊ မြေညီထပ်တိုက်ခန်းအမှတ် ၀၀၂ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်သူ ဦးသန်းဝင်း ၁၂/ဗဟန(နိုင်)၀၅၁၉၉၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးအပ်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲလင်း (စဉ်-၆၁၀၀) **ဦးတိုးဝေမြင့် (စဉ်-၃၁၀၉၉)** **ဦးစိုင်းပြည့်ဖြိုးဝေ (စဉ်-၄၂၉၈၀)**

အထက်တန်းရှေ့နေများ
အမှတ် ၉၂၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၀၁၉၀၊ ၀၉-၄၅၀၀၆၁၇၉၀၊ ၀၉-၄၂၀၀၇၀၅၇၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဘဏ္ဍာလမ်း၊ အမှတ် ၁၁၂၊ ဦးချစ်ထွန်း (ဘ-ဦးသီဟ) DJ-၀၃၄၈၇၉ အမည်ပေါက်ဂရန်မြေနှင့် တစ်ထပ်အိမ်ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်မြင့်မြင့် ၁၄/ဝခမ(နိုင်)၁၀၉၂၅၄ထံမှ ကျွန်မတို့၏မိတ်ဆွေ ဒေါ်တင်တင်ဝင်း ၁၂/တမန(နိုင်)၀၁၆၃၉၇က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ တစ်ပတ်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်မတို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်တင်တင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သိန်းသိန်းလှ B.A, H.G.P, R.L
ဒေါ်ရီရီအေး B.A (Eco:),R.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၀၊ ပထမထပ်၊ အခန်း E-2/3၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၉၂၆၇၊ ၀၉-၇၃၁၃၅၈၇၆

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၇၀၃ A-ခ၊ မြေကွက်တည်နေရာအမှတ် ၇၀၃ A-ခ၊ အောင်သစ္စာ ၇လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးချစ်လှ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်လှ(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မိမိတင် ၁၂/သကတ(နိုင်)၀၇၆၅၀၀မှ သေစာရင်း၊ ကျမ်းကျိန်လွှာနှင့် မြေစာရင်းမှတ်ချက်ပါ သကတ/ပုံ ၄၀၆/၁၉၉၉အရ ဦးချစ်လှက အရောင်းမြေပုံကူး လျှောက်ထားခဲ့သော်လည်း မည်သူ့ကိုမျှရောင်းချခဲ့ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၃၇၁/၂၊ မြေကွက်တည်နေရာအမှတ် ၃၇၁/၂၊ သုနန္ဒာ ၅လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်ခင်ပု စီအက်ဖ်-၀၁၇၃၅၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ခင်ပု၊ ဖခင် ဦးစောမောင် ကွယ်လွန်သဖြင့် ဒေါ်မြမြဝင်း ၁၂/ဥကမ(နိုင်)၀၃၁၂၄၁က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၂၁၀၅၉/၂၉-၁၀-၂၀၁၃ဖြင့် ရရှိသူ ဒေါ်ခင်မာအေး ၁၂/လမတ(နိုင်)၀၂၂၉၉၂မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၄၆၀/ခ၊ မြေကွက်တည်နေရာအမှတ် ၄၆၀/ခ၊ ၄/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း ဦးခင်မောင်မြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်မြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်နှင်းမူ ၁၂/သကတ(နိုင်)၀၃၇၅၆၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၂၇၈၊ မြေကွက်တည်နေရာအမှတ် ၂၇၈၊ ၇လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးစိန်လွင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်လွင် ကွယ်လွန်သဖြင့် ဒေါ်သင်းသင်းဦး ၁၂/ဗဟန(နိုင်)၀၃၄၅၅၇ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ည၊ မြေကွက်အမှတ်(၅၆/၁ခ)၊ မြေကွက်တည်နေရာအမှတ်(၅၆/၁ခ)၊ရော ၇လမ်း၊ (ည)ရပ်ကွက်၊ ဦးတင်မောင် (ဝိုင်ဒီအန်-၀၀၇၃၅၁)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင်ဦးတင်မောင်၊ မိခင်ဒေါ်ခင်ဥ ကွယ်လွန်သဖြင့် ဒေါ်ခင်သန်းရွှေ ၁၂/စခန(နိုင်) ၀၀၅၃၁၀၊ ဦးဇော်ဝင်း ၁၂/ဥကမ(နိုင်) ၀၅၅၈၃၇၊ ဒေါ်ချိုချိုနိုင် ၁၂/ဗဟန(နိုင်) ၀၀၉၆၁၅၊ ဒေါ်ပိုပိုခိုင် ၁၂/ဥကမ(နိုင်) ၀၅၅၈၃၈၊ ဦးဇော်မင်း ၁၂/ဥကမ(နိုင်) ၀၅၅၈၃၉၊ ဒေါ်ခင်မျိုးဝင်း ၁၂/ဥကမ(နိုင်) ၀၅၅၈၄၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၁၈၊ မြေကွက်တည်နေရာအမှတ် ၁၈၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဒေါ်ကျင်ကျင် TKI-၀၆၄၁၀၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်ကျင်(တရားရုံး)ကိုယ်စားဘိလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်) ၀၀၃၄၁၉ က တရားမကြီးမှုအမှတ်(၃၃/၂၀၁၄) (၂၅-၂-၂၀၁၄)နှင့် တရားမဇာရီမှုအမှတ် ၃၈/၂၀၁၄ (၁၁-၃-၂၀၁၄)ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဘုတလင်မြို့နယ်အတွင်း စာမတတ်သူ ၁၂၀၀ကျော်တို့အား စာသင်ကြား

မုံရွာ ဧပြီ ၈

နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စာမတတ်သူများကို စာတတ်မြောက်လာစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၁၄ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု အခမ်းအနားဖွင့်ပွဲကို ဧပြီ ၆ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းနွယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်နှင့် ပါမောက္ခဌာနမှူးများ၊ လုပ်အားပေးတာဝန် ထမ်းဆောင်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး မုံရွာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်အုံးလှက အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ မြို့နယ်ပညာရေးမှူးက စာတတ်မြောက်ရေးလှုပ်ရှားမှု အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးက မုံရွာတက္ကသိုလ်မှ ကြီးကြပ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းစာဖတ်ဝိုင်းမှသင်ယူသူများကို သင်ကြားရေးအထောက် အကူပြုစာအုပ်များကိုလည်းကောင်း၊ ဘင်ခရာနှင့် ပန်းပွားအဖွဲ့များကို ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပြန်လည်ပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုတွင် ပါဝင်လုပ်အားပေးကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

လုပ်အားပေးတာဝန် ထမ်းဆောင်မည့် တက္ကသိုလ် ကျောင်းသားတစ်ဦးက "စာမတတ်သူတွေကို သင်ပေးရမှာဖြစ်တဲ့အတွက် အရမ်းကုသိုလ်လည်းရတယ်။ မွန်မြတ်တဲ့ အလုပ်ပါ။ စာမတတ်တဲ့သူက အကန်းနဲ့တူတယ်။ စာမတတ်သေးတဲ့သူတွေကို စာတတ်မြောက်အောင် ကူညီပေးရမယ်။ သူတို့ စာတွေ ဖတ်တတ်လာရင် အသိအမြင် ဗဟုသုတတွေ ဒီထက်ပိုမိုလာတော့မယ် ဒါဆိုရင် ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပါဝင်ခွင့်ရလာမှာ ဖြစ်တယ်။ ဒါကြောင့် ဒီလှုပ်ရှားမှုလေးမှာ ပါဝင်ခွင့်ရတဲ့အတွက် သိပ်ကိုဝမ်းသာပါတယ်။ ပီတိလည်းဖြစ်မိပါတယ်"ဟု ပြောကြားခဲ့သည်။

အခြေခံစာတတ် မြောက်ရေးလှုပ်ရှားမှုတွင် မုံရွာတက္ကသိုလ်မှ အုပ်ချုပ်သူ ဆရာ ဆရာမကိုးဦး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၅၀ ဦးတို့က ဘုတလင်မြို့နယ်အတွင်းရှိ စာမတတ်သူ ၁၂၅၃ ဦးတို့အား ဧပြီ ၁ရက်မှ မေ ၁၅ရက်အထိ စာဖတ်ဝိုင်းများဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

လှိုင်းဘွဲ့ကျေးရွာ၌ ဘာသာရေးသင်တန်း ဖွင့်လှစ်ရန် ကျောင်းဆောက်လုပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဧပြီ ၈

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ အဆက်မပြတ်ဖွင့်လှစ်နိုင်ရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာအုပ်စု လှိုင်းဘုန်းရွာသစ်ကျေးရွာ သီရိမင်္ဂလာမိုးကုတ်ရိပ်သာကျောင်းတိုက်အတွင်း ဆောက်လုပ်ခဲ့သော ကျပ်သိန်း ၁၀၀၀ ကုန်ကျခဲ့သော ဇမ္ဗူအောင် ရွှေကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျပ်သိန်း ၇၀၀ ကုန်ကျခဲ့သော စင်ကာပူကျောင်းဆောင်သစ်ဖွင့်ပွဲကို ဧပြီ ၅ ရက် နံနက် ၉ နာရီက ကျောင်းဆောင်သစ်ရှေ့ မျက်နှာစာ၌ ကျင်းပသည်။ ဖွင့်ပွဲတွင် ဇမ္ဗူအောင်ရွှေကျောင်းဆောင်သစ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်နှင့် လှိုင်းဘုန်း-စလူချောင်းကျေးရွာ ကျောင်းဆောင်သစ်အလှူရှင် ဒေါ်တင်အေး မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စင်ကာပူကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် စင်ကာပူနိုင်ငံမှ ကျောင်းဆောင်သစ်အလှူရှင်များကိုယ်စား ဒေါ်အေးညွန့်မိသားစု (လက်ပံတန်းမြို့နယ်)က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဇမ္ဗူအောင်ရွှေကျောင်းဆောင်သစ်မှာ သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး အလျား ပေ ၅၀၊ အနံ ပေ ၃၀ ရှိ အာရ်စီကွန်ကရစ် အဆောက်အအုံဖြစ်ပြီး စင်ကာပူ ကျောင်းဆောင်သစ်မှာ အလျား ၉၃ ပေ၊ အနံ ပေ ၃၀ ရှိ အာရ်စီကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

ဇနီးနှင့်စကားများပြီး နေအိမ်ကို မီးရှို့ခဲ့သော ခင်ပွန်းဖြစ်သူကို အရေးယူ

တိုက်ကြီး ဧပြီ ၈

တိုက်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၅ ရက် ည ၁၀ နာရီ ၄၅ မိနစ်က တိုက်ကြီးမြို့နယ် မီးသွေးကုန်းကျေးရွာတွင် မီးလောင်မှု ဖြစ်ပွားကြောင်းသိရသဖြင့် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းအရ သွားရောက်စစ်ဆေးခဲ့ကြရာ ၎င်းကျေးရွာရှိ ချောင်းနံဘေးတွင် နေထိုင်သော တင်စိုး(၅၀နှစ်)သည်ဇနီးနှင့် စကားများရန်ဖြစ်ပြီး နေအိမ်တဲကို မီးရှို့ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေအိမ်ကိုမီးရှို့သူ တင်စိုးအား တိုက်ကြီးမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဇီးချောင်းရေလှောင်ကန်အတွင်း သဲနုန်းများ ရှင်းလင်းဖယ်ရှား

ကလေး ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ဇီးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ရေလှောင်ကန်တွင် မိုးတွင်းကာလ၌ သဲနုန်းများတင်ပို့ပြီး ရေလှောင်ကန်၏ ထက်ဝက်ကျော်ခန့် ပြည့်နှက်နေရာ ရေလှောင်နိုင်မှုပမာဏ လျော့နည်းနေ၍ စက်ယန္တရားများဖြင့် သဲနုန်းများဖယ်ရှားရှင်းလင်းခြင်းကို ဧပြီ ၃ ရက်မှ စတင်၍ဆောင်ရွက်နေကြောင်း သိရသည်။

"ယခုနွေရာသီကာလမှာ ရေဝင်နည်းလာပြီး စက်တစ်လုံးစာသာ လည်ပတ်နိုင်ရုံရှိပါတယ်။ ဒါကြောင့် ရေပိုမိုသိုလှောင်ပြီး အများပြည်သူတို့အတွက်လျှပ်စစ်မီးပိုမိုရရှိစေရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ရေလှောင်ကန်အတွင်း သဲနုန်းတွေကို ဘက်ဖိုးသုံးစီးဖြင့် ဖယ်ရှားရှင်းလင်းနေပါတယ်" ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးယုမော်ကပြောကြားသည်။

သျှင်နေမင်း

မြိုင်မြို့တွင် လိုင်စင်မဲ့ဆိုင်ကယ်များ လိုင်စင်ပြုလုပ်

မြိုင် ဧပြီ ၈

လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၂၂၆ စီးအား ဧပြီ ၈ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းအေးထွန်းနှင့် တာဝန်ရှိသူများက လိုင်စင်မဲ့ဆိုင်ကယ်များကို မြိုင်မြို့နယ် နံ့သာမြိုင်ခန်းမ၌ လိုင်စင်ပြုလုပ်ပေးခဲ့သည်။ပခုက္ကူခရိုင် ကညနမှဆိုင်ကယ် ၂၂၆ စီး အတွက် ကောက်ခံရရှိငွေကျပ် စုစုပေါင်း ၁၃၁၃၇၃၀၅ ကို ကောက်ခံရရှိကြောင်း ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(၁၃၅)**

သကြၤန်ရုံးပိတ်ရက်များအတွင်း ပိတ်ရက်မရှိ ဓာတ်ခွဲခန်းဖွင့်မည်။
နံနက် ၈ နာရီမှ ည ၈ နာရီ
လမ်း ၃၀ ဆေးခန်း
အမှတ် ၁၉၁-၁၉၃၊ လမ်း ၃၀ အထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၆၁၇၇၊ ၃၇၁၆၁၁၊ ၃၇၁၆၁၂

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မင်းခေါင် ၂ လမ်း၊ အမှတ် ၃၇၀ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၃၇၀၊ မြေဧရိယာ စတုရန်းပေ ၂၄၀၀ အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့် အရောင်းအဝယ်စာချုပ်အမှတ် ၃၁၂၂/၂၀၀၂ဖြင့်ဝယ်ယူပိုင်ထားသူ ဒေါ်ညွန့်ဝေ ၁၂/ဥကတ(နိုင်)၀၃၄၄၁၃ မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ LL.B တရားလွှတ်တော်ရှေ့နေ (၄၃၇၃)
ဒေါ်လှလှခိုင် LL.B တရားလွှတ်တော်ရှေ့နေ (၅၄၁၀)
အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁A၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နှစ်ပေါင်း ၁၃၅နှစ်ရှိသော သိမ်၊ ကျောင်းတော်အား အသစ်ပြန်လည်ပြုပြင်ရန် နိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ သာသနာ့စခဲ့သော မင်းကျောင်း ပရဟိတ ပရိယတ္တိ ပဋိပတ္တိ ဘက်စုံသာသနာပြုကျောင်းတိုက်ကြီး၌ နှစ်ပေါင်း ၁၃၅ နှစ်ကျော်ရှိသော သိမ်၊ ကျောင်းအား အသစ်ပြန်လည်ပြုပြင်မည်ဖြစ်သောကြောင့် လှူဒါန်းလိုသူများ-
၁၀ပေပတ်လည်တစ်ခန်းလှူင် ကျပ် ၅၈၀၀၀၀ သိန်း
ဘုရားခန်းတစ်ခန်းလှူင် ကျပ် ၁၅ သိန်းနှုန်းဖြင့်
ပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။
ဆက်သွယ်လှူဒါန်းနိုင်ရန်ဌာန
ဆရာတော် ဖုန်း - ၀၉-၅၃၆၀၄၃၆၊
ပရဟိတရုံးခန်း ဖုန်း - ၀၉-၄၂၃၆၈၀၇၆၉၊
အခမဲ့ဆေးပေးခန်း ဖုန်း - ၀၉-၃၁၆၅၁၉၁၂

မေတ္တာမိုး ပရဟိတ အာယုဒါနဆေးရုံတော်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ ကျောင်းစုရပ်ကွက်၊ မင်းကျောင်း၊ ပရဟိတ ပရိယတ္တိ ပဋိပတ္တိ ဘက်စုံသာသနာပြုကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာဉာဏိဿရ M.A, Ph.D (India)မွှေ့ာစရိယ၊ ဝိနယကောသလ္လနယ်လှည့်ဓမ္မကထိက မြို့နယ် ဝိနည်းဓိုရ်၊ မြို့နယ် ဘ/က ဥက္ကဋ္ဌ မေတ္တာမိုး(ပုတီးကုန်း) အရှင်သူမြတ်မှ ဦးဆောင်မှုဖြင့် တည်ဆောက်လှူဒါန်းလျက်ရှိသော (အလျား ၁၀၈ပေ×အနံ ၃၅ပေ) RC လေးထပ်ဆောင် မေတ္တာမိုး ပရဟိတ အာယုဒါနဆေးရုံတော်ကြီးအား
၁၅ပေတစ်ခန်းလှူင် ၁၂ သိန်း
အုတ်ခဲ ၁၀၀၀၀လှူင် ၆၅၀၀၀၀ ကျပ်
ဘိလပ်မြေ ၁၀၀အိတ် ၆၅၀၀၀၀ ကျပ်
ကျောက်တစ်ကျင်း ၆၅၀၀၀ ကျပ်
ဖိမူလုံး ပေ ၄၀ တစ်ချောင်း ၉၈၀၀ ကျပ်
တစ်ထပ်လှူင်ကျပ် ၃၈၀ သိန်းနှုန်းဖြင့်
ပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ လှူဒါန်းမှုအား ကမ္ပည်းကျောက်စာထိုးပေးပါမည်။
ဆက်သွယ်လှူဒါန်းနိုင်ရန်ဌာန - ဖုန်း-၀၉-၅၃၆၀၄၃၆၊ ၀၉-၄၂၃၆၈၀၇၆၉၊ ၀၉-၃၁၆၅၁၉၁၂

ပျောက်ဆုံးကြောင်း

ကျွန်မ မသန္တာအေး ၇/ရတရ(နိုင်)၀၇၁၇၃၅၏ မော်တော်ယာဉ်သွင်းကုန်ပါမစ်အမှတ် 00611 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အကြောင်းကြားပါရန်။ **မသန္တာအေး ဖုန်း-၀၉-၄၂၀၀၅၆၉၉၆**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းပေါ်ရှိ မြနန်းသီဂီရိပ်ရှင်ရုံဟောင်းမြေနေရာနှင့်ပတ်သက်၍ အကျိုးတော်ဆောင်အဖွဲ့၏ ညွှန်ကြားချက်အရ ရှေ့နေ ဦးထွန်းထွန်းသာ၏ (၂၀-၁၀-၂၀၁၃)နေ့စွဲပါ မြန်မာ့အလင်းသတင်းစာကြေညာချက်အား အများသိစေရန်

ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၇၃/ဃ)(မြေပိုင်မြေ)အကျယ်အဝန်းဧရိယာ ၀ဒသမ ၂၂၀ဧကရှိသော မြေကွက်နှင့် မြေကွက်ပေါ်ရှိ မြနန်းသီဂီရိပ်ရှင်ရုံဟောင်းကို ကျွန်ုပ်၏မိတ်ဆွေမှ နည်းလမ်းတကျ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်အမည်ပေါက်လျက် လက်ရောက်ရရှိထားသော ပစ္စည်းဖြစ်ပါသည်။

ထိုသို့ဝယ်ယူပြီးနောက် အဆိုပါအဆောက်အအုံတွင် ၁၅ နှစ်ခန့်က ကျွန်ုပ်၏ မိတ်ဆွေပိုင်ပစ္စည်းများ သိုလှောင်ထားရှိဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအဆောက်အအုံဟောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ တရားဝင်ခွင့်ပြုချက်အရ အဆောက်အအုံဟောင်းအား ဖျက်သိမ်းခဲ့ပါသည်။ ထိုသို့ဖျက်သိမ်းနေစဉ်ကာလတွင် မြနန်းသီဂီရိပ်ရှင်ရုံဟောင်း၏ လက်ဝဲဘက်ရှိ အဆောက်အအုံဟောင်းမြေနေရာနှင့် ကျောင်းစုလမ်းဟုခေါ်တွင်သော လူသွားလမ်းမှာ ကိုးတွင်းကျောင်းတိုက်ပိုင်ဆိုင်သော ဝတ္တက/သာသနာ့မြေတွင် ပါဝင်သည်ဆိုကာ သတင်းစာပါကြေညာချက်သည် မှန်ကန်မှုမရှိသကဲ့သို့ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေပါသည်။

အဆိုပါမြေနေရာ၌ မြေတိုင်းတာခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်သဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် (၂၆-၃-၂၀၁၄)ရက်၌ အတွင်းရေးမှူးကိုယ်တိုင်ကြီးမှူး၍ နှစ်ဖက်ခေါ်ယူညှိနှိုင်းသည့်အခါတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူကိုယ်တိုင် ဘုန်းကြီးကျောင်းပိုင်/သာသနာ့မြေ/ဝတ္တကမြေ မဟုတ်ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်ဟု ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ရာ လူသွားလမ်းနှင့်ကပ်လျက်ရှိသော ၀ဒသမ၂၂၀ဧကရှိသည့် မြနန်းသီဂီရိပ်ရှင်ရုံဟောင်းမြေနေရာသည် လူပုဂ္ဂိုလ် ကျွန်ုပ်၏မိတ်ဆွေသာလျှင် ပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်းနှင့် ဘုန်းကြီးကျောင်း/သာသနာ့မြေ/ဝတ္တကမြေ လုံးဝမပါဝင်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းထွန်း (စဉ်-၂၂၉၃) တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၄၃၇၆၅၊ ၀၉-၄၄၈၀၂၂၀၈၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ကနေဒီတောင်ထိပ်သို့တက်ရောက်

ရန်ကုန် ဧပြီ ၈

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက် အားကစားအဖွဲ့ဝင်များသည် ဧပြီ ၁၄ ရက်တွင် ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်ရှိ ကနေဒီတောင်ထိပ်သို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်တွင် ချင်းပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သော ရိဒ်ရေကန်သို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။

အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက် အားကစားဆပ်ကော်မတီ၏ စီစဉ်ပေးမှုဖြင့် တောင်တက်အားကစားသမားပေါင်း ၁၂၄ ဦး စုပေါင်းသွားရောက်ကြမည်ဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့မှ ဧပြီ ၁၂ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး အမြင့်ပေ ၈၈၆၈ ပေရှိသော ကနေဒီတောင်သို့ တက်ရောက်မည်ဖြစ်ကာ အပြန်တွင် မုံရွာနှင့် အထက်မြန်မာပြည်မြို့များသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အဖွဲ့အနေဖြင့် ကနေဒီတောင်အား ပထမဆုံးအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ချင်းပြည်နယ်အတွင်းရှိ အမြင့်ဆုံးတောင်ဖြစ်သော ပေ ၁၀၅၀၀ ရှိသော ဝိတိုရိယတောင်သို့လည်း တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း တက္ကသိုလ်နှင့်ခြေလျင်တောင်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခင်ရတနာ

တောင်ငူမြို့ ပြဟ္မစိုရ် မေတ္တာနှင့်စေတနာ လူမှုရေးကူညီမှုအသင်း လုပ်ငန်းညှိနှိုင်း

တောင်ငူ ဧပြီ ၈

တောင်ငူမြို့ ပြဟ္မစိုရ် မေတ္တာနှင့် စေတနာ လူမှုရေးကူညီမှုအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၄ ရက် ညနေ ၆ နာရီက ကန်လမ်းရှိ မေတ္တာနှင့် စေတနာသွေးလှူရှင်အသင်းရုံးခန်းမ၌ ကျင်းပရာ သဘာပတိ အသင်းနာယက ဦးကျော်လှ(သမာဓိ)နှင့် ဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်)တို့က အဖွင့်အမှာစကားပြောကြားကြပြီး အသင်းအတွင်းရေးမှူး ဦးသိန်းလွင် (လမင်းဆန်ပွဲရုံ)မှ ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

အသင်းဘဏ္ဍာရေးမှူး ဦးရဲမြင့်က ဘဏ္ဍာရေးရှင်းတမ်းကို ရှင်းလင်းတင်ပြ၍ အလုပ်အမှုဆောင်များမှ အကြံပြုဆွေးနွေးကြကာ ရှေ့လုပ်ငန်းစဉ်ခြောက်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။ **(၁၁၅)**

ကွန်ဟိန်းမြို့နယ်အတွင်း မူးယစ်ဆေးစွဲ ကုသရေးဌာနဖွင့်

ကွန်ဟိန်း ဧပြီ ၈

လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ကာလိမြို့နယ်ခွဲ၊ ဟိုပန်အုပ်စု၊ ဆိုက်ခေါင်ကျေးရွာ၌ မူးယစ်ဆေးစွဲ ကုသရေးဌာနဖွင့်ပွဲကို ဧပြီ ၅ ရက် နံနက် ၉နာရီက ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးကောင်တိုင်း (SSA အသွင်ပြောင်း ပြည်သူ့စစ်ဌာနေ)မှ မူးယစ်ဆေးစွဲကုသရေးဌာနဖွင့် လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာ သန်းထွန်းဦး၊ ကွန်ဟိန်း တပ်နယ်မှူး၊ SSA တပ်မဟာ(၇) အသွင်ပြောင်း ပြည်သူ့စစ်ဌာနေ နာယကကြီး ဦးလောင်ကွမ်းတို့မှ အသီးသီးအမှာစကား ပြောကြားကြသည်။ ၎င်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းမှ မူးယစ်ဆေးစွဲကုသလူနာများအတွက် ဆန်အိတ်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆေးကုသဆောင်၊ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟိုပန်ကျေးရွာသို့ရောက်ရှိပြီး ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်နေမှုအခြေအနေများနှင့် အထူးကုဆရာဝန်ကြီးများ အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည့် အခက်အခဲများအား ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မိုးလွင်ဦး(လွိုင်လင်)

မော်လူးတွင် ကျွဲနွား ကာကွယ်ဆေး ထိုးနှံပေး

မော်လူး ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ နမီးချောင်းဘေးနှင့်လေးတန်ချောင်းဘေးရှိ ကျေးရွာကိုးအုပ်စုမှ ကျေးရွာများရှိ ကျွဲ၊ နွားများအား ကွက်ပြည့် ပေါင်ပုတ်၊ လက်ပုတ်ကာကွယ်ဆေးထိုးခြင်းကို အင်းတော်မြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဦးစီးမှူး၏ ဦးစီးဆောင်ရွက်မှုဖြင့် ဧပြီ ၂ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကသာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး၏ ပြန်ကြားချက်၊ အင်းတော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး၏ ဦးစီးဆောင်ရွက်မှုဖြင့် ဒုဦးစီးမှူးများဖြစ်ကြသော ဒေါက်တာ ဝေဝေအောင်မင်း၊ ဒေါက်တာမြင့်သူတို့သည် ကျေးလက်လူငယ်သင်တန်းသားများ ပူးပေါင်းပါဝင်လျက် မော်လူးဒေသအုပ်စုကိုးအုပ်စုမှ ကျေးရွာများရှိ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်မောင်ဆွေ (မော်လူး)

သတင်းတို

ရေစကြို၌ ပထမပြန်စာမေးပွဲကျင်းပ

နိုင်ငံတော်မှ နှစ်စဉ်ကျင်းပသော ပထမပြန်စာမေးပွဲကို ရေစကြိုမြို့နယ် မဟာဓမ္မကလျာဏီ သာသနာ့ဗိမာန်တွင် ဧပြီ ၃ ရက်မှ ၉ ရက်နေ့အထိ ၇ ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။ အဆိုပါ စာမေးပွဲကို ရေစကြိုမြို့နယ်အတွင်းရှိ ရဟန်းသာမဏေ၊ သီလရှင်ပေါင်း ၆၉ ပါး ဖြေဆိုကြသည်ဟုသိရ၍ ပထမကြီးတန်း ၁၆ပါး၊ ပထမလတ်တန်း ၂၇ပါး၊ ပထမငယ်တန်း ၂၆ပါးတို့ဖြစ်သည်ဟု သိရသည်။

အိမွန်ဆွေ

ကွန်ပျူတာအခမဲ့သင်ကြားရေး ဖြူးတွင်ပြုလုပ်

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ငါးခေါင်းအင်းကျေးရွာအုပ်စု ငါးခေါင်းအင်းအခြေခံပညာအလယ်တန်းကျောင်းတွင် နွေရာသီအခမဲ့ကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၆ ရက်က ကျင်းပသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့ရည်နှင့် ရွာဦးကျောင်းဆရာတော် ဦးသူရိက ကျေးလက်နေ ကျောင်းသား၊ ကျောင်းသူများ ခေတ်မီကွန်ပျူတာနည်းပညာ ကျွမ်းကျင်စွာ တတ်မြောက်ရေး ယခုကဲ့သို့ ဖွင့်လှစ်သင်ကြား သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၉ ဦး တက်ရောက်ကြကာ မတ် ၂၂ ရက်မှ ဧပြီ ၆ ရက်အထိ ဖွင့်လှစ်ပေးခဲ့သည်။

ဖြူး-မြင့်ဦး

တောင်ငူမြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် အတွင်းရေးမှူး မြို့နယ်လ. ဝ. က ဦးစီးမှူး ဦးစန်းဝင်းတို့သည် ကော်မတီဝင်များနှင့်အတူ ဧပြီ ၆ ရက်က တောင်ငူမြို့အမှတ် (၁၁)ရပ်ကွက်နယ်မြေရှိ ကောက်ကွက်များအတွင်း အိမ်တိုင်ရာရောက် သန်းခေါင်စာရင်းကောက်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး၊ လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သန်းခေါင်စာရင်း ကောက်ယူရာတွင် လိုအပ်သည့်အချက်အလက်များမှန်ကန်ရေး စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(၁၁၅)**

ဆိပ်ဖြူ၌ ဗုဒ္ဓဘာသာသင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၊ အရှေ့ကံတွင်းကျေးရွာရှိ အောင်မြေဘုံသာကျောင်းတိုက်ဆရာတော်ကြီး ဦးကောသလ္လအား အမှူးထား၍ ဧပြီ ၄ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နာယကဆရာတော် အရှင်ခေမာစာရ၊ အရှင်ဓမ္မပါလ၊ အရှင်ပညာသာမိတို့မှ ဦးစီးသော နွေရာသီကျောင်းပိတ်ရက် ကျေးရွာရှိ အသက်ခြောက်နှစ်မှ ၁၄နှစ်အထိ ကျောင်းသား၊ကျောင်းသူ ၂၀၀ အား ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ပွဲကျင်းပသည်။ သင်တန်းကာလကို တစ်လသတ်မှတ်ထားပြီး ကျေးရွာရှိ ဘဝအလင်းရောင်စာကြည့်တိုက်မှ သင်တန်းသား သင်တန်းသူများအတွက် သင်တန်းတွင် လိုအပ်သောစာရေးကိရိယာများထောက်ပံ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ပြည်ထောင်စုလမ်း၊
တိုက်နံပါတ် ၂၃၊ အခန်း ၈ နေ
ဦးတင်ထွန်း('မြ' ဆန်စက်)-ဒေါ်မြမြခိုင်တို့၏သားကြီး
မောင်အောင်မြတ်လင်း (ခ) အောင်မြတ်မင်း
B.E (Electronic and Communication)
Advance Dip in Power Electronic (Singapore Polytednic)
Assistant Engineer, Singapore
နှင့်
ရန်ကုန်မြို့၊ အမှတ်(၃၁) ပထမထပ်၊ မဂ္ဂင်လမ်းနေ
ဦးသာမြ [မန်နေဂျာ(ငြိမ်း)မြန်မာ့ရေနံ] - ဒေါ်လှကျော့ခင် (စာရင်းစစ်၊
ပုဇွန်တောင်မြို့နယ်စာရင်းရုံး) တို့၏
တစ်ဦးတည်းသောသမီး
မဝင်းမြတ်သွယ် (ခ) မြတ်နိုးဝေ
B.Sc (Industrial Chemistry)
Diploma in Business Studies (LCCI-UK)
Diploma in Computerized Accounting (LCCI-UK)
Account Manager (Richaire Pte.Ltd. Singapore)
တို့ကို နှစ်ဖက်မိဘသဘောတူစေ့စပ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၁၇၇၇ အမျိုးအမည် Toyota Liteace KM 21, P/U ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်း ၅/စကန(နိုင်)၀၀၈၆၄၃ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
(ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်ရှိ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် လိုအပ်သောတာယာ ၂၀မျိုးနှင့် ဘက်ထရီခြောက်မျိုးအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၄ ခုနှစ် ဧပြီ ၂၅ရက် ညနေ ၁၆:၀၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံရေးရာဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၃၁၂၊ ၀၆၇-၄၀၇၅၂၈၊ ၀၉-၄၃၀၄၃၆၁၆

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ငမိုးရိပ်)၊ မြေကွက်အမှတ် ၂၄၉၊ မြေကွက်တည်နေရာအမှတ် ၂၄၉၊ ၈လမ်း၊ (ငမိုးရိပ်)ရပ်ကွက်၊ သဃ်န်းကျွန်း ဦးတင်ရွှေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ရွှေထံမှ အရပ်ကတိ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ရသူ ဒေါ်ခင်အေး ၁၂/သဃက(နိုင်) ၀၄၇၅၇၀နှင့် အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်အေး ၁၂/သဃက(နိုင်)၀၄၉၈၈၀ တို့က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ် ၁၄၉၂၊ မြေကွက် တည်နေရာအမှတ် ၄၁၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ် (ဒေါ်အုံးခင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (မိခင်) ဒေါ်အုံးခင်နှင့် (ဖခင်) ဦးညွန့်မောင်တို့ အသီးသီး ကွယ်လွန်သဖြင့် ဒေါ်သန်းစန်း၁၂/သကတ(နိုင်)၀၈၀၃၈၁က သမီးရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၅၇)ကြိမ်မြောက်
ဗုဒ္ဓပူဇနိယပွဲတော်
အောင်ပွဲအထိမ်းအမှတ် နှစ်ဦးဓမ္မပူဇာသဘင်

၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက်	ဓမ္မဘေရီဆရာတော်
၂၀၁၄ခုနှစ် ဧပြီ ၁၈ ရက်(သောကြာနေ့)	အရှင်ဝီရိယ
နှစ်ဆန်း ၂ ရက်နေ့	သာသနဇောတိကဓမ္မာစရိယ၊ ဒီဃဘာဏက
၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်	သီတဂူဆရာတော်
၂၀၁၄ ခုနှစ် ဧပြီ ၁၉ ရက် (စနေနေ့)	ဒေါက်တာအရှင်ဉာဏိဿရ
နှစ်ဆန်း ၃ ရက်	သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
	အဓိပတိချုပ်
	အဂ္ဂမဟာပဏ္ဍိတ (D.Litt) Ph.D
၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်	ယောဆရာတော်
၂၀၁၄ ခုနှစ် ဧပြီ ၂၀ ရက် (တနင်္ဂနွေနေ့)	အရှင်သိရိန္ဒာဘိဝံသ
နှစ်ဆန်း ၄ ရက်	တိပိဋကဓရ တိပိဋကကောဝိဒ
	တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက

အချိန် ညစဉ် ၇:၃၀ နာရီ
နေရာ-သာသနဇောတိကဓမ္မာရုံ၊ ရွှေဘုန်းပွင့်စေတီတော်(ပုဇွန်တောင်)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၊ မြေကွက်အမှတ်၇၇၃/ခ၊ မြေကွက်တည်နေရာအမှတ် ၇၇၃/ခ၊ ၂၂လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ် ဒေါ်ခင်ဥ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဥနှင့်ခင်ပွန်းဦးကျော် ကွယ်လွန်သဖြင့် ဦးလှမြင့် ၁၂/ဥကတ(နိုင်)၀၇၄၆၆၁၊ ဦးညွန့်တင် ၁၂/ဥကတ(နိုင်) ၀၉၆၂၇၈တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၉၆/၄-၂-၁၄ ဖြင့် GP ဦးထွန်းလင်းဝေ ၁၂/ဒဂရ(နိုင်)၀၁၁၆၈၈၈ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂၁၂၇(၁၇-၂-၂၀၁၄)နှင့် ကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၈၈/၅-၂-၁၄ ဖြင့် အထွေထွေ ကိုယ်စားလှယ် ဦးကျော်သူစိုး ၁၂/အစန(နိုင်)၀၀၁၈၈၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း နှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂၁၂၆(၁၇-၂-၂၀၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နမ့်ဟုတ်ချောင်း သဲကျင်းလုပ်ငန်းမှ ရှေးဟောင်းဘုရားများတူးဖော်ရရှိ

တာချီလိတ် ဧပြီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဟောင်လိတ်စက်မှုဇုန်အနီး နမ့်ဟုတ်ချောင်း သဲကျင်းလုပ်ငန်းမှ ရှေးဟောင်းဗုဒ္ဓကြေးဆင်းတုတော် ၁၂ ဆူ ရေအောက်မှ တွေ့ရှိရသည်။

အဆိုပါ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များကို တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု၊ စက်မှုဇုန်အနီး ဦးစိုင်းလုံနှင့်လုပ်ငန်းစပ်တူ စိုင်းသိန်းအောင်တို့၏ သဲကျင်းလုပ်ငန်း၌ ဧပြီလ ၁ ရက် ညနေ ၄ နာရီက ဦးစိုင်းလုံနှင့် အတူ သဲကျင်းလုပ်သားပါဦး၊ ထွန်းအေး၊ အိုက်ပီးနှင့် အိုက်ဥတို့ သဲများစုပ်တင်နေစဉ် သဲထွက်ပိုက်လမ်းကြောင်း အရာဝတ္ထုတစ်ခုခုဖြင့် ပိတ်မိနေကြောင်း အလုပ်ရှင်ဦးစိုင်းလုံ ပြောကြားချက်အရ အိုက်ပိမှ သွားရောက်ရှင်းလင်းရာ ဉာဏ်တော် ၁၇လက်မခန့်ရှိ ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တွေ့ရှိကြောင်း သိရသည်။

အဆိုပါရုပ်ပွားတော်အား ဦးစိုင်းလုံမှ ဝမ်ကျောက်လုံရွာရှိ (မူလ) မင်းကွန်းဇေတဝန် သာသနာ့မာရ်အောင် စွမ်ကျောက်(လွိုင်မောင်း) ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် အရှင်ဥတ္တရ ထံအပ်နှံခဲ့ပြီး ဒုတိယနေ့ ဧပြီ ၂ ရက်နေ့တွင် ဦးစိုင်းလုံနှင့် သဲလုပ်သားများ ဆက်လက်ရှာဖွေရာ ၎င်းနေရာတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ဉာဏ်တော် ရှစ်လက်မခန့် လေးဆူ၊ ဉာဏ်တော် လေးလက်မခန့် ခြောက်ဆူနှင့် ရှေးဟောင်း မြေအိုးအပိုင်းအစများ၊ အုတ်နီခဲ (ဆိုက်စုံ)၊ ဌာပနာပိတ်ရာတွင် အသုံးပြုသည်ဟုယူဆရသော လခြမ်းသဏ္ဌာန် အုတ်နီများ၊ စွယ်တော်၊ သံဖြင့်ပြုလုပ်ထားသော သန်လျက်ပုံစံငယ်နှင့် မကိုဋ်မှုစသည့်တို့ ထပ်မံတွေ့ရှိကြောင်း သိရသည်။

တွေ့ရှိရသော အုတ်နီခဲတစ်လုံးတွင် ရှမ်းစော်ဘွားရုပ်ပုံများ ရေးခြစ်ထားကြောင်းနှင့် ဦးခေါင်းတော်မပါရှိသော ဆင်းတုတော်တစ်ဆူ၏ ပလ္လင်တွင် လှေပုံဏ္ဌာန်ရှိပြီး ရှေးရှမ်းစာပေဖြင့် ရေးထိုးထား၍ ဒေသခံ သက်ကြီးရွယ်အိုများပင် မဖတ်တတ်ကြောင်း ဦးစိုင်းလုံက ဆိုသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်များသည် စေတီတော်အတွင်း ဌာပနာထားရှိသော ဆင်းတုတော်များ ဖြစ်နိုင်ပြီး ရှေးနှစ်ပေါင်းများစွာက ရေအောက်နစ်မြုပ်သွား၍ ဒေသခံများပင် မသိရှိကြောင်းနှင့် ကျွမ်းကျင်သော ရှေးဟောင်းသုတေသနပညာရှင်များသာ သိနိုင်ကြောင်း လွိုင်မောင်း ကျောင်းတိုက်ဆရာတော်က ပြောကြားသည်။ ယခုအခါ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို လွိုင်မောင်းကျောင်းတိုက်၌ ယာယီကိန်းဝပ်ပြီး ပူဇော်ခံနေကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ရှေးဟောင်းအိုးခွက်အစများ

၂၀၁၄ ခုနှစ် မိတ္ထီလာမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် (ရေသဘင်)ပွဲတော်တွင် ပါဝင်ဆင်နွှဲရန်အတွက် ကျီတော်ကုန်းရပ်ကွက်တွင် ဧပြီ ၇ နံနက်ပိုင်းက မဟာအတာသင်္ကြန် ရေကစားမဏ္ဍပ်တည်ဆောက်နေသည်ကို တွေ့မြင်ရစဉ်။

ချမ်းသာ (မိတ္ထီလာ)

သတင်းတို

ကလေးခရိုင်အတွင်း သစ်တောထွက်များ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ယခုနှစ်ဇန်နဝါရီမှ မတ်အထိ ကျွန်းသစ် ၂၂ ဒသမ ၈၄၈ တန်၊တမလန်းခွဲသား ၆၃ ဒသမ ၄၇၂၄ တန်၊ သစ်မာ ၄၂ ဒသမ ၂၅၄၄ တန်၊ အခြားသစ် ၄၂ ဒသမ ၈၀၀၂ တန်နှင့်အတူ သစ်ကားသုံးစီး၊ သစ်စက်လေးလုံးနှင့် တရားခံ ခုနစ်ဦးတို့ကို ဖမ်းဆီးရမိသည်။ ကလေးဝမြို့နယ်အတွင်း ကျွန်းသစ် ၅၁ ဒသမ ၅၈၀၆ တန်၊ တမလန်းခွဲသား ၄၄ ဒသမ ၅၆၀၂ တန်၊သစ်မာ ၄၂ဒသမ ၈၃၀တန်၊ အခြားသစ် ၄၅ ဒသမ ၀၉၃၄ တန် ၊ စက်လှေနှင့် သစ်စက်၊ ချိန်းဆော့နှင့် ဆင်စွယ်နှစ်ချောင်း၊ သင်းခွေချပ်ခွံ ၃၄ ပိဿာနှင့် ပြစ်မှုကျူးလွန်သူ ကိုးဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။ မင်းကင်းမြို့နယ်အတွင်း ကျွန်းသစ် ၂၈ ဒသမ ၆၂၇ တန်၊ တမလန်းခွဲသား ၁၁ ဒသမ ၂၀၇၄တန်၊ သစ်မာ ၁၈ ဒသမ ၄၉၉၂ တန်၊ အခြားသစ် ၄၇ ဒသမ ၆၄၇ တန်၊ သစ်စက်တစ်လုံးတို့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

နိုင်ငံတော်စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေး မွေး/ရေဒုတိယဝန်ကြီး ကွင်းဆင်းစစ်ဆေး

တောင်ငူ ဧပြီ ၈

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ မြို့ပြ၊ ကျေးရွာအဆင့်စိုက်ပျိုးရေးနှင့်မွေးမြူဆိုင်ရာဆု ချီးမြှင့်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကွေ့တန်းရှည်ကျေးရွာနေ ဦးတင့်ဆွေ၏ လွင်ဖြိုးငါးမွေးမြူရေးလုပ်ငန်းအား ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု ရွေးချယ်နိုင်ရန်အတွက် ရောက်ရှိစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ငါးကန်ဧက ၃၈၀ တွင် မွေးမြူထားသော ငါးကြင်းဖြူ ငါးတန်၊ ရေချိုငါးမုတ်၊ ငါးမြစ်ချင်း၊ ဆူတန်၊ ငါးသိုင်းခေါင်းပွ၊ ရွှေဝါငါးကြင်းများ မွေးမြူထားရှိမှုများအား သတ်မှတ်ထားသော အမှတ်ပေးစည်းမျဉ်း ၁၇ ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိအား ကွင်းဆင်းစစ်ဆေးအကဲဖြတ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မျိုးငါးမွေးမြူထားသော ကန်များအား ကြည့်ရှုစစ်ဆေးပြီး ငါးမွေးမြူရေးလုပ်ငန်းအောင်မြင်စေရန် ထုတ်လုပ်မှုကုန်ကျစရိတ်အနည်းဆုံးဖြင့် မွေးမြူနိုင်ရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ ခေတ်မီမွေးမြူနည်းစနစ်သစ်ဖြင့် မွေးမြူနိုင်ရေး (Contract Farming) စနစ်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သော မွေးမြူရေးစနစ်များနှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေး၊ ငါးသားပေါက်တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ ကိုယ်ပိုင်အစာစပ်စက်ရုံမှ ငါးစာများ စနစ်တကျ ထုတ်လုပ်ရေးတို့အား အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F^၁၀၊ မြေကွက်အမှတ်၁၀၊ မြေကွက်တည်နေရာအမှတ်၇၂၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျင်မြိုင်အမည်ပေါက် နှစ်၃၀ ဂရန်(သက်ကုန်)မြေအား အမည်ပေါက်နှင့် ခင်ပွန်း ဦးစိန်ဟို၊ သားသမီးများဖြစ်သော ဒေါ်ထားရင်နှင့် ခင်ပွန်းဦးရွှေရုံ၊ ဦးမောင်မောင်(ခ)လှသောင်းနှင့် ဇနီးဒေါ်ခင်တင့်၊ ဒေါ်ညွန့်ရီနှင့် ခင်ပွန်းဦးကံရွှေ၊ ဦးပန်းကြိုင်နှင့် ဇနီးဒေါ်ခင်လှတို့ကွယ်လွန်သဖြင့် (၁) ဒေါ်ဇကြည် (ခ)ဒေါ်အေးကြည် ၁၂/ကမတ(နိုင်)၀၁၀၉၈၅၊ (၂)ဒေါ်ခင်ဌေးရီ ၁၂/ကမတ(နိုင်)၀၀၃၀၃၈၊ (၃)ဒေါ်လှဲ့လှဲ့ဝင်း ၁၂/အစန(နိုင်)၀၇၅၅၇၂၊ (၄)ဒေါ်ဟံသာအေး ၁၂/ကမတ(နိုင်)၀၀၃၇၄၀၊ (၅)ဦးထွန်းလင်းကျော် ၁၂/ကမတ(နိုင်)၀၆၁၄၈၄၊ (၆)ဦးရဲသိမ်းအောင်(ခ)ဦးရဲသိန်းအောင် ၁၂/ကမတ(နိုင်)၀၆၁၄၈၃၊ (၇)ဦးထက်အောင်ဝင်း ၁၂/ ကမတ(နိုင်)၀၆၈၀၅၇၊ (၈)ဦးဇော်ဝင်းထက် ၁၂/ကမတ(နိုင်)၀၆၈၁၁၁တို့ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ သမီး၊ မြေးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊ မြေကွက်အမှတ်၁၀၁၆၊ မြေကွက် တည်နေရာအမှတ် ၁၀၁၆၊ ၁၇လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ရွှေ အမည်ပေါက် နှစ်၆၀ ဂရန်မြေအားအမည်ပေါက် ဒေါ်ရွှေနှင့် ခင်ပွန်းဦးအေး(ခ)ဟီလီဖတ်တို့ ကွယ်လွန် သဖြင့် ဦးအောင်ဝင်း(ခ)ဟီလီဉာဏ် ၁၂/ဥကတ(ဧည့်)၀၀၀၀၇၉၊ဒေါ်နီနီ ၁၂/ဥကတ(ဧည့်)၀၀၀၀၈၀၊ ဒေါ်နွဲ့နွဲ့(ခ)ဒေါ်ညိုညို ၁၂/ဥကတ(ဧည့်)၀၀၀၁၆၆၊ ဦးစိုးဝင်း(ခ)ဟီစွန်ဉာဏ် ၁၂/ဥကတ (ဧည့်)၀၀၀၀၈၁၊ ဦးနိုင်ဝင်း(ခ)မောင်ဉာဏ် ၁၂/ဥကတ(ဧည့်)၀၀၀၀၈၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၉၈၃(၁၇-၁၂-၁၃)ဖြင့် GP ဦးလင်းထက်အောင် ၁၂/ရကန(ဧည့်)၀၀၀၁၂၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၀၇၃(၁၃-၁-၁၄)ကို တင်ပြ၍ ဦးအောင်ဝင်း(ခ)ဟီလီဉာဏ် ၁၂/ဥကတ(ဧည့်)၀၀၀၀၇၉နှင့် ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ**

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက်ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ် (၉၆၀/က)၊ မြေကွက်တည်နေရာအမှတ် (၉၆၀/က)၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်ခင်မြင့်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မြင့်(မိခင်)နှင့် ဦးချစ်အေး(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးနွယ်ဝင်း ၁၂/သကတ(နိုင်)၀၃၄၆၆၉၊ (၂) ဒေါ်တင်တင်ဝင်း ၁၂/သကတ(နိုင်)၀၃၅၈၉၂၊ (၃)ဒေါ်အေးအေးဝင်း ၁၂/သကတ (နိုင်) ၀၇၄၅၇၀၊ (၄)ဦးဆန်းအောင် ၁၂/သကတ (နိုင်)၀၃၃၁၆၄၊ (၅)ဒေါ်လွင်လွင်အောင် ၁၂/သကတ(နိုင်)၀၃၄၆၇၀၊ (၆)ဒေါ်ခင်ခင်လှ ၁၂/သကတ(နိုင်)၀၃၁၅၀၀၊ (၇) ဦးအောင်ထွေး ၁၂/သကတ(နိုင်)၀၈၃၁၉၂၊ (၈)ဒေါ်လှဲ့လှဲ့ဝင်း ၁၂/သကတ(နိုင်) ၁၄၄၉၃၇တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄၃/သမိုင်း၊ မြေကွက်အမှတ် (၁၄/စ)၊ မြေကွက်တည်နေရာ အမှတ်(၁၄၈/စ)၊ အေဝမ်းခြံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (မဟာမက်ဟာရှင်အာရစ်)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် ၅၄၁/၅၅ (၈-၁၀-၅၅)ဖြင့် ဦးတင်နွယ် A1 ဖလင်ကုမ္ပဏီလီမိတက်၊ မန်နေဂျင်းဒါရိုက်တာ)မှ ပိုင်ဆိုင်လာပါသည်။ ဦးတင် မောင် (A1 ဖလင်ကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာလူကြီးနှင့် အထွေထွေစီမံအုပ်ချုပ်သူ)ထံမှ မေတ္တာဖြင့် အပိုင်ပေးစာချုပ် ၄၁၉/၉၀ (၂၆-၅-၉၀)ဖြင့် ဒေါ်စန်းစန်း ဝင့်၊ ဒေါ်နှင်းနှင်းဝင့်၊ ဒေါ်ဆွေဆွေဝင့်၊ ဒေါ်မေသူခင်၊ ဦးရန်မျိုးအောင်တို့မှ ပိုင်ဆိုင်လာပြီး ၎င်းတို့ထံမှ အမှားပြင် စာချုပ်၂၀၅၈/၉၃(၃၀-၉-၉၃)၊ အရောင်းအဝယ်စာချုပ် ၁၀၉၅/၉၄ (၁၂-၇-၉၄)ဖြင့် ဦးညီညီရင်မှ ပိုင်ဆိုင်လာပါသည်။ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၆၀၁/၉၅ (၂၁-၇-၉၅)ဖြင့် ဦးလီတိန်စင်း ၁၃/တကန(နိုင်)၁၃၄၂၂၀ မှ ပိုင်ဆိုင် လာပြီး မေတ္တာဖြင့် အပိုင်ပေးစာချုပ် ၄၁၉/၉၀ (၂၆-၅-၉၀)မိတ္တူမှန်နှင့် စာချုပ်အဆက်အစပ်များတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ**

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၆၊မြေကွက်အမှတ်၂၁၅၊မြေကွက်တည်နေရာအမှတ်(၂၁၅)၊တေးနုယဉ်လမ်း၊(၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးစိန်လှအမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးစိန်လှထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစိုးညွန့် ၁၂/လကန(နိုင်)၀၇၃၅၆၁သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားသဖြင့် ဒေါ်တင်စိန် ၁၂/လကန(နိုင်)၀၆၉၄၄၅၊ ဦးကြီးမြင့် ၁၂/ဒဂန(နိုင်)၀၀၂၂၀၇၊ ဦးစိုးတင့် ၁၂/လကန(နိုင်)၀၆၇၅၇၅တို့က ကွယ်လွန်သူကျန်ရစ်သောပစ္စည်းများအပေါ် အမွေဆက်ခံခွင့်ရှိကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမအထွေထွေအမှုအမှတ်(၂၈၊၂၀၁၂)ဖြင့် အမွေထိန်း လက်မှတ်စာထုတ်ပေးစေရန် ချမှတ်သောစီရင်ချက်နှင့် ၂၇-၁၂-၂၀၁၂ရက်တွင်ချမှတ်သော အမွေထိန်းလက်မှတ်အမိန့် အလုံးစုံစီမံခွင့် အမိန့်တင်ပြ၍ ဒေါ်တင်စိန်+(၂)မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)ထုတ်ပေးပါရန် လျှောက်ထားလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ် ၅၅၇၊ မြေကွက် တည်နေရာအမှတ် ၅၅၇၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သန်းတင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းတင်(ခင်ပွန်း) ဦးအုန်းမောင်(သား)ဦးတိုးကြွယ် (လူပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် ဒေါ်တင်တင်စိုး ၁၂/ဥကတ(နိုင်)၀၆၃၁၄၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၄၀၀၄(၁၀-၂-၂၀၁၄)ဖြင့် GPလှိုင်ဝင်းကြည် ၁၂/ဗဟန(နိုင်)၀၂၇၉၅၆က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂၅၉၃ (၂၄-၂-၂၀၁၄)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လယ်မြေဧက၈၅၀၀ခန့် ရေပေးဝေမည့် ရာဇဂြိုဟ်ရေလှောင်တမံတည်ဆောက်

ကလေး ဧပြီ ၈

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမဖြစ်သော ကလေး-တမူးလမ်းအနီးရှိ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ နေရာ၌ရာမြစ်ပေါ်တွင် တည်ရှိပြီး ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကလေးမြို့နယ် မြစ်သာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေ ဧက ၈၅၀၀အား ရေပေးဝေနိုင်ရန်နှင့် ရေအား လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ် ထုတ်ယူရရှိနိုင်ရန် ဖြစ်သည်။

အဆိုပါ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၂၀၀၃ -၂၀၀၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက် တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ၁၃၆၆၀ ပေ၊ အမြင့် ၁၆၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၅၂၀၀၀ ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၈၀၀၀ ဧကပေနှင့် ကန်ရေပြည့် ရေပြင်ဧရိယာမှာ ၉၈၀ ဧက ဖြစ်ပြီး ပင်မတမံအလျား ၄၇၄၅ပေ၊ ကုန်းကျောတမံ သုံးခုတို့၏ အလျားမှာ ၈၉၁၅ ပေရှိသည်။

ရာဇဂြိုဟ်ရေလှောင်တမံ၏ အမြင့်ကို ၁၀ ပေတိုးမြှင့်ခဲ့ခြင်းနှင့် ရေပိုလွှဲတွင် ငါးပေ Shutter တပ်ဆင်ခြင်းဖြင့် ရေလှောင်ပမာဏ ၅၂၀၀၀ ဧကပေအထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်၍ တိုးချဲ့လယ်မြေဧက ၂၀၀၀ အပါအဝင် စုစုပေါင်းလယ်မြေဧရိယာ ၈၅၀၀ ဧကခန့်အထိ ရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်ပြီး အဆိုပါရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာဒေသများ၏ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အလွန်အရေးကြီးသော လယ်ယာမြေ စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ကလေးမြို့အတွက်လည်း လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီး၏ ခန့်မှန်းခြေကုန်ကျမည့်ငွေမှာ ကျပ်သန်းပေါင်း ၅၄၂၄၄ သန်း ကုန်ကျမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် ကလေးမြို့နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်တောင့်တလျက်ရှိကြပြီး ဆည်ရေသောက်တူးမြောင်းမကြီး အရှည် ကိုးမိုင်နှင့် လက်တံမြောင်းများ အရှည် ၈ ဒသမ ၂၅ မိုင် ဖောက်လုပ်ဆောင်ရွက်မှုများကိုလည်း ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဂျိုးနက်

နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာများ ၂၄နာရီ လျှပ်စစ်မီးရရှိပြီ

နွားထိုးကြီး ဧပြီ ၈

နွားထိုးကြီးမြို့နယ် ကျေးရွာများ လျှပ်စစ်မီးလင်းရေး စီမံချက်အရ ပဲချက်အရှေ့ရွာ၊ ပဲချက်အနောက်ရွာ၊ မြဝတီရွာနှင့် ကျွန်းလှိုင်ရွာ လေးရွာအား နယ်မြေခံပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်းအောင်၏ စီစဉ်ဆောင်ရွက်ပေးခြင်းကြောင့် မတ် ၃၁ ရက်က ၂၄ နာရီ လျှပ်စစ်မီးလင်းပြီ ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲထက်ဟိန်းကပြောသည်။ မြို့သာ၊ နွားထိုးကြီးလျှပ်စစ်မီးလိုင်းကြောင့် နွားထိုးကြီးမြို့နယ်တွင် ၂၂ ရွာ မီးလင်းမည်ဖြစ်ရာ ယခုအထိ ကျေးရွာငါးရွာ ၂၄ နာရီ လျှပ်စစ်မီး လင်းပြီဖြစ်ကြောင်းဦးရဲထက်ဟိန်းက ဆက်လက်ပြောပြသည်။

ဆက်လက်၍ နွားထိုးကြီးမြို့နယ်တွင် ဝက်လူးအနောက်ရွာ၊ ဝက်လူးအလယ်ရွာ၊ ဝက်လူးအရှေ့ရွာ၊ ချစ်တီးရွာ၊ တန်းကွတောင်ရွာ၊ တက်စီရွာ၊ ထနောင်းပင်လဲရွာများကို ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါကျေးရွာလေးရွာ လျှပ်စစ်မီတာ ၅၀စီဖြင့် လမ်းမီး၊ အိမ်မီးရရှိပြီ ဖြစ်သည်။ **ခင်ဇာမွန်မြင့်**

နိုင်ငံတကာစံညွှန်းမီ စပါးမျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး သထုံမြို့နယ်ရှိ တောင်သူများအား အသိပညာဖြန့်ဝေပေး

သထုံ ဧပြီ ၈

မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းခွဲ (မွန်ပြည်နယ်)မှ ဒေသခံတောင်သူများအတွက် နိုင်ငံတကာစံချိန်စံညွှန်းမီ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်စေရန် စီစဉ်ကျင်းပသည့် စပါးမျိုးသန့်၊ မျိုးစေ့စိုက်ပျိုးထုတ်လုပ်မှု ဆွေးနွေးပွဲကို ဧပြီလ ၆ ရက်က သထုံမြို့နယ် တောင်စွန်းကျေးရွာ ကွင်းအမှတ် ၆၉၀ ရှိ ရွှေဦးဝေကုမ္ပဏီလီမိတက်၏ အဆင့်မြင့်ဒေသစပါး မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်း၌ကျင်းပရာ မွန်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းခွဲ (မွန်ပြည်နယ်) ဥက္ကဋ္ဌဦးခိုင်ဦးက ဆွေးနွေးပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

အသင်း၏ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် ဦးခင်စိုး၊ ဒေါက်တာ မင်းအောင်နှင့် ဦးဘဟိန်းတို့က မြန်မာနိုင်ငံအတွင်း စိုက်ပျိုးလျက်ရှိသော စပါးမျိုးများအကြောင်း၊ စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်မှုနှင့် ဆန်စပါးအထွက်တိုးရေး နည်းပညာများကို တောင်သူများအတွက် ဆွေးနွေးဟောပြောရာ တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရေးမြို့နယ်အတွင်းရှိ တိုးချဲ့ရပ်ကွက်များအတွင်း ယာဉ်အန္တရာယ် မကြုံတွေ့စေရေး ဖြေရှင်းပေးစေရန် ဒေသခံများလိုလား

ရေး ဧပြီ ၈

မွန်ပြည်နယ် ရေးမြို့ ပင်လုံလမ်းမှ တိုးချဲ့ ကွက်သစ်လမ်းတစ်လျှောက်တွင် နေ့စဉ်ရောင်းချနေသော ကုန်စိမ်းဆိုင်များနှင့် ဈေးရောင်းဈေးဝယ်များ၊ ယာဉ်များမှာရှုပ်ထွေးပြီး အန္တရာယ်များနှင့် နေ့စဉ်ကြုံတွေ့လျက်ရှိသည်။ ပတ်ဝန်းကျင် အနီးအနားများမှလာသော ယာဉ်များမှာ လမ်းမပေါ်တွင် စည်းကမ်းမဲ့ရပ်နားခြင်း၊ ဈေးဝယ်ခြင်း၊ ကုန်တင်ကုန်ချများ ပြုလုပ်ခြင်းနှင့် ဆိုင်ကယ်ကယ်ရီများမှာလည်း လမ်းပေါ်တွင် စည်းကမ်းမဲ့စွာ ရပ်နားထားသောကြောင့် သွားလာလှုပ်ရှားနေသော အများပြည်သူများမှာ နေ့စဉ်နှင့်အမျှ ယာဉ်အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် လမ်းမပေါ်တွင် စည်းကမ်းမဲ့စွာ ရပ်နားထားသော ယာဉ်များနှင့် ဈေးဆိုင်များမှ အမိုးအကာအခင်းအကျင်းများကို ဒေသခံများက စည်းကမ်းရှိစွာ စနစ်တကျဖြစ်ကြစေရန် လိုလားကြကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

သံလမ်းပေါ်အိပ်၍ ရထားကြိတ်ခံရသူ အမျိုးသမီး မီးရထားဥပဒေအရ တရားစွဲဆိုခံရမည်

ရန်ကုန် ဧပြီ ၈

ဧပြီ ၄ ရက် ည ၁၀ နာရီက ဖူးကြီး၊ ဝါးနက်ချောင်း ရထားလမ်း မိုင်တိုင်အမှတ် (၃၅/၃)နှင့် (၃၅/၄)အကြားတွင် ရထားသံလမ်းပေါ် အိပ်နေသောအမျိုးသမီးတစ်ဦးအားရန်ကုန်မှ ပုဂံသို့မောင်းနှင်လာသည့် အမှတ်(၆၁) အဆန်ရထား ကြိတ်မိသဖြင့် ခြေနှင့်လက်များ ပြတ်တောက်ခဲ့ရသည်။ ထိုကဲ့သို့ ရထားလမ်းပေါ်တွင် အိပ်နေခဲ့သူ အမျိုးသမီးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မီးရထားဥပဒေဖြင့် အရေးယူသွားရန်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရှိရသည်။

သွန်းဝသန်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး
ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်
ဆရာကန်တော့ပွဲဖိတ်ကြားလွှာ

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး 1 st Batch မှ 10 th Batch အထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာ ဆရာမများနှင့်တကွ ကျောင်းသား ကျောင်းသူများ ကြွရောက်ပါဝင်ဆင်နွှဲကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁-၅-၂၀၁၄ ရက် (ကြာသပတေးနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊မန္တလေး
ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ

1 st Batch	ဒေါက်တာ ဝေထွန်း	ဖုန်း-၀၉-၄၅၀၀၆၁၈၉၈
2 nd Batch	ဒေါက်တာ ချမ်းငြိမ်း	ဖုန်း-၀၉-၂၀၂၇၀၇၅
3 rd Batch	ဒေါက်တာ စိုးထွန်းနိုင်	ဖုန်း-၀၉-၂၀၃၃၇၉၂
4 th Batch	ဒေါက်တာ အိကေခိုင်	ဖုန်း-၀၉-၂၁၆၅၉၃၇
5 th Batch	ဒေါက်တာ ကျော်နေဇာသင်း	ဖုန်း-၀၉-၄၂၁၇၂၃၀၁၀
6 th Batch	ဒေါက်တာ ပြည့်စုံဟိန်း	ဖုန်း-၀၉-၄၉၂၅၃၅၉၂
7 th Batch	ဒေါက်တာ နှင်းနုဦး	ဖုန်း-၀၉-၅၂၈၁၁၄၁
8 th Batch	ဒေါက်တာ ဖြိုးကိုကို	ဖုန်း-၀၉-၂၀၂၅၃၈၄
9 th Batch	ဒေါက်တာ ပိုင်ဆက်	ဖုန်း-၀၉-၅၀၄၄၂၈၀
10 th Batch	ဒေါက်တာ ပိုင်ခန့်	ဖုန်း-၀၉-၂၀၅၈၆၃၈

OTS-57 (၃၄)နှစ်ပြည့်
နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲ

OTS-57 ၏ (၃၄)နှစ်ပြည့် နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲကို ၁၉-၄-၂၀၁၄ ရက် စနေနေ့ ညနေ ၁၉း၀၀နာရီတွင် မန္တလေးကန်တော်ကြီး၊ ကုက္ကိုရိပ်စားတော်ဆက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့်မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့် မိသားစုဝင်များ စုံညီစွာ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ရန်ကုန်ပွဲအတွက် ခင်မောင်သန်း(ကမ္ဘာအေး) ဖုန်း-၀၁-၆၆၆၈၇၉၊ ၀၉-၄၇၂၁၉၉၆၀ နှင့် မန္တလေးပွဲအတွက် နေဝင်း ဖုန်း-၀၂-၇၅၁၄၃၊ ၀၉-၂၅၆၃၅၃၈၀၁တို့နှင့် ဆက်သွယ်ကြပါရန် အသိပေးပါသည်။

OTS-57 မှ သူငယ်ချင်းများ

ရောင်းမည်/ကားနှင့် လဲမည်
DOZER
KOMATSU - D - 60- 3 (၁)စီး
KOMATSU - D - 40 (၁)စီး
၃က/ခြောက်ဘီး DUNP (၁)စီး
ဖုန်း-၀၉-၄၄၄၀၄၁၈၈၄

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၆ဒီ၂၊ မြေကွက်အမှတ်V ၁၅၆၊ မြေကွက်တည်နေရာအမှတ် ၇၆၊ ပွဲစားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးသာအောင်နှင့် ဒေါ်မမလေး အမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးသာအောင်နှင့် ဒေါ်မမလေး သမီးဒေါ်မညွန့်နှင့် ခင်ပွန်းဦးအောင်ထွန်းစိန်၊ သား ဦးမောင်မောင်မြင့်နှင့် ဇနီးဒေါ်ဖွားကြည်၊ သမီးဒေါ်လှမြင့်နှင့် ခင်ပွန်းဦးသန်းလေးစိန်တို့ကွယ်လွန်သဖြင့် (၁)ဦးမောင်မောင်ဆင့် ၁၂/အလန(နိုင်)၀၂၇၈၁၈၊ (၂)ဒေါ်သိန်းသိန်းဝင်း ၁၂/ကမတ(နိုင်)၀၁၈၇၇၁၊ (၃)ဒေါ်မြင့်မြင့်သန်း ၁၂/ကမတ(နိုင်)၀၁၈၇၇၂၊ (၄)ဒေါ်ချိုချိုမြင့် ၁၂/ကမတ(နိုင်)၀၁၈၇၇၃၊ (၅)ဦးအောင်ကြွယ် ၁၂/ကမတ(နိုင်)၀၁၈၇၇၄၊ (၆)ဒေါ်မြင့်မြင့်ကြည် ၁၂/စခန(နိုင်)၀၄၅၉၆၂၊ (၇)ဒေါ်ဝေဝေမြင့် ၁၂/မရက(နိုင်)၀၇၈၆၃၀၊ (၈)ဦးမိုးညွန့်အောင် ၁၂/လမတ(နိုင်)၀၀၃၉၅၈၊ (၉)ဒေါ်မြစန္ဒာအောင် ၁၂/လမတ(နိုင်)၀၀၃၈၂၂တို့က သားနှင့်မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပြောင်းလဲခေါ်ပါရန်

အလက(၇)၊ မ/ဥ ဦးအောင်ငွေး၏ သား VIII(A) မောင်ဖြိုးဇင်အောင် ၁၂/ဥကမ(နိုင်)၂၃၄၆၁၅ အား မောင်ဖြိုးခန့်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၃-၄-၂၀၁၄ ရက်ထုတ် ဤသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၅)ပါ ဖောင်းကြွနံပါတ်ပြားပျောက် ကြော်ငြာတွင် ၇င/၆၅၄၉ အစား ၂ဂ/၆၅၄၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်ကြေညာခြင်း

ဖန်းမော်မြို့ ရိုးကြီးကျေးရွာနေ ဦးခင်မောင်ရင် ၁/ဗမန(နိုင်)၀၀၂၆၁၈ပိုင်ဆိုင်သောမြေကွက် အလျား၃၈ပေ၊ အနံပေ ၁၅၀ ရှိမြေကို ဒေါ်ခင်အုန်းမြင့်၁/ဗမန(နိုင်)၀၂၇၅၆၄ထံ ရောင်းချခဲ့သောစာချုပ်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကျော်ခိုင်ဝင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
